www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ပညာဒီပ
မရဏဝက်ပါ/ပညာဒီပ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၁၅၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ပညာဒီပ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

## မောင်သုတဝိညာဉ်ဘယ်မှာပဲ

ဒေါက်တာမင်းထင်ကျော် စိတ်အာရုံမှာ ဝေ့ဝါးလျက် ရှိနေသည်။ သူ့ရှေ့၌ ရှိနေသော အရာဝတ္ထုများမှာလည်း မီးခိုးငွေ့များကဲ့သို့ ဝေ့ဝါးလျက်ရှိနေသည်။

စောစောက ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်နေသည့်သူဌေးကြီး၏ပုံရိပ်မှာလည်း မီးခိုးငွေ့များကဲ့သို့ အခန်းထဲ၌ ဝေ့ဝဲသုပ်ရှားနေ၏။

ထို့နောက်. . .



www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခုလုံး မှောင်အတိကျသွားကာ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ သူ့တစ်ကိုယ်လုံးမှာလည်း အိပ်ပျော်သကဲ့သို့ ဖြစ်သွားကာ အရာအားလုံးကို မေ့မြောသွားလေသည်။

ထိုအခိုက်မှာပင် သူ့အာရုံထဲ၌ ပုံရိပ်အချို့ ပေါ်လာတော့သည်။ ထိုပုံရိပ်များမှာ အလင်းရောင် ဖျောက်ထားသော ဇာတ်ရုံတစ်ခုထဲ၌ ရုပ်ရှင်ပြနေသကဲ့သို့ ပုံရိပ်များက တစ်ခုပြီးတစ်ခု တစ်နေရာပြီးတစ်နေရာ ပေါ်လာခြင်းဖြစ်သည်။

BURMESE CLASSIC

ပထမဦးစွာ မြေတူးနေပြီး အုတ်ချပ်ကြီးများ ပြုလုပ်နေကြသည့်လူများ၏ပုံရိပ်တို့ကို မြင်ရသည်။ မီးတောက်မီးလျှံကြီးများက တဟုန်းဟုန်း တောက်လောင်လျက်ရှိသည်။ ခဏကြာတော့ လူကြီးတစ်ယောက်က အလုပ်သမားများကို တစ်ယောက်ပြီးတစ်ယောက် မီးပုံထဲသို့ ပစ်ချကာ သတ်ပစ်နေလေသည်။

နောက်ဆုံး အဆောက်အဦးကြီးတစ်လုံးနှင့် ဘုရားကြီးတစ်ဆူ ပြီးသောအခါ ထိုအလုပ်သမားများကို မြေအောက်အခန်းတစ်ခုအတွင်းသို့ ခေါ်သွားပြီးနောက် ပိတ်လှောင်ကာ သတ်ပစ်လိုက်လေတော့သည်။

ဒေါက်တာမင်းထင်ကျော်၏ မြင်ကွင်းထဲ၌ ဘောဂဗလစံအိမ်ကြီး၏မြေအောက်အခန်းထဲတွင် ရှိနေကြသည့် ကြောက်မက်ဖွယ်ကောင်းလှသော ဝိညာဉ်တို့၏ပုံရိပ်များကို မြင်နေရလေသည်။

ထို့နောက်. . .

လူရွယ်တစ်ယောက်၏ပုံရိပ်သဏ္ဍာန်ကို တွေ့ရပြန်သည်။ ထိုလူရွယ်က ဘောဂဗလ စံအိမ်ကြီး၏နေရာအနီးအပြား၌ စက်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးယန္တရားများ လိုက်လံတပ်ဆင်လျက် ရှိနေလေသည်။ နောက်မြင်ကွင်းတစ်ခုကတော့ ကိုင်းတောကြီးတစ်ခုအတွင်းမှ မြင်ကွင်းဖြစ်သည်။

ကိုင်းတောကြီးထဲတွင် လူတစ်စုကို အခြားလူတစ်စုက ဓါးသုံး လက်နက်များဖြင့် ရက်ရက်စက်စက် ခုတ်ထစ်ထိုးသတ်နေသည့်ပုံရိပ်များ ဖြစ်ပေသည်။ ထိုသေဆုံးသွားကြသည့် လူများသည် ကိုင်းတောကြီးထဲ၌ပင် ဝိညာဉ်ဘဝနှင့် ရှိနေကြကာ ကိုင်းတောကြီးထဲသို့ ရောက်လာသူ မှန်သမျှကို ဖမ်းဆီးသတ်ဖြတ်လျက် ရှိနေသည်ကိုလည်း တွေ့ရပြန်၏။

BURMESE CLASSIC

"အင်း. . . ကြောက်စရာကောင်းသလို အတော်လည်း ရက်စက်ကြပါလား"

ဟု စိတ်ထဲမှ တွေးလိုက်မိသည်။

နောက်ပိုင်းမြင်ကွင်းအချို့ကတော့ စောစောက မြင်ခဲ့ရသည့်လူရွယ်သည် အိမ်တစ်အိမ်လုံးတွင် စက်ကြိုးယန္တရားများကို လိုက်လံတပ်ဆင်ထားနေလေသည်။ ထိုအချိန်တွင် ဘောဂဗလ သူဌေးကြီးအသံက တိုးတိုးလေး ပေါ်ထွက်လာသည်။

"ဒီစံအိမ်ကြီးတွင် လူတွေရဲ့အသက်ကို သတ်ဖြတ်နိုင်သော စက်ကြိုးယန္တရားပေါင်း မြောက်မြားစွာ တပ်ဆင်ထားခဲ့ပေသည်၊ ထိုလျှို့ဝှက်ချက်များကို မသိပါက အသက်အန္တရာယ် ဆုံးရှုံးရပေလိမ့်မည်၊

စက်ယန္တရားများကို ကြည့်လော့"

ဟု အသံပျောက်သွားသည်နှင့် ဘောဂဗလစံအိမ်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းက ပြန်ပေါ်လာသည်။

လျှို့ဝှက်စွာ တပ်ဆင်ထားသော စက်ယန္တရားများက တစ်အိမ်လုံး အနှံ့အပြား၌ ရှိနေလေသည်။

အချို့တံခါးပေါက်များမှာ၊ အချို့လှေခါးမှာ၊ အချို့က ကြမ်းပြင်ပေါ်မှာ၊ အချို့က အခန်းများထဲမှာ၊ အချို့ကတော့ မြေတိုက်အခန်းများထဲ၌ ရှိသည်။

ထို့ပြင် . . .

လူကဲ့သို့ သွားလာလှုပ်ရှားနေသည့် ယန္တရားစက်ရုပ်များလည်း ရှိလေသည်။

သို့စေကာမူ ထိုစက်ရုပ်များမှာ ပြဒါးများ သုတ်လိမ်းစီရင်ထားသောကြောင့် သာမန်မျက်စိဖြင့် မမြင်တွေ့နိုင်ပေ။

"ကျုပ် သိုဝှက်ထားသည့် ရတနာပစ္စည်းများကို ကြည့်ပေဦးတော့"

ဟု အသံကြားရပြီး နောက်ထပ်မြင်ကွင်းတစ်ခုက ပေါ်လာပြန်သည်။ ထိုမြင်ကွင်းကတော့ မြေအောက်တိုက်ခန်းကြီးတစ်ခုဖြစ်ပြီး အတွင်း၌ ယန္တရားရုပ်များ ရှိသည်။

ထို့ပြင် တံခါးဖွင့်လိုက်တာနှင့် ထွက်လာမည့် ထောင်ချောက်များအပြင် အတွင်းသို့ လူရောက်ပြီးကာမှ တံခါးချပ်များက အလုံပိတ်သွားပြီး အဆိပ်ငွေ့များ ထွက်လာမည့် အန္တရာယ်တို့ကိုလည်း တွေ့ရသည်။

"ဒီအန္တရာယ်တွေရဲ့လျှို့ဝှက်ချက်တွေကို မသိဘဲ ဒီအခန်းထဲဝင်မိတဲ့သူဟာ ဘယ်လိုနည်းနဲ့မှ အသက်ရှင်ရက်နဲ့ ပြန်မထွက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အခန်းထဲ၌ သိုဝှက်ထားသည့် ကျွန်ုပ်ပိုင်ဆိုင်သည့် ရတနာပစ္စည်းများကို ကြည့်ပေလော့”

ဟု ပြသဖြင့် ကြည့်လိုက်သောအခါ ကြေးသေတ္တာ၊ သံသေတ္တာများဖြင့် ထည့်ထားသော ရတနာမျိုးစုံတို့ကို တွေ့ရလေသည်။ ရွှေမန်ကျည်းတောင့်များ၊ ရွှေတုံးရွှေခဲ၊ ငွေတုံးငွေခဲများ၊ ငွေတွဲများ အစရှိသည့် အဖိုးတန် ကျောက်မျက်ရတနာများ၊

ထို့ပြင် လူတို့ အသုံးအဆောင်ဖြစ်သည့် လက်ဝတ်ရတနာမျိုးစုံများ၊ ရွှေဖြင့် ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများအပြင် သံမဏိရောင် တောက်ပနေသည့် သေတ္တာတစ်လုံးကိုလည်း တွေ့ရသည်။ ထိုသေတ္တာကတော့ အဖုံးပိတ် လျက်သား ရှိနေသည်။

“ဒီသေတ္တာထဲမှာ မယ်နုရဲ့ငယ်ကျွန်တော် လေးယောက်ကို သူနဲ့နန်းစဉ်ရတနာတွေကို ဝှက်ခိုင်းတဲ့အခါ ရေကန်ကြီးသုံးကန်ရဲ့ အလယ် ရေကန်ထဲကို ပစ်ချပြီး ဝှက်ထားခဲ့တဲ့ ရတနာတွေ ရှိတယ်”

“ဒီနေရာကို ဘယ်လိုရောက်နေတာလဲ”

“သိုက်ပြောင်းထားတာပါ”

“သိုက်ပြောင်းတယ်ဆိုတာ ဘယ်လိုလဲ”

“ဟိုနေရာမှာက တန်ခိုးပါဝါ ရှိတဲ့ သိုက်စောင့်မရှိဘူး၊ အသတ်ခံရတဲ့ ငယ်ကျွန်လေးယောက်က သရဲဖြစ်ပြီး စောင့်နေကြတာပဲ ရှိတယ်၊ တစ်နေ့ကျရင် သူတို့ကို နိုင်တဲ့ဆရာ ပေါ်လာရင် နန်းစဉ်ရတနာတွေ ပါမှာစိုးလို့ နေရာကို ရွှေ့ပြောင်းထားတာပါ”

ကြည့်လိုက်တော့ သေတ္တာအဖုံးက ပိတ်လျက်သားပေမို့

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ ပစ္စည်းများကို မမြင်ရပေ။ သို့ကြောင့် အဖုံးဖွင့်ကြည့်ရန် စိတ်ကူးလိုက်သည်နှင့် သူဌေးကြီး၏အသံက ပေါ်လာသည်။

"အရမ်းမဖွင့်နဲ့. . . သင်ဖွင့်လိုက်တာနဲ့ အထဲမှာ ရန်ပြုမယ့် အန္တရာယ် ရှိတယ်. . . ကြည့်လော့"

ဟု ပြောကာ သေတ္တာအဖုံး၌ ရှိသော ခလုတ်သုံးခု ရှိသည့် အနက် အစွန်ဘက် ခလုတ်ကို နှိပ်လိုက်ရာ အတွင်းမှ ဓါးကိုင်ထားသော ပုံရိပ်တစ်ခုက အပြင်သို့ ဖျပ်ကနဲ ခုန်ထွက်လာကာ သူဌေးကြီးအား ခုတ်ပိုင်းချပြီး အတွင်းသို့ ပြန်ခုန်ဝင်သွားလေသည်။ ထိုပုံရိပ် အတွင်းသို့ ပြန်ရောက်သွားသည်နှင့် သေတ္တာအဖုံးက သူ့အလိုလို ပြန်ပိတ်သွားတော့သည်။ ထို့နောက် အခြားအစွန်ဘက်ရှိ ခလုတ်ကို ဖွင့်လိုက်ပြန်ရာ ပြာနှမ်းနေသည့် အဆိပ်ငွေ့များက တံခါးခလုတ် ဖွင့်သူကို ပက်ဖြန်းလိုက်သည်။

"ဒီအဆိပ်ငွေ့ထိလိုက်တာနဲ့ စက္ကန့်ပိုင်းအတွင်း အသက် ပျောက်သွားမှာပဲ"

သူဌေးကြီး၏ပုံရိပ်ကတော့ စောစောက ဓားချက်ထိတာရော အဆိပ်ငွေ့များနှင့် ထိသည်ကိုပါ ဘာမှ မထူးခြားဘဲ ရပ်မြဲရပ်နေလေသည်။ ထို့နောက်. . .

အလယ်ခလုတ်ကို နှိပ်လိုက်သောအခါမှ သေတ္တာအဖုံးက အန္တရာယ်ကင်းစွာနှင့် ပွင့်သွားလေတော့သည်။ ထိုအဖုံးပွင့်သွားသည်နှင့် နန်းစဉ်ရတနာများကို တွေ့ရသည်။ မြခရေသီး စည်ဆွဲ၊ ပတ္တမြား ရင်လွှမ်းတန်ဆာ၊ နဝရတ် လက်ကျပ်၊ ပတ္တမြား ဆံထိုး၊ ပတ္တမြားလက်ဝတ်တော် အစရှိသောပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်ရွှေသားအစစ်ဖြင့် ပြုလုပ်ထားသော နန်းတွင်းအသုံး အဆောင်ပစ္စည်းများကို တွေ့ရလေသည်။

"ဒါတွေက နန်းမတော်မယ်နု အသတ်မခံရခင်မှာ ရွှေဘို မင်းက ပစ္စည်းတွေ လာမသိမ်းခင် ပျောက်ဆုံးသွားတဲ့ နန်းဝင်ရတနာ တွေ မဟုတ်လား"

"ဟုတ်တယ်လေ. . . ဒီပစ္စည်းတွေကို ရေကန်ကြီးထဲမှာ မြှုပ်ခဲ့တဲ့ လေးယောက်က သရဲဘဝ ရောက်နေကြတော့ သူတို့အနေ နဲ့ ဘယ်လိုမှ မစောင့်ရှောက်နိုင်ဘူး၊ ဒါကြောင့် အဲဒီနေရာကနေ ဒီကို ရွှေ့တင်ခဲ့တာပဲ"

ဟု ပြောပြသည်။

"ဒါတွေက နန်းမတော်မယ်နုရဲ့နန်းစဉ်ရတနာတွေဆိုတော့ သူဌေးကြီးရဲ့ပစ္စည်းတွေက ဘယ်နေရာမှာလဲ"

"ဟိုဘက်မှာ ပုံထားတာတွေက ကျုပ်ပိုင်ဆိုင်တဲ့ပစ္စည်းတွေ ချည်းပါပဲ"

တွေ့ရသည့်ပစ္စည်းများက တောင်ပုံရာပုံပင်။ အပြင်ဘက်၌ ထားသော ရတနာပစ္စည်းများအပြင် သေတ္တာများဖြင့် ထည့်ထား သော ရွှေမန်ကျည်းတောင့်များ၊ ရွှေကို ဇီးဖြူသီးကဲ့သို့ လုံးထား သောအလုံးများ၊ ထိုရွှေလုံးများမှာ ဇီးသီးအလုံးအရွယ်ခန့်ရှိပြီး ကြိုး သီးရန် အပေါက်များလည်း ပါသည်။ အချို့ရွှေလုံးကလေးများကို ပုလဲကုံးသဖွယ် သီကုံးထားသည်လည်း တွေ့ရသည်။

အမှန်တော့ ရွှေလုံးများကို သီကုံးထားခြင်းမှာ ရှေးခေတ်လူ တို့ နော်ဇာကုံးသဖွယ် သီကုံးဝတ်ဆင်ကြသည့် ရတနာတန်ဆာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပင်ဖြစ်၏။ အခြားသေတ္တာများမှာတော့ အရောင်မျိုးစုံ တောက်ပလျက်ရှိသော စိန်၊ ပတ္တမြား၊ နီလာ၊ သန္တာ၊ ပုလဲ၊ မြ အစရှိသော ရတနာမျိုးစုံတို့ကို တွေ့ရသောအခါမှ ဘောဂဗေဒ သူဌေးကြီး၏ချမ်းသာကြွယ်ဝမှုကို မျက်ဝါးထင်ထင် တွေ့မြင်ရလေ တော့သည်။

"မောင်ရင်အနေနဲ့ ဒီရတနာတွေကို အလိုရှိတယ်ဆိုရင် သင့်သလောက် ယူဖို့ ကျုပ်အနေနဲ့ ခွင့်ပြုပါတယ်"

"ကျွန်တော် မယူပါဘူး"

"ဘာကြောင့်လဲကွယ့်. . . ဒီရတနာပစ္စည်းတွေက ကျုပ်ပိုင် ဆိုင်တဲ့ပစ္စည်းတွေပါ၊ ကျုပ်က သဘောတူလို့ ပေးရင် ယူလို့ရပါ တယ်၊ ဘယ်လိုအန္တရာယ်မှ မဖြစ်စေရပါဘူး"

"ကျွန်တော် ကြားဖူးတာကတော့ ဒီလိုဥစ္စာသိုက်တွေမှာ ရှိနေကြတဲ့ ရတနာတွေဟာ အရိမေတ္တေယျ မြတ်စွာဘုရား ပွင့် တော်မူတဲ့အခါ ကျောင်းတော်တွေ ဆောက်ဖို့၊ သာသနာပြုလုပ်ငန်း တွေမှာ အသုံးပြုဖို့အတွက် ထားတာလို့ မှတ်သားဖူးပါတယ်"

ထိုစကားကြားသောအခါ သူဌေးကြီးက. . .

"ကမ္ဘာမြေကြီးရဲ့မြေလွှာပြင်ရဲ့အောက်မှာ နစ်မြုပ်ပျောက် ကွယ်နေတဲ့ ဥစ္စာပစ္စည်းသိုက်တွေ အများကြီး ရှိပါတယ်၊ ကမ္ဘာမြေ ပြင်ရဲ့အနှံ့အပြားမှာ အများအပြား ရှိကြပါတယ်၊ တခြားမပြောနဲ့ ကျုပ်တို့ အင်းဝတကြောမှာတင် ဥစ္စာသိုက်တွေက လက်ညှိုးထိုးလို့ မလွဲအောင် ရှိကြပါတယ်၊ သိုက်ဆိုတဲ့စကားက အသိုက်အအုံ ဖွဲ့ တယ်ဆိုတဲ့ စကားအဓိပ္ပာယ်ပါပဲ၊ ရတနာပစ္စည်းတွေ စုဝေးပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



သိုက်သိုက်မြိုက်မြိုက် ရှိနေလို့ သိုက်လို့ ခေါ်တာပါ"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော် စိတ်ထဲ၌ ဗဟုသုတအဖြစ် မှတ်သားထားလေသည်။ သူဌေးကြီးက ဆက်ပြောသည်။

"ငှက်တွေမိသားစု နေတဲ့အရာကို ငှက်သိုက်လို့ ခေါ်သလို မြွေတွေမိသားစု နေတဲ့နေရာကိုလည်း မြွေသိုက်လို့ ခေါ်ကြသလို သူ့မိသားစုတွေ နေတဲ့နေရာကျပြန်တော့ အသိုက်အမြုံလို့ ခေါ်ကြတယ်၊ အဲဒီလိုပါပဲ ဥစ္စာရတနာတွေ စုနေတဲ့နေရာကို ဥစ္စာသိုက်လို့ အလွယ်ခေါ်ရာက 'သိုက်' ဆိုတဲ့စကားကို လူတွေ သတိထားလာမိဘာပါ"

"လူတွေက သိုက်ဆိုတာနဲ့ ပရလောကသားတွေ ရှိတဲ့ နေရာဆိုပြီး အလိုလို ကြောက်လန့်နေကြတယ်၊ နောက်ပြီး အဲဒီသိုက်တွေကို လူတွေက ဘာကြောင့် စိတ်ဝင်စားကြတာလဲ"

"လူတွေက သိုက်ကို စိတ်ဝင်စားတာ မဟုတ်ပါဘူး၊ သိုက်ထဲမှာ ရှိတဲ့ ဥစ္စာပစ္စည်းတွေကို စိတ်ဝင်စားကြတာပါ၊ တကယ်လို့ သိုက်ထဲမှာ ဥစ္စာပစ္စည်းတွေ မရှိဘူးဆိုရင် အသက်အန္တရာယ် အဖြစ်ခံပြီးတော့ ဘယ်သူကမှ စိတ်ဝင်စားကြမယ် မထင်ပါဘူး"

"ဒီလိုဆိုရင် ဥစ္စာရှိတဲ့သိုက်တွေထဲမှာ ကြောက်စရာကောင်းတဲ့ အစောင့်တွေ ရှိတာပဲလားဟင်"

"ဥစ္စာပစ္စည်းတွေ ရှိတဲ့နေရာတိုင်းမှာတော့ အစောင့်တွေ မရှိကြပါဘူး၊ မြေအောက်မှာ ရွှေကြောတွေ ရှိတယ်၊ သဘာဝအတိုင်း ဖြစ်နေတဲ့ ရတနာစိန်ကျောက်၊ ပတ္တမြားတွေ ရှိတယ်၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သူကမှ မစောင့်ပါဘူး၊ ကျုပ်တို့လို လူ့ဘဝက ကိုယ့်ရဲ့ဥစ္စာရတနာတွေကို သိုဝှက်မြှုပ်နှံခဲ့ပြီးတော့ သေလွန်တဲ့အခါမှာ စွဲလမ်းတဲ့စိတ်နဲ့ စောင့်ရတဲ့နေရာတွေမှာသာ အစောင့်တွေ ရှိတာပါ၊ ဒီပစ္စည်းတွေကတော့ ကျုပ်ရဲ့ကိုယ်ပိုင်ဥစ္စာပစ္စည်းတွေပါ၊ မောင်ရင် အလိုရှိတယ်ဆိုရင် ကျုပ်အနေနဲ့ သင့်သလောက် ခွင့်ပြုပေးပါ့မယ်"

"ကျွန်တော် သူဌေးကြီးရဲ့ရတနာပစ္စည်းတွေကို မယူလိုပါဘူး၊ ဒီကိုလာတဲ့ ရည်ရွယ်ချက်က ရှေးနှစ်ပေါင်းများစွာက ခေါ်မရောမတိုင်းသားတွေရဲ့ယန္တရားအတတ်ပညာတွေကို လေ့လာချင်လို့ လာခဲ့တာပါ"

ထိုစကားကြားသောအခါ သူဌေးကြီးထံမှ စကားသံများအတန်ကြာသည်အထိ မကြားရဘဲ တိတ်ဆိတ်သွားလေသည်။ အတော်ကြာမှ. . .

"ဒီကိစ္စကတော့ ကျုပ်အနေနဲ့ ဘယ်လိုမှ မတတ်နိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီမှာရှိတဲ့ စက်ယန္တရားတွေကို ပြုလုပ်သွားတဲ့သူဟာ မောင်သုတပဲ ဖြစ်ပါတယ်၊ သူထွက်သွားခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ၊ အခုအချိန်ထိ သူ့ရဲ့ဝိညာဉ်ကို ရှာမတွေ့ရသေးဘူး"

"ဟင်. . ."

"ဟုတ်တယ်. . . ကျုပ်ရဲ့အမှားကြောင့် သူ ကျုပ်တို့ဆီက ထွက်သွားတာ အတော်ကြာခဲ့ပြီ၊ ကျုပ်ရဲ့သမီးလေး မြနှင်းမြဆိုရင် သူ့ကို နေ့တိုင်း စောင့်မျှော်နေရှာတယ်"

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်၏စိတ်

www.burmeseclassic.com



ထဲတွင် နှစ်ပေါင်းများစွာက မဆုံစည်းခဲ့ကြရသည့် ချစ်သူနှစ်ဦး၏ တံကြမ္မာအတွက် စိတ်မကောင်း ဖြစ်မိလေသည်။

"မြန္မင်းဖြူရော ဒီအိမ်ကြီးမှာ ရှိပါသလား"

"ရှိပါတယ်ကွယ်. . . သူ ဆန္ဒရှိတယ်ဆိုရင်တော့ မောင်ရင် တစ်ချိန်ချိန်တော့ တွေ့ရမှာပေါ့။ မောင် သိချင်တဲ့ ယန္တရားပညာတွေ တတော့ မောင်သုတရဲ့ဝိညာဉ်ကို ပြန်တွေ့မှပဲ သိရတော့မှာပဲ၊ ကိုင်း မိုးလည်း လင်းကာနီးနေပြီ၊ မောင်ရင်လည်း ပြန်ပေဦးတော့"

ထိုစကားသံ ကြားရပြီးနောက် သူ့ဌေးကြီး ဘောဂဗလ၏ ပုံရိပ်မှာ တဖြည်းဖြည်းနှင့် ဝေ့ဝါးပျောက်ကွယ်သွားလေတော့သည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်လည်း အိပ်ပျော်ရာမှ လန့်နိုးလာသကဲ့သို့ဖြစ်ကာ ကြည့်လိုက်တော့ မူလ သူထိုင်နေသော ဘုရားခန်းထဲသို့ ပြန်ရောက်နေလေတော့သည်။

စိတ်ထဲမှာတော့ အိပ်မက်တစ်ခုကဲ့သို့ ဝေဝါးလျက်ရှိနေ သည်။



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂)

# ဂမ္ဘီရပညာဖြင့် စီရင်ထားသောမြေ

မနော်ရမ္မာရွာမှာ ဘောဂဗလစံအိမ်ကြီး ရှိရာ အရှေ့ဘက် တစ်မိုင်ကျော်ကျော်ခန့် ဝေးကွာသောနေရာ၌ ရှိသည်။ ၎င်းမှာ မြစ်ငယ်မြစ်နှင့်လည်း မဝေးလှချေ။ ရွာမှ လူများသည် ၎င်းတို့ အသုံးပြုသော ငှက်သမ္ဗန်များကို ဆိပ်ကမ်းသောင်ပြင်ပေါ်မှာ ဆွဲတင်ထားကြပြီး အသုံးပြုကာနီးမှ ရေထဲသို့ ဆွဲချကာ လှော်ခတ်သွားကြလေသည်။

ဆိပ်ကမ်းတဝိုက်မှာတော့ တဲအိမ်အချို့ ရှိသော်လည်း ရွာသို့ သွားရာ လမ်းတလျှောက်မှာတော့ လူပြတ်သည်။ ညနေပိုင်း အချိန်လောက်တွင် ဆိပ်ကမ်းသို့ ငှက်သမ္ဗန်တစ်စင်း ဆိုက်ကပ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ငှက်သမွန်ကို ဆိပ်ကမ်းဘောင်စပ်၌ ကြိုးချည်ထားခဲ့ပြီး အပေါ်သို့ ငှက်သမွန် ခတ်လာသူက တက်လာသည်။

"ဦးကြီးသာလှရေ. . . ဒီမှာ ငှက်သမွန် ပြန်ရောက်လာပြီ၊ ဆိပ်ကမ်းမှာ ကြိုးချည်ထားခဲ့ပြီနော်"

လှေပေါ်မှ တက်လာသူမှာ ယောကျ်ားကလေး တစ်ယောက် မဟုတ်ပေ။ မြသင်းကြူဆိုသော မိန်းကလေးပင် ဖြစ်၏။ သူမအသံကြားတော့ တဲတစ်လုံးအတွင်းမှ အသက်ငါးဆယ်ကျော် အရွယ်ခန့် လူကြီးတစ်ဦး ထွက်လာသည်။

"ပြန်လာပလား လုံမလေး"

"ပြန်လာပြီ ဦးကြီးသာလှရဲ့"

"ဒါထက် နေပါဦး၊ နင် ငါ့ဆီက ငှက်သမွန် ငှားငှားပြီးတော့ မြစ်ငယ်ဘက် ဘာသွားလုပ်နေတာလဲ"

"ကိစ္စရှိလို့ပေါ့ ဦးကြီးသာလှရဲ့"

"ဒါထက် နေ့လည်ကတောင် လူတစ်စု ဒီကို ရောက်လာကြသေးတယ်၊ အင်းဝဘက်ကလို့ ပြောကြတာပဲ၊ နင်တို့မြေးအဘိုးနဲ့ တွေ့ချင်လို့ စုံစမ်းပြီး လာကြတာလို့ ပြောတာပဲ"

"ဘယ်သူတွေများပါလိမ့်"

"ငါလည်း ဘယ်သိပါ့မလဲ၊ ဒါပေမယ့် နင် မိန်းကလေး တစ်ယောက်တည်း အရဲစွန့်ပြီး လျှောက်သွားမနေနဲ့၊ တော်ကြာ မသူတော်တွေနဲ့ တွေ့မှ ဒုက္ခများနေဦးမယ်"

"စိတ်မပူပါနဲ့ ဦးကြီးသာလှရဲ့၊ ဒီလမ်းတွေက ကျွန်မတစ်ယောက်တည်း သွားနေကျပါ၊ ဘယ်သူကမှ အန္တရာယ်မပေးကြပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဟဲ့. . . ခေတ်ကာလကြီးက သိပ်ကောင်းတာ မဟုတ်ဘူး ခိန်းကလေးရဲ့၊ လူတိုင်းကို စိတ်ချယုံကြည်လို့ ဘယ်ဖြစ်ပါ့မလဲ၊ ကဲ. . ကဲ. . အချိန်မရှိတော့ဘူး၊ ပြန်ပေဦးတော့"

ဟု ပြောသဖြင့် မြသင်းကြူက ဦးကြီးသာလှအား နှုတ်ဆက်ကာ ကမ်းစပ်မှ အပေါ်သို့ တက်လာသည်။ ကမ်းနဖူးဆိပ် တစ်လျှောက်တွင် လက်ပံပင်နှင့် ကုက္ကိုပင်ကြီးများ တန်းစီပေါက်နေသည်။

ထိုကမ်းနဖူးထိပ်မှ လှမ်းမျှော်ကြည့်လျှင် သူမတို့ နေထိုင်သော မနော်ရမ္မာရွာကို လှမ်းမြင်ရသည်။ သို့သော် အနည်းငယ် ခေတ္တ လှမ်းသေး၏။ ရွာနှင့် ကမ်းဆိပ်သို့ အဆင်းအတက်ပြုသော သမ်းမှာ သီးသန့်ဖောက်ထားသည့်လမ်းမျိုး မဟုတ်ပဲ ရေစည်လှည်း ဘိုက်သည့် လှည်းလမ်းကြောင်းသာ ရှိသည်။

လမ်းဘေးတစ်ဖက်တချက်၌ ကုက္ကိုပင်၊ ထိန်ပင်၊ လက်ပံပင် ကြီးများ စီတန်းပေါက်နေပြီး အချို့နေရာများ၌မူ ချုံပုတ်ငယ်များသာ ရှိသည်။ ခါတိုင်းတော့ ဒီလမ်းတလျှောက်မှာ ရေချိုးဆင်းသူ ရေခပ်ဆင်းကြသည့် လှည်းများ ပြတ်လှသည် မရှိသော်လည်း ဒီနေ့မှ ထူးထူးခြားခြား လူသွားလူလာ ပြတ်လျက်ရှိသည်။

သို့သော်လည်း မြသင်းကြူတစ်ယောက်ကတော့ ဒီလမ်းကို သွားနေကျမို့ ကြောက်ရွံ့မှု မရှိလှဘဲ တစ်ယောက်တည်း လျှောက်လာသည်။ လမ်းတဝက်လောက် ရောက်တော့ ကုက္ကိုပင်ရိပ်များကြောင့် အနည်းငယ် မှောင်စပျိုးလာချေသည်။ တစ်နေရာသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ လက်ပံကြီးနောက်မှ အသက်နှစ်ဆယ်ကျော် အရွယ် အမျိုးသမီးတစ်ဦး ထွက်လာလေသည်။

သူမသည် ဆံပင်ကို တစ်ပတ်လျှို ထုံးထားပြီး သနပ်ခါးခပ်ပါးပါး လိမ်းထားလေသည်။ ဖျဉ်ကြမ်းရင်စေ့အင်္ကျီနှင့် လုံချည်တို့ကို ရိုးရိုးယဉ်ယဉ် ဝတ်ဆင်ထားလေသည်။ ထိုအမျိုးသမီးကို မြင်တော့ မြသင်းကြူမှာ အနည်းငယ် အံ့ဩသွားလေသည်။ အဘယ်ကြောင့်ဆိုသော်. . .

ထိုအမျိုးသမီး၏မျက်နှာမှာ သူမမျက်နှာနှင့် တထေရာတည်းနီးပါး တူနေလေသည်။ သစ်ပင်နောက်မှ ထွက်လာသော အမျိုးသမီးက မြသင်းကြူအနီးသို့ လျှောက်လာကာ ပြုံးပြလေသည်။

"အစ်မက ဘယ်သူလဲဟင်"

"မမနာမည်က မြနှင်းဖြူလို့ ခေါ်တယ်"

"မြနှင်းဖြူ ဟုတ်လား၊ ကျွန်မ ဒီနာမည်ကို ကြားဖူးသလိုပဲ"

"ညီမလေးရဲ့အဘိုးဆီက ကြားဖူးတာ နေမှာပေါ့"

"မမက ကျွန်မအဘိုးကို သိလို့လားဟင်"

"သိတာပေါ့ကွယ်"

"မမက အဘိုးနဲ့ သိတယ်ဆိုတော့ ဘယ်ရွာမှာ နေတာလဲဟင်"

"ဘောဂဗလ စံအိမ်မှာ နေတယ်"

"ဟင်. . ."

ထိုစကားကြားသောအခါ မြသင်းကြူမှာ အနည်းငယ် အံ့

www.burmeseclassic.com

www.burmeseclassic.com



ဩစ္ ပြုလာလေသည်။ သူတို့တစ်ရွာလုံးသာမက တစ်နယ်လုံးက ဘောဂဗလ စံအိမ်ကြီးအကြောင်းကို အနည်းနှင့်အများဆိုသလို သိသူ မရှိကြပေ။

ဘောဂဗလ စံအိမ်ကြီးနှင့်အတူ အင်းဝခေတ်ကတည်းက နာမည်ကျော်ကြားခဲ့သော ဘောဂဗလ သူဌေးကြီးနှင့် သမီးဖြစ်သူ မြနှင်းဖြူတို့အကြောင်းကိုလည်း ကြားဖူးကြလေသည်။ မြသင်းကြူ ကို သူမ၏အဘိုးဖြစ်သူ ဦးသူတော်က ဘောဂဗလ စံအိမ်ကြီး အကြောင်းကို ပြောပြခဲ့ဖူးသည်။

"ဒါ. . ဒါထက်. . မမက ဘောဂဗလ သူဌေးကြီးရဲ့သမီး မြနှင်းဖြူ ဆိုတာလားဟင်"

"ဟုတ်ပါတယ်"

"ဟင်. . . ဒါဖြင့် မမက ဥစ္စာစောင့် မြနှင်းဖြူ ဆိုတာပေါ့ ဟုတ်လားဟင်"

အမျိုးသမီးက ပြုံး၍ ခေါင်းညိတ်ပြသည်။ သို့စေကာမူ မြသင်းကြူစိတ်ထဲမှာ ကြောက်ရွံ့စိတ် မဖြစ်မိဘဲ အစ်မရင်းချာတစ် ယောက်ကို ပြန်တွေ့ရသကဲ့သို့ ဝမ်းသာနေလေသည်။

"အခုလာတာ ဘာကိစ္စရှိလို့လဲဟင်"

"ငါ့ညီမကို ပြောစရာရှိလို့ကွယ့်"

"ဘာများလဲဟင်"

"တခြားတော့ မဟုတ်ပါဘူး၊ ငါ့ညီမ နေတဲ့ မနေ့ရွာ ရွာထဲမှာ လူစိမ်းတွေ ရောက်နေတယ်၊ အဲဒီလူတွေဟာ တခြား တော့ မဟုတ်ဘူး၊ ဘောဂဗလ စံအိမ်ထဲက ဥစ္စာရတနာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေယူဖို့ လာကြတဲ့သူတွေပဲ”

“အဲဒီတော့ ကျွန်မက ဘာလုပ်ပေးရမလဲဟင်”

“သူတို့တတွေ ငါ့ညီမ အဘိုးဆီကို လာကြလိမ့်မယ်၊ ဒီအခါမှာ အဘိုးကပါ ငါ့ညီမကပါ ဘောဂဗလစံအိမ်အကြောင်းကို လုံးဝ ပြောမပြဖို့ လာပြီးသတိပေးတာပါ”

“ကျွန်မကတော့ မပြောပါဘူး၊ အဘိုးကသာ. . .”

“ဒီအတွက် စိတ်မပူပါနဲ့၊ ငါ့ညီမရဲ့အဘိုးက ဘယ်တော့မှ ပြောမယ်မထင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ သူက မမဖေဖေနဲ့ အဆက်အသွယ် လုပ်လို့ရတယ်၊ တွေ့ခွင့်ရတဲ့ လူတစ်ယောက်ပါပဲ”

ဟု ပြောပြလေသည်။ ထိုစကားကြားသောအခါ တလော်က အဘိုးကက သူမကို ထူးထူးခြားခြား စေခိုင်းခဲ့သည်ကို ပြန်လည် သတိရမိလေတော့သည်။ ထိုမှာ. . .

“သမီး. . ဘိုးသာလှဆီက ငှက်သမ္မန်တစ်စင်း ခဏငှားပြီး အနောက်ဘက်ကမ်း လှေဆိပ်မှာ သွားစောင့်ချေ၊ လူတစ်ယောက် ဆင်းလာပြီး မနော်ရမ္မာ ဥယျာဉ်ဟောင်းနေရာကို သွားချင်တယ် ဆိုရင် လိုက်ပို့ပေးလိုက်”

ဟု မှာကြားလေသည်။

“ဘာဖြစ်လို့လဲဟင် အဘ”

“သူက ဘောဂဗလ စံအိမ်ကြီးရဲ့ဆိုးကျိုးဖြစ်အောင် လုပ်မယ့်သူ မဟုတ်ဘူး၊ ကောင်းကျိုးဖြစ်အောင် ဆောင်ရွက်ပေးမယ့်သူပဲ၊ ဒါကြောင့် သူ့ဌေးကြီးက သူ့ကို ဘောဂဗလ စံအိမ်ကြီးကို မရောက်ရောက်အောင် ပို့ပေးဖို့ အဘကို မှာထားတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြသဖြင့် အနောက်ဖက်ကမ်းမှ ဧည့်သည်တစ်ယောက်ကို ငှက်သမ္ဗန်ပေါ် တင်ခေါ်လာပြီး မနော်ရမ္မာဥယျာဉ်နေရာဟောင်း ရောက်အောင် ပို့ပေးခဲ့ရသည်။

"အဘိုးက မမတို့နဲ့ ဘယ်လိုအဆက်အသွယ် ရှိတာလဲဟင်"

"ငါ့ညီမရဲ့အဘိုး ဦးသူတော်ဆိုတာ တခြားမဟုတ်ဘူး၊ အရှင်ဘဝက မမတို့ရဲ့ဘကြီးတော်တဲ့ ဘိုးမိတ္တ ဝင်စားတဲ့သူပဲ"

ထိုအကြောင်းများကိုတော့ မြသင်းကြူအနေနှင့် ဘယ်လိုမှ ယုတ်လှမ်းမမီတော့သဖြင့် သိပ်စိတ်မဝင်စားတော့ပေ။

"အဲဒီ မမပြောတဲ့လူတွေနဲ့ တွေ့ရင် ကျွန်မက ဘယ်လိုပြောရမလဲဟင်"

"ငါ့ညီမအနေနဲ့ ဘာမှမသိဘူးလို့သာ ပြောရုံပါပဲ"

"အဲဒီလို ပြောလို့ သူတို့က ကျွန်မကို ရန်မူလာရင် ဘယ်လိုလုပ်ရမလဲဟင်"

"ဒီအတွက် ဘာမှစိတ်မပူပါနဲ့ သူတို့တတွေက အဲသည်လိုလုပ်လာရင် သူတို့ရဲ့စည်းကို သူတို့ ပြန်ဖောက်တာနဲ့ အတူတူပဲ၊ အဲဒီလို စည်းဖောက်တာနဲ့ မမတို့က သူတို့ကို ဆုံးမပေးလို့ရပြီ"

"ကောင်းပါပြီ. . . ကျွန်မ မမပြောတဲ့အတိုင်း လုပ်ပါ့မယ်"

"ကျေးဇူးပါပဲကွယ်"

"ဒါထက် မမနဲ့ နောက်တစ်ခါ တွေ့ချင်ရင် ဘယ်လိုလုပ်ရမလဲဟင်"

"ဒီအတွက် ဘာမှ စိတ်မပူနဲ့၊ ငါ့ညီမက တွေ့ချင်တဲ့ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ရှိရင် မမ လာတွေ့မှာပေါ့။ ကဲ. . ကဲ. . အချိန်တောင် အတော် နည်းနေပြီ၊ ငါ့ညီမ သွားပေဦးတော့၊ မမလည်း ပြန်တော့မယ်”

ဟု ပြောဆိုနှုတ်ဆက်ပြီးနောက် စောစောက ထွက်လာ သော လက်ပံပင်ကြီးနောက်သို့ ပြန်လည်ဝင်ရောက်ကာ ပျောက် ကွယ်သွားလေတော့သည်။ မြသင်းကြူလည်း ထိုနေရာမှ ခပ်သုတ် သုတ် ထွက်ခဲ့လေသည်။ ရွာသို့ ရောက်တော့ အနည်းငယ် မှောင်စ ပျိုးနေလေပြီ၊ အဘိုးဖြစ်သူ ဦးသူတော်က ရွာအဝင်လမ်းထိပ်မှ ထွက်ကာ စောင့်နေလေသည်။

“ငါ့မြေး နောက်ကျလို့ စိတ်ပူပြီး ထွက်စောင့်နေတာကွယ့်”

“ပြန်လာတာတော့ ခပ်စောစောပါပဲ၊ လမ်းမှာ မမတစ် ယောက်နဲ့ တွေ့လို့ ကြာသွားတာပါ အဘိုးရဲ့”

“ဘယ်သူလဲကွယ့်”

မြသင်းကြူက လမ်း၌ မြနှင်းဖြူနဲ့ တွေ့ပြီး မှာကြားလိုက် သောစကားများကို အဘိုးဖြစ်သူအား ပြန်ပြောပြလိုက်သည်။ ထို စကားကြားသောအခါ ဦးသူတော်က. . .

“သူပြောတာ အမှန်ပဲကွယ့်၊ ညနေပိုင်းလောက်က အဘိုး ဆီကို လူလေးယောက် ရောက်လာကြတယ်၊ သူတို့စကားအရက တော့ ဘလဲ့ဘအရပ်က အဘိုးမိတ်ဆွေ ဦးစာညဲက လွှတ်လိုက်လို့ လာကြတယ်လို့ ပြောတယ်၊ ဒါပေမယ့် သူတို့ကြည့်ရတာ သိပ်အတော် မလှပါဘူး”

ဟု လေသံတိုးတိုးဖြင့် ပြောပြသည်။

“အဘိုးကို ဘာတွေမေးသလဲဟင်”



www.burmeseclassic.com

www.burmeseclassic.com



"တခြားဟုတ်ပါရိုးလားကွယ်၊ ဘောဂဗလသိုက်အကြောင်း မေးကြတာပေါ့၊ အဘိုးကတော့ ဘာမှမသိပါဘူးလို့ ပြန်ပြောလိုက်တယ်၊ အဲဒါ သိပ်တော့ ကျေနပ်ကြဟန် မတူဘူး၊ အဲဒါ နောက်တစ်ခေါက် ထပ်လာကြဦးမယ်လို့ ပြောပြီး ပြန်သွားကြတယ်၊ ကြည့်ရတာ ရွာသဲက သူကြီးအိမ်မှာ တည်းနေကြတယ် ထင်ပါရဲ့"

"ဟိုမမက ပြောလိုက်တယ် အဘိုး၊ အဲဒီလူတွေက သိုက်ရှာတဲ့ဆရာတွေလို့ ပြောတယ်၊ အဘိုး မေးရင်လည်း ဘာမှမသိဘူးလို့သာ ပြောနော်၊ ကျွန်မ မေးရင်းလည်း ဒီအတိုင်းပဲ ပြောမှာပဲ"

ဟု ပြောဆိုတိုင်ပင်ကာ အိမ်သို့ ပြန်ခဲ့ကြလေသည်။ သူတို့မြေးအဖိုး အိမ်သို့ ပြန်ရောက်လာသောအချိန်မှာ အတော်ပင်မှောင်နေချေပြီ။

အိမ်အပေါ်သို့ တက်ရန် ဟန်ပြင်လိုက်သည်နှင့် အိမ်လှေခါးဆင့်အနီးတွင် မြွေဟောက်တစ်ကောင် ပါးပျဉ်းထောင်၍ရှိနေသည်ကို တွေ့ကြရသည်။

"အဘိုး. . . ဟိုမှာ မြွေကြီး"

ဦးသူတော်က ထိုမြွေကို ကြည့်ပြီး အဝေးသို့ သွားစေရန် ခြောက်လှန့်မောင်းနှင်ကြည့်သော်လည်း နေရာမပျက်ဘဲ ပါးပျဉ်းထောင်မြဲထောင်နေသည်ကို မြင်ရတော့မှ သဘောပေါက်သွားတော့သည်။

"အဘိုး. . . မြွေက နေရာက မသွားဘူး"

"ဘယ်သွားမလဲ မြေးရဲ့၊ ဒီမြွေက သာမန်ရိုးရိုးမြွေမှ မဟုတ်ဘဲကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘယ်လိုမြွေလဲဟင်"

"ဒါ ဂမ္ဘီရအတတ်နဲ့ စီရင်ထားတဲ့ မြွေပါ၊ ငါ့မြေးကို အဘိုး ပြပါ့မယ်"

ဟု ပြောကာ ဦးသူတော်က ရင်းအိတ်ထဲ၌ အမြဲဆောင်ထားလေ့ရှိသည့် ဂမုန်းနက်ဖြင့် ထုလုပ်ထားသည့် ပင့်ကူရုပ်ကလေးကို ထုတ်ယူပြီး ပါးပျဉ်းထောင်နေသော မြွေဟောက်၏ဦးခေါင်းပေါ်သို့ အုပ်ချလိုက်ရာ ပါးပျဉ်းထောင်နေသောမြွေက အောက်သို့ ဝပ်ကျသွားကာ မူလ ပကတိရုပ်သွင်အတိုင်း ပြန်ဖြစ်သွားလေတော့သည်။ ထိုအခါ ဦးသူတော်က ကောက်ယူပြီး မြသင်းကြူကို ပြသည်။

"ဒီမှာကြည့်"

"ဟင်. . . တကယ့်မြွေအစစ်လည်း မဟုတ်ပါလား"

"ဟုတ်တယ်. . . ဒါ ဂမ္ဘီရအတတ်နဲ့ စီရင်ထားတဲ့မြွေပဲ"

ဦးသူတော်လက်ထဲ၌ ကိုင်ထားသောမြွေမှာ အဝတ်စကို မြွေသဏ္ဌာန် ကျစ်ထားပြီး အရင်းဘက်၌ ဦးခေါင်းသဏ္ဌာန် ထုံးထားလေသည်။ ထိုအခိုက်မှာပင် ခြံဝမှ လူသုံးယောက် ဝင်လာကြသည်။ နှစ်ယောက်က ဘလဲ့ဘမှ ကိုထွန်းနှင့် ကျော်ကြီးတို့ ဖြစ်ကြပြီး ကျန်တစ်ယောက်ကတော့ အသက်ငါးဆယ်ကျော်အရွယ်ခန့် ရှိသော လူကြီးတစ်ယောက်ဖြစ်သည်။ ထိုလူကြီးမှာ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးအရှည်များ ရှိပြီး သျှောင်တစောင်း ထုံးထားလေသည်။ ပင်နီ တိုက်ပုံနှင့် ပုဆိုးကွက်တုံးကို ဝတ်ထားသည်။

"မိတ်ဆွေကြီးရဲ့ပညာကလည်း ဘယ်ဆိုးလို့လဲဗျ"

ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒါ ခင်ဗျားပစ္စည်းလား”

“ဟုတ်ပါတယ်ဗျာ. . . ကျုပ် ဆေးစီရင်နေရင်းနဲ့ ချ
အသက်ဝင်ပြီး ထွက်သွားလို့ လိုက်ရှာရင်း ဒီမှာ ပြန်တွေ့
ခင်ဗျားနဲ့ တွေ့လို့သာပဲဗျို့၊ တခြားရွာသားတစ်ယောက်ပေ
တွေ့ရင်တော့ အန္တရာယ်ဖြစ်မှာ သေချာတယ်၊ ခင်ဗျားရဲ့
ည်း မနိမ့်လှပေဘူးဗျို့”

ဟု ပြောကာ ဦးသူတော် လက်ထဲမှာ ကိုင်ထ
အတတ်စဖြင့် ပြုလုပ်ထားသော မြွေကို ပြန်တောင်းသဖြင့်
ဘော်က ပြန်ပေးလိုက်သည်။

“ဆေးစီရင်တယ်ဆိုရင်လည်း ကျကျနနဖြစ်အောင် စီရင်ပေါ့ဗျာ၊ အခုလို ပေါ့ပေါ့လျော့လျော့ ဖြစ်တော့ အခြားလူတွေအတွက် အန္တရာယ် မကင်းပေဘူးပေါ့”

ထိုစကားကြားသောအခါ ဆရာကြီးမှာ မျက်နှာတစ်ချက်ပျက်သွားလေသည်။ သို့သော် ဟန်မပျက်ဘဲ. . .

“ကောင်းပါပြီ. . . ကောင်းပါပြီ၊ နောက်မှပဲ တစ်ခေါက်လာပြီး မိတ်ဆွေကြီးနဲ့ ပညာချင်း ဖလှယ်ကြည့်ပါဦးမယ်”

ဟု ပြောဆိုကာ သုံးယောက်သား ပြန်သွားကြလေတော့သည်။ အပြင်ဘက်၌ အမှောင်ထုက စိုးမိုးနေချေပြီ၊ လူသုံးယောက်ပြန်သွားပြီး မကြာမီ ရွာထဲမှ ခွေးဟောင်သံများ ကြားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖြပ့်ါမယ

လေ့ရှိသ

ထုတ်ယူပြ

အုပ်ချလိုက်

သွားကာ

ထိုအခ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

# ဘူတကာဝိပဿနာ ဝိဇ္ဇာပညာ ဆိုသည်မှာ

ညအမှောင်ထုသည် မနော်ရမ္မာ ရွာကလေးပေါ်သို့ ဖုံးအုပ်နေလျက်ရှိနေသည်။ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိရာ တခါတရံ အဝေးဆီမှ အူလိုက်သော ခွေးဟောင်သံ ခွေးအူသံများ တိုသာ ကြားကြရသည်။ ရွာအစွန်ဘက်ရှိ ကုန်းထိပ်တစ်ခုပေါ်တွင် ခြံဝန်းကျယ်ကြီးတစ်ခြံ ရှိသည်။ ခြံဝန်းထဲတွင် မကျည်းပင်ကြီးများ အုပ်အုပ်ဆိုင်းဆိုင်း ရှိနေပြီး အလယ်လောက်တွင် နှစ်ဆောင်ဖြင့် ဆောက်ထားသော ရှေးအိမ်ကြီးတစ်လုံးရှိသည်။

ကျွန်း၊ ပျဉ်းကတိုး အစရှိသည့် သစ်ကောင်းများဖြင့် ခိုင်ခန့်



www.burmeseclassic.com

www.burmeseclassic.com



စွာ ဆောက်လုပ်ထားကာ ရေနံချေးများ ဝအောင်သုတ်ထားသော ကြောင့် မည်းမှောင်လျက်ရှိသည်။ ထိုအိမ်ကြီး၏ပိုင်ရှင်မှာ သူကြီး ဦးဘမှင်၏နေအိမ်ပင် ဖြစ်၏။

အိမ်ကြီး၏အရှေ့ကွက်လပ်ထဲမှာ မီးပုံကြီးတစ်ပုံ ဖိုထားပြီး ထိုမီးဖိုပေါ်မှာ အမဲခြောက်များကို အမြှောင်းလိုက် ပြုလုပ်ကာ ချိတ်ဆွဲထားသည်။ မီးပုံနှင့် မနီးမဝေးရှိ ကွပ်ပျစ်ပေါ်၌ လူလေး ယောက်တို့ ဝိုင်းဖွဲ့ထိုင်ကာ လက်ဖက်ရည်ကြမ်း သောက်ရင်း စကား ပြောနေကြသည်။ ၎င်းတို့မှာ ဆရာကြီးဦးဒီပ၊ ကိုထွန်း၊ ကျော်ကြီးနှင့် တပည့်ဖြစ်သူ သာရင်တို့ ဖြစ်ကြသည်။ ၎င်းတို့တတွေမှာ အင်းဝမှ ကူးလာစဉ်က ဘိုးတေဆိုသော တပည့်တစ်ယောက် ပါလာသဖြင့် ငါးယောက်ဖြစ်သော်လည်း ဘောဂဗလ စံအိမ်ကြီးသို့ သွားရောက် လေ့လာကြစဉ်မှာ အိမ်ကြီးအတွင်းမှ ယန္တရားထောင်ချောက်တစ်ခု မိသွားသောကြောင့် ဘိုးတေမှာ အိမ်ကြီးထဲမှာပင် သေဆုံးကျန်ခဲ့ လေသည်။

ကျန်လေးယောက်မှာလည်း ဘိုးတေ သေသည်ကို မြင် သောအခါ အလောင်းကိုပင် မယူဝံ့ကြတော့ဘဲ မနော်ရမ္မာရွာသို့ ပြေးလာခဲ့ကြသည်။ မနော်ရမ္မာရွာမှ သူကြီးဦးဘမှင်မှာ ကိုထွန်း၏ ဘကြီးတော်သဖြင့် အကျိုးအကြောင်း ပြောကာ ထိုအိမ်မှာပင် တည်းခိုနေထိုင်ကြရင်း ဘောဂဗလ စံအိမ်ကြီးသို့ နောက်တစ်ကြိမ် သွားရောက်ရန် ကြံစည်အားထုတ်လျက် ရှိနေကြသည်။

"ဘောဂဗလ စံအိမ်ကြီးထဲမှာ ယန္တရားထောင်ချောက်တွေ ရှိတယ်ဆိုတာတော့ ဆရာကြီး ဦးစာည် ပြောပြလို့ သိပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဘိုးတော်ရဲ့ကျောမှာ ဓားလုံတွေ စိုက်ပြီး သေသွားတာ မြင်တော့ ကြောက်လိုက်တာ ဆရာကြီးရယ်"

ဟု ကိုထွန်းက ပြောသည်။

"ဟုတ်ပါရဲ့. . . ဥစ္စာသိုက် အတော်များများမှာ သရဲတစ္ဆေတွေပဲ စောင့်ကြတယ်လို့ ကြားဖူးပါတယ်၊ ဒီလို စက်ယန္တရားတွေ ဒိတယ်လို့ တစ်ခါမှ မကြားမိပါဘူး၊ ဒီအတိုင်းဆိုရင် အတွင်းကို ၁င်ဖို့ လွယ်ပ့ါမလား ဆရာကြီး"

ကျော်ကြီးက မေးသည်။

"တစ္ဆေသရဲတွေ ဆိုရင်တော့ ဘာမှုစရာ ရှိမလဲကွယ်၊ ငါ့ရဲ့ ပညာစွမ်းနဲ့ ချက်ချင်းနှိမ်နင်းပစ်လိုက်မှာပေ့ါ၊ စက်ယန္တရားတွေကို ဖြေရှင်းဖို့အတွက်ကျတော့ တတ်ကျွမ်းတဲ့ ပညာရှင် ရှာရမယ်ကွ"

"ဘယ်လိုရှာမလဲ ဆရာကြီးရဲ့"

"မင်းတို့နဲ့ တွေ့တဲ့ စာရေးဆရာလို့ ပြောတဲ့လူက ဒီအိမ်ကို သာပြီးလေ့လာဖို့ စီစဉ်နေကြတယ် မဟုတ်လား"

"ဟုတ်တယ်"

"သူတို့ ရှေ့က လုပ်တဲ့အခြေအနေကို ကြည့်ပြီးမှ လုပ်ကြ ၁င် ပိုပြီးအဆင်ပြေမယ်လို့ ထင်တယ်၊ စက်ကြိုးယန္တရား အတတ်ပညာတွေနဲ့ ပြုလုပ်ထားတဲ့ ထောင်ချောက်တွေကျတော့ ငါတို့ တတ်ကျွမ်းတဲ့ဆေးဝါးတွေ၊ ဂါထာမန္တန်တွေ အင်းအိုင်ခမဲ လက်ဖွဲ့တွေနဲ့ လုပ်လို့မရပြန်ဘူးကွယ့်"

"ကျွန်တော်တို့တော့ အထဲကို တစ်ခါပဲ ဝင်ရသေးတယ်၊ သူတစ်ယောက် သေတယ်ဆိုတော့ နောက်တစ်ခေါက် ဝင်ရမှာ

www.burmeseclassic.com

www.burmeseclassic.com



တောင် ခပ်ကြောက်ကြောက်ပဲ"

"ဘာကြောက်စရာ ရှိသလဲကွယ်၊ ဘယ်လောက်ခက်ခဲတဲ့ အလုပ်ဖြစ်ပစေ၊ အဖြေတစ်ခုကတော့ ရှိတာချည်းပါပဲ၊ မင်းတို့နှစ်ယောက် မချမ်းသာချင်ကြဘူးလား"

"ချမ်းသာချင်တာပေါ့ ဆရာကြီးရဲ့၊ ချမ်းသာချင်လို့သာ ဆရာကြီး ခေါ်တဲ့နောက်ကို အခုလို လိုက်လာကြတာပေါ့"

"အေး. . . ချမ်းသာချင်တယ်ဆိုရင် ဒီလိုပဲ စွန့်စားမှ ရမှာပေါ့၊ မစွန့်စားဘဲနဲ့တော့ မင်းတို့ လိုချင်တဲ့ ရွှေငွေရတနာတွေ ဘယ်လို ရမှာလဲ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒီလိုဆိုရင်လည်း သေချင်သေကျေချင်ကျေပေတော့ဗျာ၊ ဆရာကြီး ခိုင်းတာကို လုပ်ပါတော့မယ်"

ဟု ကတိပေးကြလေသည်။

ကိုထွန်းနှင့် ကျော်ကြီးတို့နှစ်ယောက်မှာ ဘလဲ့ဘ အရပ်သားများ ဖြစ်ကြပြီး အလုပ်အကိုင် မယ်မယ်ရရ မရှိဘဲ ထန်းရည်လေး တမြမြ လုပ်လိုက်၊ အချိန်ရသမျှ လက်ဖက်ရည်ဆိုင် ထိုင်လိုက်နှင့် အချိန်ကုန်နေကြသူများ ဖြစ်ကြလေသည်။

ထိုသို့ လက်ဖက်ရည်ဆိုင် ထိုင်နေကြရင်းမှ မမျှော်လင့်ဘဲ ဒေါက်တာမင်းထင်ကျော်နှင့် ဆုံခဲ့ကြရာမှ ဒေါက်တာမင်းထင်ကျော် သိလိုသောအကြောင်းများကို ပြည့်ပြည့်စုံစုံ သိနိုင်ရန် ဆရာကြီး ဦးစာညဲဆီသို့ ခေါ်သွားခဲ့ကြသည်။

ဆရာကြီးဦးစာညဲထံသို့ ရောက်သောအခါ ဘောဂဗလ စံအိမ်ကြီး၌ ရှိသော ရတနာဥစ္စာများအကြောင်းကို သိရသဖြင့်


www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားကြလေသည်။ သို့ကြောင့်. . .

ဒေါက်တာမင်းထင်ကျော်တို့ ဘောဂဗလစံအိမ်ကြီး ရှိရာသို့ သွားရန် ပြင်နေကြစဉ်မှာ သူတို့နှစ်ယောက်ပါ အတူလိုက်ရန် သွား ပြောကြသော်လည်း ဒေါက်တာမင်းထင်ကျော်က လက်မခံသော ကြောင့် မကျေမနပ်ဖြင့် ပြန်လာခဲ့ကြရသည်။

မရှေးမနှောင်းမှာပင် သူတို့ရွာသို့ ဦးဒီပနှင့် တပည့်နှစ် ယောက်တို့ ရောက်လာပြီး ဘောဂဗလစံအိမ်ကြီးအကြောင်း စုံစမ်း ကြပြန်ရာ ကိုထွန်းတို့နှစ်ယောက်နှင့် တွေ့ပြီး ၎င်းတို့ပါ အတူလိုက် ခွင့်လျှောင် လိုက်ပို့ပေးမည်ဟု ပြောရာ ဦးဒီပက သဘောတူသဖြင့် အတူလာခဲ့ကြခြင်းဖြစ်၏။

ဘောဂဗလစံအိမ်ကြီး ရောက်သောအခါ ယန္တရားစက်များ အကြောင်း မသိဘဲ ဝင်မိသောကြောင့် ၎င်းတို့နှင့် အတူပါလာသော ဘိုးတေဆိုသော လူတစ်ယောက် သေသွားလေတော့သည်။ သို့ ကြောင့် ရှေ့ဆက်မတိုးဝံ့ကြဘဲ မနော်ရမ္မာရွာသို့ လာကြခြင်းဖြစ် ၏။ မနော်ရမ္မာရွာသို့ လာရခြင်းအကြောင်းမှာ. . .

တည်းခိုနေထိုင်နိုင်ရန်အတွက် ကိုထွန်း၏ဘကြီး ရှိသည်က တစ်ကြောင်း၊ ဆရာကြီး ဦးစာည်ဆိ ရောက်စဉ်က မနော်ရမ္မာရွာ၌ ဘောဂဗလစံအိမ်ကြီးအကြောင်းကို ကောင်းစွာသိသော ဦးသူတော် ရှိသည်ဟု သိခဲ့ရသဖြင့် ၎င်းနှင့် တွေ့ရန်လည်း တစ်ကြောင်းဖြင့် လာခဲ့ကြခြင်းဖြစ်၏။ ဒီရောက်တော့ ဦးသူတော်နှင့် တွေ့ပြီးမေး သော်လည်း ဘာတစ်ခုမှ မသိရသဖြင့် မကျေမနပ်ဖြင့် ပြန်လာကာ ညအချိန်ရောက်သောအခါ ဦးဒီပက မြေရုပ်စီရင်ပြုလုပ်၍ ဦးသူ



www.burmeseclassic.com

www.burmeseclassic.com



တော် နေအိမ်သို့ လွှတ်လိုက်လေသည်။

ရည်ရွယ်ချက်ကတော့ ထိုသို့ပြုလုပ်လျှင် ကြောက်လန့်ပြီး သူ့ထံသို့ ချဉ်းကပ်လာပါက သိချင်တာများကို မေးရန်အတွက် ရည်ရွယ်ပြီး ပြုလုပ်ခဲ့ခြင်း ဖြစ်ပေသည်။ သို့သော်. . .

အခြေအနေက သူ မျှော်လင့်ထားသလို ဖြစ်မလာခဲ့ပေ။ ဦးသူတော်က သူ စီရင်ထားသောမြွေကို ဖမ်းဆီး၍ သူ့ကို ပြန်ပေးလိုက်လေသည်။

သို့ကြောင့်. . . ဆရာတပည့်လေးယောက်တို့မှာ မအိပ်နိုင်ကြသေးဘဲ ဆွေးနွေးတိုင်ပင်နေကြခြင်းပင်ဖြစ်၏။

"ဆရာကြီး. . . ဦးသူတော်ဆိုတဲ့လူကြီးက ဆရာလားဟင်၊ ဘာကြောင့်လဲဆိုတော့ ဆရာကြီးရဲ့မြွေကို သူက ဖမ်းနိုင်တယ်"

"အေး. . . သူလည်း သာမန်လူတစ်ယောက်တော့ မဟုတ်ဘူး၊ ဆေးဝါးပညာနဲ့ ပတ်သက်လို့ အခံရှိတဲ့ လူတစ်ယောက်ပဲ ဖြစ်ရမယ်"

"ဒါထက် ဆရာကြီး အဝတ်ကနေ မြွေဖြစ်အောင် ဘယ်လို စီရင်တာလဲဟင်၊ ကျွန်တော်တို့ကို ဗဟုသုတ ဖြစ်အောင် ပြောပြပေးပါလားဟင်"

ထိုအခါ ဆရာကြီး ဦးဒီပက မီးဖိုပေါ်မှ ပူပူနွေးနွေး ချထားသော လက်ဖက်ရည်ခရားထဲမှ လက်ဖက်ရည် တစ်ပန်းကန် ငှဲ့သောက်နေလေသည်။

"ဒီပညာမျိုးက ဝိဇ္ဇာဘူတာဝါဟန ပညာလို့ ခေါ်တယ်၊ သို့ပွဲ ဘူတာဝါဟန ပညာဆိုတာ စက်ယန္တရားတွေကို အသက်ဝင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်နိုင်တဲ့ပညာဖြစ်သလို ဝိဇ္ဇာဘူတာဝါဟာနပညာဆိုတာ သက်မဲ့ ခတွေကို အသက်ရှိအောင် ပြုလုပ်နိုင်တဲ့ ရှေးဟောင်းပညာရပ်တွေပဲ"

ဟု အစချီကာ သူစီရင်သော မြွေပြုလုပ်ပုံအကြောင်းကို အောက်ပါအတိုင်း ပြောပြလေသည်။

အဝတ်ပုဆိုး စသည်တို့ကို အသက်ရှိသော မြွေတစ်ကောင် ကဲ့သို့ ပြုလုပ်ပုံမှာ. . .

လကြပ်သောအချိန်၌ ပိတောက်မှိုကို ရအောင်ယူထားရ သည်။ ပံသကူ ရသော(သူ့အလိုလို သေနေသောမြွေ) မြွေဟောက် ၏ဦးခေါင်းကို ဖြတ်ယူလျက် စနေနေ့ စနေအခါ၌ ထိုမြွေဦးခေါင်း အတွင်းသို့ ပိတောက်မှိုကို သွတ်သွင်းရသည်။

ထိုသွတ်သွင်းထားသည့် ပိတောက်မှိုသည် မြေသားအသွင် ဖြင့် ညက်ညက် ကြေသောအချိန်တွင် တောပိုက်ဆံဝေ့ကို ရှာထား ရမည်။ အင်္ဂါနေ့ အင်္ဂါအခါ၌ မြွေဦးခေါင်းထဲမှ ပိတောက်မှို မြေဥ် ပေါက်ရသည်။ ရက်အတန်ကြာလျှင် အစေ့မှ အညှောင့်၊ အပင်ပေါက် ၍ ကြီးထွားလာလေသည်။

ထိုပိုက်ဆံပင် အရွယ်ကြီးလာသောအခါ နုတ်ယူ၍ ထိုပိုက် ဆံ၏အခွံကို ဆုတ်ခွာ၍ ကြိုးသို့ ကျစ်ကာ လက်စွပ်သဏ္ဍာန် ပြုလုပ် ထားရမည်။ အရိုးအရွက်တို့ကိုမူ အမှုန့်ပြုလုပ်ထားရမည်။ အသုံး ပြုလိုသောအခါ ပုဝါ သို့မဟုတ် ပုဆိုး စသည့်အဝတ်တို့ကို မြွေ သဏ္ဍာန် ကျစ်၍ အရင်းပိုင်းကို ဦးခေါင်းသဖွယ် ထုံးချည်ထားပြီးမှ ထိုနောက အမှုန့်ပြုလုပ်ထားသည်ကို အရည်ဖျော်၍ မြွေ သဏ္ဍာန် ပြုလုပ်ထားသည့်အရာကို သုတ်လိမ်းပေးလိုက်ပါက

www.burmeseclassic.com



အသက်ရှိသော မြွေသဏ္ဌာန် လူးလွန့်လှုပ်ရှား သွားလာနိုင်ပေသည်။

သို့မဟုတ် လျှော်နှီးကို မီးတိုက်၍ ငှင်းဆေးမှုန့် ဖြူးချပါကလည်း အထက်သို့ တက်သော မီးခိုးတို့မှာ မြွေသဏ္ဌာန်များဖြစ်၍ မြေသို့ ကျသောအခါ မြွေများဖြစ်နိုင်ပေ၏။

လျှော်ကျစ်၍ လက်စွပ်သဏ္ဌာန် ပြုလုပ်ထားသော ဆေးလက်စွပ်၏အစွမ်းမှာ. . .

ငှင်းလက်စွပ်ကို ဝတ်ဆင်ထားပြီး တစ်စုံတစ်ယောက်သောသူ၏ခေါင်းပေါင်း၊ ပုဝါ၊ ပုဆိုးတို့ကို လက်စွပ်နှင့် ထိအောင်ကိုင်၍. .

'ဤခေါင်းပေါင်း၊ ပုဝါ၊ ပုဆိုးတို့သည် မြွေတစ်ကောင်ကဲ့သို့ အသက်ဝင်လာပြီး ငါ့ဆီ ရောက်လာရမည်'

ဟု အမိန့်ပေး စေခိုင်းပါက လူးလွန့်လှုပ်ရှားကာ မိမိအလိုရှိရာသို့ လာလေသည်။ ခေါင်းပေါင်း၊ ပုဆိုး၊ ပုဝါတို့မှာ လက်စွပ်နှင့် မထိဘဲနှင့်တော့ ထိုသို့ စေခိုင်း၍မရနိုင်ပေ။

"အဲဒါက ဘူတာဝါဟနဝိဇ္ဇာ အတတ်ပညာထဲမှာ ပါတယ်"

ဟု ဆရာကြီး ဦးဒီပက စကားကို အဆုံးသတ်လိုက်သည်။

"ဒီလိုနည်း သိရင် လူတိုင်း စီရင်လို့ ရနိုင်သလား ဆရာကြီး"

"လူတိုင်းတော့ ဘယ်ရပ့်မလဲကွယ်၊ အစီအရင်ကို ကျကျနန မလုပ်ရင်လည်း မရဘူး၊ နောက်တစ်ချက်က လူတိုင်းလက်ထဲမှာလည်း ကြာရှည်မနေဘူး၊ အထူးသဖြင့် ရတနာသုံးပါးကို အမြဲပြတ်ဆည်းကပ်ကိုးကွယ်တဲ့လူတွေ အထက်လမ်းစဉ်ကို လိုက်တဲ့ ဆရာကြီးတွေလက်ထဲမှာဆိုရင်လည်း ဘယ်တော့မှ ကြာရှည်ထားလို့



www.burmeseclassic.com

www.burmeseclassic.com



ရနိုင်ဘူး”

ဟုံ အမှတ်တမဲ့ ပြောလိုက်ရာ ကိုထွန်းဆိုသူ၏စိတ်ထဲ၌မူ

“ဟင်. . . ဆရာကြီး ပြောတော့ ဒီဆေးအစိအရင်မျိုးက ဘုရားတရား ရတနာသုံးပါး ယုံကြည်လိုက်စားတဲ့လူတွေ အထက် သမ်း လိုက်တဲ့လူတွေ လက်ထဲမှာ ကြာရှည်ထားလို့ မရဘူးတဲ့၊

ဒီလိုဖြင့် ဆရာကြီးဦးဒီပဆိုတာ အောက်လမ်းဆရာကြီး များ ဖြစ်နေရော့သလား၊

ငါတို့ ရမ်းပြီးလိုက်လာတာ မှားများ မှားလေရော့သလား”

ဟု တွေးနေမိလေသည်။

ထိုအချိန်မှာပင် ရွာများဘက်မှ စူးစူးဝါးဝါး ထိုးဟောင်နေ သည့် ခွေးဟောင်သံများမှာ သူတို့ရှိရာဘက်သို့ တဖြည်းဖြည်းနှင့် နီးလာလေတော့သည်။ လေးယောက်သား မီးပုံနံဘေး၌ ထိုင်ကာ အတော်ကြာကြာ ရှည်ကြမ်း သောက်ရင်း စကားပြောနေကြရာ အချိန်မှာ ဘယ်နှစ်နာရီမှန်းမသိ ကုန်ကာ ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာချေပြီ။

ထိုသို့ရှိနေစဉ် ရွာလမ်းအတိုင်း လျှောက်လာနေသောအသံ များကို အရင်ကြားရသည်။ လှမ်းကြည့်လိုက်တော့ မီးရောင်များကို မြင်ရသည်။

“အချိန်မတော် ဘယ်သူတွေများပါလိမ့်”

ခဏကြာတော့ မီးတုတ်ကိုင်ထားသည့် လူနှစ်ယောက် လျှောက်လာသည်ကို လှမ်းမြင်ရသည်။ သူတို့ ထိုင်နေသောနေရာ နှင့် ရွာလမ်းမှာ အလယ်တွင် ခြံစည်းရိုးနား ရောက်တော့ လျှောက် လာသည့် လူနှစ်ယောက်က ရပ်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဗျို့ . . . နောင်ကြီးတို့၊ ကျုပ်တို့ ခရီးဝေးက လာကြတဲ့သူတွေပါ၊ တစ်လမ်းလုံး ဘာမှမစားခဲ့ရသေးလို့ စားစရာလေးများရှိရင် နည်းနည်းလောက် ပေးကြပါဗျ"

ဟု တစ်ယောက်က လှမ်းတောင်းသည်။

"ခင်ဗျားတို့ ဘယ်က လာကြတာလဲ"

ကျော်ကြီးက လှမ်းမေးသည်။

"ကုလားရွာဘက်ကပါ"

"ကုလားရွာဆိုတာ ဘောဂဗလ စံအိမ်ကြီး ရှိတဲ့နေရာဘက်ကလား"

"ဟုတ်ပါတယ်"

"ဒီလောက်အချိန်မတော်ကြီးကျကာမှ ဘာကိစ္စ အရေးကြီးလို့များ ရောက်လာကြတာလဲ"

"ညွှန့်သည်တစ်ယောက် လာပို့ပေးတာပါ၊ ဗိုက်ဆာလို့ ကျုပ်တို့ကို စားစရာလေး နည်းနည်းလောက် မျှကြပါဗျာ"

ဟု ထပ်တောင်းပြန်သည်။ ထိုအခါ ဆရာကြီးဦးဒီပက. . .

"စားစရာ လိုချင်ရင် အတွင်းဝင်လာခဲ့ပေါ့ကွယ့်"

ဟု လှမ်းပြောလိုက်သည်။

"ကျုပ်တို့ အရေးတကြီး ခရီးဆက်စရာရှိလို့ အတွင်းတော့ မဝင်တော့ပါဘူး"

ထိုသို့ပြန်ပြောလေသည်။

"ဒီမှာ တခြားတော့ မရှိဘူး၊ အမဲခြောက်ကျပ်တိုက်တွေ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမဲခြောက်ကျပ်တိုက်များမှာ သိပ်မခြောက်သေးသဖြင့် သောလောဆယ် စားလို့မရသေးပေ။

"ရပါတယ်. . . ဘာပဲဖြစ်ဖြစ် ပေးပါ"

ထိုသို့ ထပ်တောင်းပြန်သဖြင့် ဆရာကြီးက ၎င်း၏တပည့်ကို မီးဖိုပေါ်မှ အမဲခြောက် နှစ်မြောင်းကို ယူ၍ သွားပေးခိုင်းသည်။

"ခြစည်းရိုးအတွင်းကပဲ ပေး၊ အပြင်မထွက်နဲ့"

ဟုလည်း မှာလိုက်လေသည်။ တပည့်ဖြစ်သူက အမဲခြောက်များကို သွားပေးလိုက်သောအခါ နေရာမှာတင် ရပ်ကာ စားသောက်လိုက်ကြသည်။

"နောက်ထပ်ရှိသေးရင် ပေးပါဦးဗျ"

နောက်ထပ်နှစ်ခု သွားပေးသောအခါ ချက်ချင်းစားပစ်လိုက်ပြန်သည်။

နောက်တစ်ကြိမ် တောင်းပြန်သောအခါ ဆရာကြီးက တပည့်ဖြစ်သူကို မီးဖိုမှ မီးစွဲနေသည့် ထင်းစနှစ်ချောင်း ယူပြီး သွားပေးခိုင်းရာ တပည့်က မီးစွဲနေသည့် ထင်းချောင်းနှစ်ခုကို ယူသွားပြီး ထုပ်းပစ်လိုက်တော့မှ ထွက်ပြေးသွားကြလေသည်။ ထိုအခါမှ ကျွန်မတို့က တအံ့တသြ မေးကြရသည်။

"အဲဒါ ဘာတွေလဲ ဆရာကြီး"

"ပရလောကသားတွေပဲ ဖြစ်မှာပေါ့"

"ဟုတ်ပါ့မလား ဆရာကြီး"

"ညအချိန်မတော်ကြီး အမဲသားကို အစိမ်းလိုက်စားပြနေတာကြောင့် မင်းတို့က လူလို့ ထင်ကြလို့လား"



www.burmeseclassic.com

www.burmeseclassic.com



“ဆရာကြီး သိရက်နဲ့ ဘာကြောင့် သူတို့ တောင်းတာ ပေးရတာလဲဟင်”

“ပရလောကသားတွေလည်း အရေးအကြောင်း ရှိရင် အသုံးပြုလို့ရအောင် ဒီလိုပဲ မိတ်ဖွဲ့ရတာပေါ့။ သူတို့က နည်းနည်းများလာတာနဲ့ နှင်ထုတ်လိုက်ရတာ”

“တယ်လည်း ကြောက်စရာကောင်းပါလား”

“ဒီထက် ကြောက်စရာကောင်းတာ လာချင်လာလိမ့်ဦးမယ်”

“ဘာဖြစ်လို့လဲ ဆရာကြီး”

“မင်းတို့ စောစောက လူနှစ်ယောက် ပြောသွားတာ မကြားလိုက်ဘူးလား၊ သူတို့ ဧည့်သည်တစ်ယောက် လိုက်ပို့တယ်ဆိုတာလေ၊ နောက်ရောက်လာတဲ့သူက သူတို့ထက် ပိုပြီးကြောက်စရာကောင်းတဲ့သူ ဖြစ်ချင်ဖြစ်မှာပေါ့”

ထိုအချိန်မှာပင် ရွာလမ်းဘက်ဆီမှ ခွေးဟောင်သံများကို ကြားကြရပြန်သည်။ ထိုအသံများ ကြားသောအခါ စောစော ဆရာကြီးစကားကြောင့် တပည့်သုံးယောက်တို့မှာ အပြင်ဘက်တွင် ဆက်မနေဝံ့ကြတော့သဖြင့် ‘အိပ်ချင်ပြီ’ ဟု အကြောင်းပြကာ အိမ်ထဲသို့ ဝင်လာကြပြီးနောက် စောင်ကိုခေါင်းမြီးခြုံကာ အိပ်ကြလေတော့သည်။

အပြင်ဘက်မှာတော့ ဆရာကြီးဦးဒီပ တစ်ယောက်သာ လက်ဖက်ရည်ကြမ်း သောက်ရင်း ကျန်နေလေသည်။ ဦးဒီပသည် ဘောဂဗလစံအိမ်ကြီးအကြောင်းကို အမျိုးမျိုး ပြန်စဉ်တွေးတော


www.burmeseclassic.com

www.burmeseclassic.com



ဘုတ် ရှိနေသည်။ သူ တတ်ကျွမ်းထားသောပညာများနှင့် သာမန် လောကသားများလောက်ကို နိုင်နင်းသော်လည်း ဝက်ယန္တရား များကိုတော့ ဘယ်လိုလုပ်ရမည်မှန်း မသိပေ။

အကယ်၍ သူတို့နောက်မှ လိုက်လာမည့်အဖွဲ့က အတွင်း ဝက်ယန္တရားများကို ဖယ်ရှားနိုင်စွမ်း ရှိသည်ဆိုလျှင်တော့ အဆင် ပြေလိမ့်မည်။ ထိုသို့ တစ်ယောက်တည်း စဉ်းစားနေစဉ် ခြံဝမှ တစ်ယောက် ဝင်လာသည်ကို လှမ်းမြင်လိုက်ရသဖြင့် အတွေးစ ရပ်ပြီး ကြည့်လိုက်သည်။

"ခင်ဗျား ဘယ်သူလဲ"

"ကျုပ် ဘောဂဗလပဲ"

"ဘာကိစ္စရှိလို့ လာတာလဲ"

"ခင်ဗျားကို ပြောစရာရှိလို့ပါ၊ ဘောဂဗလ စံအိမ်ထဲမှာ လျှို ထားတဲ့ ရတနာပစ္စည်းတွေက ဘုရားအတွက် ရည်စူးပြီးတော့ ထားပြီးသားပါ၊ ဒါကြောင့် ဘယ်သူမှ ယူလို့မရဘူး၊ ယူဖို့ကြိုးစား မှန်သမျှ သေမှာပဲ၊ အဲဒါကို သတိပေးချင်လို့ လာတာပါ"

"ကျုပ်ကတော့ ဘာပဲဖြစ်ဖြစ် ရတဲ့နည်းနဲ့ ယူဖို့ စိတ်ကူးထား ပဲ. . . နောက်မဆုတ်နိုင်ဘူး"

"ဒီလိုဆိုရင်လည်း ကျုပ်ရဲ့ဝတ္တရား ကုန်ပါပြီ၊ ကိုယ့်အသက် ရင်တော့ သဘောအတိုင်းသာ ပြုပေရော့"

ဘု ပြောကာ ခြံဝန်းအတွင်းမှ ပြန်ထွက်သွားလေသည်။ စိတ်ထဲမှာတော့. . .

"ပရလောကသားတွေရဲ့ခြောက်လုံးလှန့်လုံးတွေကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်နေလို့ကတော့ ဒီနေရာတောင် ရောက်အောင် မလာဘူး၊ ရည်ရွယ်ချက်အတိုင်းကတော့ ရအောင်လုပ်ရမှာပဲ”

ဟု တစ်ယောက်တည်း တွေးနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

# ယန္တရားအတတ်နှင့် လျှို့ဝှက်ချက်

နောက်တစ်ပတ်ခန့် ကြာသောအခါ မနော်မွှေးရွာထဲသို့ [illegible]ါင် ဘာမင်းထင်ကျော်တို့ လေးယောက် ရောက်သာကြလေ [illegible]ာ့သည်။ သူတို့လေးယောက်သည် ဦးသူတော်တို့နေ အိမ်သို့ မေး [illegible]ုံစမ်းကာ သွားကြလေသည်။ သူတို့ ရောက်လာတော့ မြင်တော [illegible]င်းကြီးက ထွက်လာပြီး ကြိုလေသည်။

"အစ်ကိုတို့ ရောက်လာပြီလား၊ အထဲမှာ အဘိုးရှိတယ်၊ [illegible]ကြ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခေါ်လေသည်။ ဒေါက်တာမင်းထင်ကျော်က မြသင်း
ကြူနှင့် နောက်တစ်ကြိမ် ပြန်တွေ့ရသဖြင့် အနည်းငယ်တော့ ဝမ်း
သာမိလေသည်။ အိမ်ထဲ ရောက်တော့ ဦးသူတော်ကို တွေ့ရသည်။
"ကျွန်တော်တို့ကို ဘလဲ့ဘက ဆရာကြီးဦးစည်က အဘိုးနဲ့
တွေ့ဖို့ လွှတ်လိုက်ကြတာနဲ့ လာခဲ့တာပါ။ ကျွန်တော်က စာရေး
ဆရာတစ်ယောက်ပါ"
"မောင်ရင့်အကြောင်းကို ကျုပ်ရဲ့မြေးမလေးက ပြောပြထား
လို့ သိတန်သလောက် သိထားပြီးပါပြီ၊ ကိုင်း. . . ဒီမှာတော့ ဧည့်
သည်လို မနေဘဲ ကိုယ့်အိမ်ကိုယ့်ယာလိုသာ သဘောထားပြီး နေ
ကြပါ"
ဟု အိမ်ရှင်ဝတ္တရားနှင့်အညီ နေရာထိုင်ခင်း ပေးလေသည်။
မြသင်းကြူကတော့ ဒေါက်တာမင်းထင်ကျော်တို့ ရောက်လာသဖြင့်
ဝမ်းသာနေသည့် အမူအယာမျိုးဖြင့် လက်ဖက်ရည်၊ ကွမ်းဆေး
လက်ဖက် စသည်တို့ကို လိုလေသေး မရှိအောင် စီစဉ်ပေးလေ
သည်။ ၎င်းတို့မှာ မြေးအဖိုးနှစ်ယောက်တည်း နေကြသည်ဆိုပေ
ကာမူ ချို့ချို့တဲ့တဲ့ မရှိလှဘဲ အိမ်ကလည်း အသင့်အတင့် ကောင်း
ပြီး ကျယ်ဝန်းရုံမက ပရိဘောဂများကလည်း ရှိသည်။
၎င်းတို့ ရောက်သွားသော အချိန်မှာ ညနေပိုင်းအချိန်မို့
မြသင်းကြူက ညနေစာ ကျွေးမွေးရန်အတွက် စီစဉ်နေလေရာ ဈေး
ထီးနှင့်ငမဲအောင်တို့နှစ်ယောက်ကလည်း ဧည့်သည်လို မနေကြဘဲ
ရေခပ်သူကခပ်ပေး၊ ထင်းခွဲသူက ခွဲပေးနှင့် ကူညီလုပ်ကိုင်ပေးနေကြ
သည်။ စကားဝိုင်းမှာတော့ ဦးသူတော်၊ ဦးဗန်ကောင်းနှင့် ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ကျော်တို့သာ ကျန်တော့သည်။

"ဒါထက် ဘောဂဗလ စံအိမ်ကြီးကို ရောက်ခဲ့ကြပြီးပြီ မဟုတ်လား"

ဦးသူတော်က မေးသည်။

"ရောက်ခဲ့ပြီးပါပြီ"

"သူဌေးကြီးနဲ့ရော တွေ့ခဲ့ရပြီးပြီလား"

"တွေ့ရပါတယ်"

"သူက မောင်တို့ကို မိတ်ဆွေတစ်ယောက်အနေနဲ့ သူ့အကျိုးအတွက် ဆောင်ရွက်ပေးမယ့်သူတွေအဖြစ် လက်ခံပါတယ်၊ မောင်ရင်တို့ ဘောဂဗလကို မရောက်ခင်ကတည်းက ရောက်လာတော့မယ့်အကြောင်း ကျုပ်ကို ကြိုပြောထားပြီးသားပါ"

ထိုစကားကြားသောအခါ နည်းနည်းတော့ အံ့ဩသွားလေသည်။

"ဒါဖြင့် အဘတို့ကို သူဌေးကြီး ဘောဂဗလက လိုလေသေးမရှိ ပေးကမ်းစောင့်ရှောက်ထားတာပေါ့နော်"

"ဟုတ်ပါတယ်. . . သိပ်ချမ်းသာသွားအောင်လို့သာ မပေးတာပါ၊ စားသောက်ဖို့တော့ လုံလောက်အောင် ပေးထားပါတယ်"

"တလောက ကျွန်တော် အဘရဲ့မြေး မြသင်းကြူရဲ့လှေကိုငှားပြီး ဒီဘက်ကမ်းကို ကူးရသေးတယ်၊ သူက မိန်းကလေးတစ်ယောက်တည်း ဒီလိုပဲ ငှက်သမ္ဗန် ခတ်နေရသလား အဘ"

"မဟုတ်ပါဘူးကွယ်. . . အဲဒီနေ့က မောင်ရင်တို့ ဒီဘက်ကမ်းကို ပို့ပေးဖို့ တမင်လာစောင့်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . . ကျွန်တော့်ကို စောင့်နေတာ. . . ဟုတ်လား"

"မောင်ရင် အင်းဝမြေကို ရောက်ကတည်းက ဘာအတွက်နဲ့ ရောက်လာတယ်ဆိုတာကို သူတို့က ကြိုသိကြတယ်၊ ဒီဘက်ကမ်းကို ကူးတော့မယ်ဆိုရင် တခြားဌက်သမွန်နဲ့ ကူးရင် လူသိမှာစိုးလို့ အဘကိုယ်တိုင် လွှတ်လိုက်တာပါ"

ထိုစကားကြားသောအခါ မျှားစွာအံ့ဩသွားလေသည်။

"ဒါဖြင့် သူတို့နဲ့က အဆက်အသွယ် အမြဲရှိပြီး သူတို့ ခိုင်းတာ လုပ်ပေးရတာပေါ့နော်"

"ဟုတ်ပါတယ်. . . မောင်ရင်တို့ အခုလို ဒီရောက်လာတော့ တိုင်ပင်သင့်တာတွေ တိုင်ပင်လို့ ပိုကောင်းတာပေါ့၊ အခုရွာထဲမှာ လူစိမ်းတွေ ရောက်နေကြတယ်၊ သူကြီးရဲ့တူတော်တဲ့ လူတစ်ယောက်လည်း ပါလာတယ်၊ သူတို့က သူဌေးကြီး မြှုပ်နှံထားတဲ့ ရတနာတွေကို ရှာဖွေယူကြဖို့ အကြံနဲ့ လာကြတာပဲ"

"ဟင်. . .."

"ဟုတ်တယ်. . . ဒါပေမယ့် စက်ယန္တရားတွေ တပ်ဆင်ထားတော့ အခက်တွေ့နေကြတယ်၊ ဘာပဲဖြစ်ဖြစ် မောင်ရင်တို့ အနေနဲ့လည်း သတိဝီရိယ ရှိကြဖို့တော့ လိုတယ်"

"စိတ်ချပါ အဘ ဒါထက် သူတို့က အဘဆီ မလာကြဘူးလား"

"ဘယ်နေပါ့မလဲကွယ်. . . လာကြတာပေါ့၊ လာသွား လာတယ်၊ ကျုပ်ဆီကတော့ ဘာမှမသိကြရပါဘူး၊ အဲဒါ မှကျေမနပ်နဲ့ ပြန်သွားပြီး မြွေနဲ့ တိုက်ကြသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘယ်လိုလုပ်လိုက်တာလဲ"

ဦးသူတော်က သူတို့မြေးအဖိုးကို ဂမ္ဘီရနည်းဖြင့် စီရင်ထားသောမြွေဖြင့် တိုက်ပုံကို ပြောပြလေရာ ထိုပညာကို ဝါသနာပါလှသော ဦးဗန်ကောင်းမှာ များစွာစိတ်ဝင်စားလေသည်။ မကြာမီ ညနေစာ စားရန် အဆင်သင့်ဖြစ်ကြောင်း လာပြောသဖြင့် စကားဖြတ်သွားကာ ညနေစာ စားကြလေသည်။ ညနေစာ စားသောက်ပြီးတာနဲ့ ညဦးပိုင်း စကားဝိုင်းဖွဲ့ကြသောအခါ ဒေါက်တာမင်းထင်အောင်က ၎င်းတို့၏လာရင်းကိစ္စကို ပြောပြလေသည်။

"ကျွန်တော်တို့ ဘောဂဗလ စံအိမ်ကြီးကို လာတဲ့ရည်ရွယ်ချက်က ဥစ္စာရတနာတွေ ရှာဖွေဖို့ လိုချင်လို့ လာတာ မဟုတ်ဘူးဆိုတာတော့ အခုလောက်ဆိုရင် အဘလည်း သိမှာပါ"

ဦးသူတော်က ကွမ်းအစ်မှ ကွမ်းတစ်ယာ ယာစားနေကြရင်း ခေါင်းညိတ်ပြသည်။

"ကျွန်တော်က သုတေသနလုပ်ငန်းတွေကို စိတ်ဝင်စားပါတယ် ဘောဂဗလစံအိမ်ကြီးမှာ စီမံပြုလုပ်ထားတဲ့ ယန္တရားအတတ်ပညာတွေကို လေ့လာချင်လို့ လာတာပါ"

"မောင်ရင် စံအိမ်ကြီးကို ရောက်တဲ့အခါကျတော့ အဲဒီ[illegible]ကို တွေ့ခဲ့ရတယ် မဟုတ်လား"

"ဟုတ်ကဲ့. . . တွေ့ခဲ့ရပါတယ်"

"ဒီအစီအရင်တွေဟာ နှစ်ပေါင်းဘယ်လောက်ကြာကြာ [illegible]စီးဘဲ ရှိနေကြမှာပါ။ ဒီဘောဂဗလ စံအိမ်ကြီးကို တည်ဆောက်စဉ်က ဘောဂဗလသူဌေးကြီးက မောင်သုတ်ဆိုတဲ့ ယန္တရား



www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်တစ်ယောက်ကို ခေါ်ပြီး ဆောက်လုပ်ခဲ့တယ်၊ မောင်သုတက ယန္တရားတွေကို တပ်ဆင်ပြီး လျှို့ဝှက်ခလုတ်တွေ မှန်သမျှကို ဘောဂဗလ သူဌေးကြီးတစ်ယောက်ကလွဲပြီး ဘယ်သူမှ ဝင်ယူလို့ မရတဲ့သဘောပါပဲ”

“ဟုတ်ပါတယ်”

“အမှန်အတိုင်း ပြောရရင်တော့ အဲဒီအချိန်က သူဌေးကြီးက သူ့သမီးနဲ့ မေတ္တာမျှနေတဲ့ မောင်သုတကို သဘောမတူတာက တစ်ကြောင်း၊ မောင်သုတကတစ်ဆင့် လျှို့ဝှက်ချက်တွေကို ပေါက်ကြားမှာစိုးတာက တစ်ကြောင်းကြောင့် မောင်သုတကို သတ်ပစ်ဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် မောင်သုတကတော့ လွတ်မြောက်သွား ခဲ့တယ်၊ ဒါကြောင့် မောင်သုတရဲ့ကလဲ့စားချေခြင်းကို ခံကြရပြီး သူဌေးကြီး ဘောဂဗလ အပါအဝင် ဘောဂဗလ စံအိမ်မှာ ရှိကြတဲ့ လူတွေ တစ်ယောက်ပြီးတစ်ယောက် သေဆုံး သွားကြတယ်”

“စိတ်မကောင်းစရာပါပဲ”

“ဒါကတော့ ဘယ်သူမပြု မိမိမှု ဆိုသလို ကိုယ့်ရဲ့မစ္ဆရိယ ကံအကျိုးကို ကိုယ်ပြန်ခံကြရတာပါပဲ၊ ကိုယ်က တစ်ပါးသူကို မကောင်းမှုပြုတယ်၊ အဲဒီမကောင်းမှုရဲ့ရောင်ပြန်ဟပ်မှုကို ကိုယ် ပြန်ခံရတာပါပဲ”

ဦးသူတော်၏လေသံက သံဝေဂ ရနေသောလေသံမျိုး ဖြစ် သည်။

“ဒီအဖြစ်အပျက်တွေကို ကြည့်ရင် သူဌေးကြီးဘောဂဗလ တို့တတွေ တစ်ယောက်ပြီးတစ်ယောက် သေကြရလို့ စိတ်မကော



www.burmeseclassic.com

www.burmeseclassic.com



စရာဖြစ်ရသလို အပြစ်မရှိတဲ့ မောင်သုတတို့လည်း သနားစရာ ကောင်းတာပါပဲ၊ သူဌေးကြီးရဲ့သမီးကို ချစ်မိလို့ အမေလည်းဆုံး သူလည်း ဘဝပျက်ခဲ့ရတယ်"

"ဟုတ်ပါတယ်"

"မောင်သုတ ထွက်သွားခဲ့ပြီးတဲ့နောက်မှာ မြနှင်းဖြူက သည်း အဲဒီစိတ်နဲ့ပဲ သေရှာရတာပါပဲ၊ ဒါပေမယ့် သူ ဘယ်လိုသေခဲ့ သလဲဆိုတာတော့ လူတွေ မသိခဲ့ကြဘူး"

ထိုစကားသည် ဒေါက်တာမင်းထင်ကျော်တို့အတွက် စိတ် ဝင်စားဖို့ အကောင်းဆုံး ဖြစ်လေသည်။

"မြနှင်းဖြူက ဘယ်လိုသေတာလဲ အဘ"

"မောင်သုတ ထွက်သွားပြီးတဲ့နောက်မှာ ဘောဂဗလစံအိမ် ကြီးမှာ တစ်ယောက်တည်း မနေလိုတော့တာနဲ့ သူ့ကိုယ်သူ သတ် သေဖို့ ကြိုးစားတော့တယ်၊ သူ့ဖခင်က ချစ်သူအပေါ်မှာ ရက်စက်ခဲ့ လို့ ဘဝပျက်ခဲ့ရတာကို ပြန်ပေးဆပ်မယ်ဆိုပြီး သူ့ ချစ်သူ စီမံခဲ့တဲ့ ပန်းရားတွေ လက်ချက်နဲ့ အသက်သေခံခဲ့တယ်"

ဟု အဖိုးကြီး ဦးသူတော်က အောက်ပါအဖြစ်အပျက်များ ကို ပြောသွားလေသည်။

မြနှင်းဖြူသည် မိမိအား နှုတ်ဆက်ကာ တရွေ့ရွေ့ ထွက် သွားသောချစ်သူကို လှမ်းကြည့်ကာ ဖြေမဆည်နိုင်အောင် ဖြစ်ရ လေသည်။ သူမ ဖခင်လက်ချက်ကြောင့် မောင်သုတခမျာ ဘဝပျက် ရလေသလို မောင်သုတ လက်ချက်ကြောင့်လည်း သူမဖခင်နှင့် ဘကြီး တို့ ၃ ဦး တစ်ယောက်ပြီးတစ်ယောက် သေဆုံးခဲ့ကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ယခုဆိုလျှင် မြေကြီးထဲမှာ အစောင့်ပင် မကျန်တော့ပေ။ အချို့သေဆုံးကုန်ပြီး အချို့ကတော့ မနေဝံ့တော့သဖြင့် ထွက်ပြေးသွားကြခြင်းဖြစ်သည်။

"ဒီအိမ်ကြီးမှာ ငါတစ်ယောက်တည်းပဲ ကျန်တော့တယ်၊ ငါ့အတွက် ချစ်သူလည်း မရှိ၊ အားကိုးစရာ မိဘတွေလည်း မရှိကြတော့ဘူး၊ ဒီရတနာပစ္စည်းတွေနဲ့ ငါတစ်ယောက်တည်း နေလို့ကရော ဘယ်လိုအဓိပ္ပာယ်ရှိတော့မှာလဲ၊ ဒီတော့ ငါ့အနေနဲ့ လောကကြီးမှာ မနေတော့ဘဲ သေတာပဲ အေးပါတယ်"

ဟု ဆုံးဖြတ်ချက် ချကာ အစကယ်၍ သူမ သေလျှင်လည်း ချစ်သူလက်ချက်ဖြင့်သာ သေစေလိုသဖြင့် မောင်သုတ စီရင်ထားသော စက်ယန္တရားများ ရှိသည့် ရတနာများ ထားသော တိုက်ခန်းအတွင်းသို့ ဝင်လေရာ စက်ယန္တရားလက်ချက်ကြောင့် သေလောက်သောဒဏ်ရာများ ရရှိခဲ့လေသည်။

ထိုအချိန်တွင် မောင်သုတမှာ ချစ်သူအတွက် စိတ်မချ သဖြင့် တစ်ခေါက်ပြန်လှည့်လာလေရာ ချစ်သူ၏အဖြစ်ဆိုးကို မြင်ရသောအခါ ရင်မချိအောင် ခံစားရလေသည်။

"ဘယ်လိုဖြစ်ရတာလဲ မြလေးရယ်"

"မောင် စီရင်ထားတဲ့ စက်ယန္တရားတွေရဲ့လက်ချက်နဲ့ ကျွန်မအသက်သေရတော့မယ်၊ ဒီအတွက် မောင် ကျွန်မတို့ မိသားစုတွေရဲ့အပေါ်မှာ ရှိနေတဲ့ အာဃာတရန်ငြွေးတွေ ကျေပါတော့"

ဟု တောင်းပန်လေသည်။ ထိုစကားကြားသောအခါမောင်



www.burmeseclassic.com

www.burmeseclassic.com



သူတာမှာ ရင်မချိအောင် ခံစားရလေသည်။

"မြလေးရယ် မင်းတို့မိသားစုတွေရဲ့အပေါ်မှာ ထားခဲ့တဲ့ နှန်ကြွေးတွေကို ကိုယ်စွန့်လိုက်ပါပြီ၊ ကိုယ့်အပေါ်မှာ ခွင့်လွှတ်ပါ ကွာယ်"

"ဒီလိုဆိုရင် လူတွေကို အန္တရာယ်ပေးနိုင်တဲ့ မောင့်ရဲ့ အတတ်ပညာတွေကို စွန့်လွှတ်လိုက်ဖို့ ကျွန်မကို ကတိပေးပါလား ဟင်"

"ကိုယ် ကတိပေးပါတယ် မြလေးရယ်၊ ကိုယ်တတ်ထားတဲ့ ယန္တရား အတတ်ပညာတွေကို စွန့်လွှတ်ပါတော့မယ်လို့ မြလေးကို ကတိပေးပါတယ်"

"ဒီစကားကြားရတာ ကျွန်မ ဝမ်းသာပါတယ်၊ မောင့်ကို ကျွန်မ တမလွန်ဘဝကပဲ စောင့်နေပါတော့မယ်"

ဟု ပြောဆိုကာ သေဆုံးသွားလေတော့သည်။ ထို့နောက် မောင်သူတလည်း ဘောဂဗလစံအိမ်ကြီး၏မြေအောက်ခန်း တစ်နေ ရာတွင် ချစ်သူအလောင်းထားရန် စီမံပြုလုပ်ကာ ချစ်သူအလောင်း နှင့်အတူ ၎င်းတတ်ကျွမ်းထားသော ယန္တရား ပညာရပ်များ၊ လျှို့ ဝှက်ချက်များ ရေးမှတ်ထားသော ကြေးပြားချပ်များကို တပါတည်း ထည့်သွင်းမြှုပ်နှံလိုက်လေတော့သည်။

"ကိုယ့်ချစ်သူ မြလေးရဲ့ အသက်ကို သေစေတဲ့ ယန္တရား အတတ်ပညာတွေကိုလည်း ထာဝရ စွန့်လွှတ်လိုက်ပါပြီ၊ ကိုယ့်ကို ခွင့်လွှတ်ပါတော့ မြလေးရယ်"

ဟု ပြောဆိုကာ မြေအောက်ခန်းထဲမှ ပြန်ထွက်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"ဟင်. . . ဒါဖြင့် မောင်သုတရဲ့ယန္တရားအတတ်ပညာရဲ့ လျှို့ဝှက်ချက်တွေက ဘောဂဗလစံအိမ်ကြီးရဲ့အတွင်းတစ်နေရာမှာပဲ ရှိနေတာပေါ့၊ ဟုတ်လား အဘ"

"ဟုတ်ပါတယ်. . . ဒီအကြောင်းတွေကိုလည်း အရင်က မသိခဲ့ပါဘူး၊ မြနှင်းဖြူ ဝိညာဉ်နဲ့ တွေ့ပြီး သူပြောပြခဲ့လို့ အကြောင်းစုံ သိခဲ့ရတာပါ"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ များစွာ အားတက်လာမိလေသည်။

"ယန္တရားပညာရှင် မောင်သုတက သူ့ရဲ့အတတ်ပညာတွေကြောင့် သူ့ချစ်သူ သေခဲ့ရတာကို နောင်တရသွားလို့ သူ့ရဲ့အတတ်ပညာတွေကို စွန့်လွှတ်ခဲ့လို့သာ ပြန်တွေ့ရမှာ၊ မဟုတ်ရင်တော့ ဘယ်လိုမှ ရှာလို့ရမှာ မဟုတ်တော့ဘူး"

"ဒါပေမယ့် ရှိတယ်လို့သာ ပြောတယ်၊ ထားတဲ့နေရာ အတိအကျ မသိရတော့ ရှာတွေ့လို့ လွယ်ပါ့မလား၊ တခြားအခန်းတွေ ဝင်မိရင်တော့ ယန္တရားတွေနဲ့ တွေ့ရမှာပဲ"

ဟု ဦးဗန်ကောင်းက ဝင်ပြောသည်။

"ဒီလိုပဲ ကြိုးစားကြည့်ရမှာပေါ့၊ ကံကောင်းရင်တော့ တွေ့ချင် တွေ့ရမှာပေါ့"

ထိုအခါ ဦးသူတော်က ပါးစပ်ထဲမှ ကွမ်းဖတ်များ ထွေး ထုတ်လိုက်ပြီး လက်ဖက်ရည်ကြမ်းနှင့် အာလုတ်ကျင်းလိုက်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုးတွေက အရမ်းလုပ်လို့ မရဘူးကွယ့်၊ အတတ်ပညာတွေနဲ့ စီရင်ထားတာဆိုတော့ စိတ်မှန်းနဲ့ လုပ်ရင် အန္တရာယ်နဲ့ တိုးမှာ"

"ဒါဖြင့် ဘယ်လိုလုပ်ရမလဲ အဘ"

"မြေအောက်ခန်းတွေထဲမှာ ယန္တရားစက်ရုပ်တွေ ရှိတယ် ဆိုပေမယ့် ရတနာတွေ ထားတဲ့အခန်းတွေမှာသာ ရှိတာပါ၊ ဒီတော့ ရတနာတွေ ရှိတဲ့အခန်းနဲ့ နေရာတွေကို အတိအကျ တွက်ချက် ကြည့်ရင် အခြားအခန်းတွေကို သိရမှာပေါ့"

"အဲဒီလို တွက်ကြည့်ရင် ရသလား အဘ"

"ရပါတယ်"

ထိုစကားကြားသောအခါ ဦးဗန်ကောင်းကပါ စိတ်ဝင်စား သည်။

"ဘယ်လိုနည်းလဲဗျ. . . တဆိတ်လောက် ပြောပြပါဦး"

"သက္ကတဘာသာနဲ့ ရေးထားတဲ့ ရှေးဟောင်းကျမ်းတွေ ပါတယ်၊ ကျမ်းရဲ့နာမည်က 'အဟိဗလစက်၊ ရတနဂ္ဃစက်နဲ့ ဒက ဆိုတဲ့ကျမ်းပဲ၊ ဒီကျမ်းထဲမှာ ပါတဲ့နည်းတွေနဲ့ တွက်ချက်ကြည့် ခြေပေါ်မြေအောက် ဘယ်နေရာမှာ ရတနာတွေ ရှိတယ် သိနိုင်ပါတယ်"

"ဒီလိုဖြင့်ဗျာ. . . ကြည့်ခွင့်ရမယ်ဆိုရင် တဆိတ်လောက် ပြပါစေ"

"မိတ်ဆွေတို့လည်း ဒီမှာ အေးအေးဆေးဆေး နေကြဦးမှာ နေတော့ ကျုပ်ပြပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကတိပေးလေရာ ဝမ်းသာသွားကြလေသည်။

အတော်ညဥ့်နက်မှ စကားဝိုင်း သိမ်းကြပြီး အိပ်ယာဝင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

# အဟိဗလစက်နှင့် ရတနာဂူစက်

မိဘဘိုးဘေး စသော ရှေးဟောင်းလူတို့ မြေတွင် မြှုပ်နှံထား ခဲ့သော ပစ္စည်းဥစ္စာတို့ကို နောင်လာနောက်သားတို့ လက်ထက်တွင် မြှုပ်နှံရာနေရာကို အတိအကျ မသိရ၍ ရှာဖွေမရနိုင်၍သော်လည်းကောင်း၊

ကိုယ်တိုင်မြှုပ်နှံရာ ဖြစ်သော်လည်း ကာလကြာမြင့်ကာ သတိ၊ ပြိတ္တာ၊ မြေဘုတ်ဘီလူး၊ ဥစ္စာစောင့် စသည်တို့က ရွှေ့ပြောင်းထားသဖြင့် ရှာဖွေမရသော်လည်း ထိုပျောက်ဆုံးသော ဥစ္စာပစ္စည်းများကို တူးဖော်ရရှိနိုင်ရန် တတ်ကျွမ်းနားလည်သော ဆရာများထံ၌



www.burmeseclassic.com

www.burmeseclassic.com



အကူအညီတောင်းခံကြရသည်။

ထိုဆရာတို့ကလည်း ဗေဒင်ဟောင်းလူတို့ အစီအရင်အတိုင်း မန္တန်ရွတ်ဖတ်ခြင်း၊ အင်းစည်ခြင်း၊ အင်းမြှုပ်ကြည့်ခြင်း၊ ဆန်မန်းပက်ခြင်း အစရှိသော ဗေဒင်ဟောင်းနည်းတို့ဖြင့် မိမိတို့ ကျွမ်းကျင်သလို ဥစ္စာပျောက်များ ပြန်လည်ရရှိစေရန် အကူအညီပေးကြလေသည်။

အိန္ဒိယနိုင်ငံ၌ကား ဥစ္စာရှင်တို့ မေးမြန်းလာသောအခါ အချိန်အခါကို တိကျစွာ မှတ်သား၍ ဂြိုဟ်လဂ်တို့ကို အစင်အကြယ် တွက်ယူပြီးလျှင် ထိုဂြိုဟ်လဂ်တို့၏နက္ခတ်နဝင်းကို ကြည့်ရှု၍ မိမိတို့ လိုသည့်နေရာ၌ ဥစ္စာရှိမရှိ၊ ရှိခဲ့သော် ရမရ၊ ထိုဥစ္စာသည် မြေ အောက်အတွင်း အတောင်အနက် မည်မျှရှိမည်။ အရေအတွက် မည်မျှရှိမည်၊ ၎င်းဥစ္စာကို ဘုတ်၊ ပြိတ္တာ၊ မြေဘုတ်ဘီလူး၊ ဥစ္စာစောင့် စသည်တို့တွင် မည်သူက စောင့်ရှောက်နေသည် စသည်ဖြင့် တိကျ မှန်ကန်စွာ ပိုင်းခြားဟောဆိုရန် (အဟိဗလစက်၊ ရတနဂဗ္ဘစက်) စသော ဗေဒင်ဟောင်းကျမ်းတို့ ရှိလေသည်။

ထိုများစွာသောကျမ်းတို့တွင် အဟိဗလစက္ကကျမ်းကို အိန္ဒိ ယ နိုင်ငံတော် အလယ်ပိုင်း မာလဝ(အဝန္တိ)တိုင်း၊ ဓါရာပူရီမြို့ အထူးထူးသော ဗေဒင်ကျမ်းတို့၌ လိမ္မာကျွမ်းကျင်၍ မင်းတကာတို့ ပူဇော်အပ်သော နရဒေဝမည်သော ဆရာသည် ထင်ရှားကျော်စော ခဲ့ဖူးသည်။ ထိုဆရာ၏သားဖြစ်သော နရပတိဆရာသည် သဒ္ဒါ ဒေဟတတွ၊ တန္တြ၊ မန္တြ၊ သကုဏ စသောကျမ်းများကို တတ်မြောက် ကျွမ်းကျင်သည်ဖြစ်ရာ နရပတိဆရာသည် အဟိဗလစက္ကကျမ်း ရေးသားစီရင်ခဲ့ပေသည်။ ထိုဆရာသည် အိန္ဒိယတိုင်းနိုင်ငံသာမက



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံတိုင်အောင် ကျော်စောထင်ရှားခဲ့သော 'သရောဒယကျမ်း' ကိုလည်း ရေးသားစီရင်ခဲ့ပေသည်။

၎င်းကျမ်းကို အမရပူရ ပထမမြို့တည် နန်းတည် ဘိုးတော်ဘုရားလက်ထက် ဘဝါနရိန် အမည်ရှိသော ပုဏ္ဏားသည် အိန္ဒိယပြည် ဗာရာဏသီမြို့မှ ယူဆောင်လာကာ ဘိုးတော်ဘုရားထံသို့ ဆက်သခဲ့လေသည်။

ထိုသရောဒယကျမ်းကို ရွှေဘိုမင်းတရားကြီး၏သမီးတော်တောာဒေဝီမင်းသမီးက ဗေဒင်ကျမ်းတို့၌ အထူးကျွမ်းကျင် တင်ကျော်သော 'ဉာဏဝဇိရ သဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ ညောင်ကန်ဆရာတော်သို့ ဆက်ကပ်ကာ သက္ကတဘာသာမှ မြန်မာဘာသာစကားဖြင့် ရေးသားစီရင်ရန် လျှောက်ထား တောင်းပန်ခဲ့ပေ၏။

ရတနဂ္ဃစက်ကိုကား သံကိစ္စရသေ့၏ စင်ကြယ်သောအနွယ်ဖြစ်သည့် ပဏ္ဍိတ ဘူဒေဝမာတုပသာဒ မည်သော ဆရာတော်သည် ဝိက္ကမသက္ကရာဇ်(၁၉၉၁)ခု၊ သာကသက္ကရာဇ်(၁၈၅၆)ခု မြန်မာသက္ကရာဇ်(၁၂၉၆)ခု၊ ဝါခေါင်လဆုတ်(၈)ရက်နေ့တွင် ရေးသားစီရင်ခဲ့ပေ၏။ ရတနဂ္ဃစက်ကျမ်းကို လေ့လာရာတွင် သံဒိဋ္ဌကျမ်း သို့မဟုတ် ဇာတာကောက်ကိန်းကျမ်းတို့ကို တတ်မြောက်သည့် အခြေခံ ရှိပါက လွယ်ကူစွာပင် လေ့လာသင်ယူနိုင်ကြမည်ဖြစ်ပေ၏။

မြေ၌ မြှုပ်နှံထားသော ဥစ္စာပစ္စည်းတို့ မြေအောက် အနေအထားအနက်ကို အောက်ပါအတိုင်း သတ်မှတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)ထွာ (၁)တောင်၊
(၂)တောင် (၁)ရာဇဟတ္ထမင်းတောင် (တစ်ကိုက်)
(၁၀)တောင် (၁)ဒဏ္ဍ
(၃၀)ဒဏ္ဍ (၁)နိဝတ္တန

အလျားအတောင် (၃၀၀) အနံအတောင် (၃၀၀) ဝဂ္ဂဟတ္ထ အတောင်(၉၀၀၀၀)ကို (၁)နိဝတ္တန ဟု ခေါ်သည်။ ဘာကရဆရာ၏ အဆိုအရမှာ. . .

(၈)မုယော (၁)လက်သစ်
(၂၄)သစ် (၁)တောင်
(၁၀)တောင် ဝါး(၁)ပြန်

ဝါးအပြန်(၂၀)ရှိသော မြေပတ်လည်ကို နိဝတ္တန(၁)ခု ဖြစ်သည်ဟု ဆိုသည်။

ထိုအလိုအရဆိုလျှင် ဝဂ္ဂဟတ္ထ အတောင်(၄၀၀၀၀)သည် နိဝတ္တန(၁)ခု ဖြစ်ပေ၏။

နိဝတ္တနမြေတစ်ခုအတွင်း၌ မြှုပ်နှံထားခဲ့သော ဥစ္စာပစ္စည်းတို့ မေ့လျော့ပျောက်ပျက်ခဲ့သည်ဆိုငြားက မြေမျက်နှာ၏ဌာနဒွါရ၌ မျက်နှာ၁၀ တည်သော အဟိဗလစက်ကို ချရာ၏။

မှတ်ချက်။ ။'ဌာနဒွါရ' ဆိုသည်မှာ အိမ်အတွင်း၌ဖြစ်မူ အိမ်ဝန်းတံခါးသည် 'ဌာနဒွါရ' ဟု မှတ်ယူရမည်၊ အိမ်ဝန်းအပြင်၌ ဖြစ်မူ ထိုအရပ်သို့ နဂါးဦးခေါင်းကျရာ အရပ်ကို ဌာနဒွါရဟု မှတ်ယူပါ။



www.burmeseclassic.com

www.burmeseclassic.com



**နဝါးလှည့်မှာ။** တပေါင်း၊ တန်ခူး၊ ကဆုန် အနောက်အရပ်လှည့်၊ နယုန်၊ ဝါဆို၊ ဝါခေါင် မြောက်အရပ်လှည့်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း အရှေ့ဘက်သို့ လှည့်၊ နတ်တော်၊ ပြာသို၊ တပို့တွဲ တောင်အရပ်သို့လှည့် ဟူ၍ မှတ်ယူထားပါ။

သို့မဟုတ်ပါက နက္ခတ်ဖြင့် တွက်လိုသူများသည်. . .

ကြတ္တိကာ၊ ရောဟနီ၊ မိဂသီ၊ အဒြ၊ ပုဏ္ဏဗုသျှ၊ ဖုသျှ၊ အသလိဿ ဤနက္ခတ်(၇)လုံးသည် အရှေ့အရပ်၊ မာဃ၊ ပြုဗ္ဗဖလဂုဏီ၊ ဥတ္တရဖလဂုဏီ၊ ဟဿဘ၊ စိတြ၊ သွာတိ၊ ဝိသာခါ ဤနက္ခတ်(၇)လုံးကား တောင်အရပ်၊ အနူရာဓ၊ ဇေဋ္ဌ၊ မူလ၊ ပြုဗ္ဗာသဠ်၊ ဥတ္တရာသဠ်၊ အဘိဇိ၊ သရဝဏ် ဤနက္ခတ်(၇)လုံးက အနောက်အရပ်၊ ဓနသိဋ္ဌ၊ သတဘိသျှ၊ ပြုဗ္ဗဘဒြပိုဒ်၊ ဥတ္တရာဘဒြပိုဒ်၊ ရေဝတီ၊ အဿဝဏီ၊ ဘရဏီ၊ ဤနက္ခတ်(၇)လုံးကား မြောက်အရပ်ဟူ၍ မှတ်ယူထားနိုင်ပါသည်။

ဌာနဒွါရကို ကောက်ယူရာတွင် ဆိုင်သောနက္ခတ်သည် ဖြသနာအခါတွင် စန်းနှင့် ယှဉ်၏၊ ထိုစန်းယှဉ်နက္ခတ်ကိုပင် ဌာနဒွါရဟူ ကောက်ယူရာ၏။

**အတိဗလစက် ပြုလုပ်ပုံမှာ. . .**

အလျား(၇)ကွက်၊ အနံ(၄)ကွက်အားဖြင့် အားလုံး(၂၈)ကွက်သည် အဟိစက်မည်သည် (၇)ကွက် (၄)တန်း ရှိရာ ပထမတန်းမှ အစဉ်အတိုင်း ရေဝတီ၊ အဿဝဏီ၊ ဘရဏီ၊ ကြတ္တိကာ၊ မာဃ၊ ပြုဗ္ဗဖလဂုဏီ၊ ဥတ္တရဖလဂုဏီ နက္ခတ်(၇)လုံးကိုချ၊



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယတန်း၌ ဥတ္တရာဘဒြပိုဒ်၊ ပြုဗ္ဗာဘဒြပိုဒ်၊ သတဘိသျှ ရောဟိနီ၊ အဿလိဿ၊ ဖုဿျှ၊ ဟဿဘ နက္ခတ်(၇)လုံးကိုချ၊

တတိယတန်း၌ အဘိဇိ သရဝဏ်၊ မနသိဒ္ဓါ မိဂသီ၊ အဒြ ပုဏ္ဏဝုသျှု စိတြ အစရှိသော နက္ခတ်(၇)လုံးကိုချ၊

စတုတ္ထတန်း၌ ဥတ္တရာသဠ်၊ ပြုဗ္ဗာသဠ်၊ မူလ၊ ဇေဋ္ဌ၊ အနု ရာဓ ဝိသာခါ သွာတိ၊ နက္ခတ်(၇)လုံးကိုချ၊

ဤသို့ ချအပ်သည်ရှိသော် စက်၌ မြွေပုံသဏ္ဌာန် ရှိသော ဟတ္ထာရဖြစ်၏။

*နံပါတ်နှင့် နက္ခတ်အမည်*

၁။ အဿဝနီ
၂။ ဘရဏီ
၃။ ကြတ္တိကာ
၄။ ရောဟိနီ
၅။ မိဂသီ
၆။ အဒြ
၇။ ပုဏ္ဏဝုသျှု
၈။ ဖုသျှ
၉။ အဿလိဿ
၁၀။ မာဃ
၁၁။ ပြုဗ္ဗဖလဂုဏ်
၁၂။ ဥတ္တရဖလဂုဏ်
၁၃။ ဟဿဘ


www.burmeseclassic.com

www.burmeseclassic.com



၁၄။ စိတြ
၁၅။ သွာတိ
၁၆။ ဝိသာခါ
၁၇။ အနူရာဓ
၁၈။ ဇေဋ္ဌ
၁၉။ မူလ
၂၀။ ပြုဗ္ဗာသဠ်
၂၁။ ဥတ္တရာသဠ်(အဘိဇိ)
၂၂။ သရဝဏ်
၂၃။ ဓနသိဋ္ဌ
၂၄။ သတဘိသျှ
၂၅။ ပြုဗ္ဗဘဒြပိုဒ်
၂၆။ ဥတ္တရာဘဒြပိုဒ်
၂၇။ ရေဝတီ

ဥစ္စာပစ္စည်း ရှိမရှိ မေးမြန်းလာလျှင် စန်းနှင့် ယှဉ်သော ွတ်၏အကြင်မျှလောက်သော ဃဋီပလ လွန်သော် ထိုလွန် ာ(ဘယာတ)ဃဋီပလကို (၂၇)နှင့်မြှောက်၊ (၆၀)နှင့်စား၊ လဒ် ွတ်၌ အဿဝနီ စသော လွန်ပြီးသော နက္ခတ်သချာရေကို နှော၊ ဘဏ္ဍာလိက စန်းစီး စန်းယှဉ် နက္ခတ်ဖြစ်သည်။

သဋီပလနှင့် ဃဋီ၊ ဝိဃဋီ အတူတူပင်ဖြစ်၏။

-(၁၃၂၁)ခု၊ တန်ဆောင်မုန်းလပြည့် စနေနေ့၊ ံနက်(၁၀) နာရီ၊ မိနစ်(၃၀)။

www.burmeseclassic.com



၎င်းကို စက်နာရီမှ မြန်မာနာရီပြန်မည်ဆိုလျှင် စက်နာရီ မိနစ်၊ စက္ကန့်(၃)ထပ်လုံးကိုတည်၊ (၅)နှင့်မြှောက်၊ အောက်(၂)ထပ်မှာ (၆၀)မနေရာတက်၍ အထက်ဆုံးမြှောက်ရ၊ နာရီကို (၂)ခုစား၊ လဒ် ကား နာရီ၊ သေသကို (၆၀)ပွား၊ မိနစ်တက်၍ စားမြဲစားလဒ်ကား ဗီဇနာ၊ သေသကို ပွားမြဲပွား၊ စက္ကန့်တက်၍ စားမြဲစားလဒ်ကား အခရာဖြစ်၏။

(၁၀)နာရီ၊ မိနစ်(၃၀)

၁၀ - ၃၀

| | | | |
|---|---|---|---|
| | ၅ | | |
| ၂) | ၅၂ - ၃၀ | | (၂၆)နာရီ |
| | ၄ | | |
| | ၁၂ | | |
| | ၁၂ | | |
| | × | | |
| ၂) | ၃၀ | (၁၅ ဗီဇနာ) | |

## ဥစ္စာပစ္စည်း ရှိမရှိ သိရန်မှာ. . .

အန္တရတက္ကာလိက တနင်္ဂနွေနှင့် စန်းတို့သည် ဂါထာနံပါ (၁၀)၌ ဆိုအပ်ပြီးသော တနင်္ဂနွေနက္ခတ်၊ တနင်္လာနက္ခတ်(၂)မျိုး တွင် တနင်္လာနက္ခတ်ချည်း စီးကြမှ ထိုအရပ်၌ မုချဥစ္စာရှိမည်

တနင်္ဂနွေ နက္ခတ်ချည်း စီးကြပါမူ ထိုအရပ်၌ဥစ္စာနှင့် နှစ်မျိုးစလုံး ရှိ၏။ အပြန်အလှန် စီးကြမူ ထိုအရပ်၌ ဘာမှ မရှိ

www.burmeseclassic.com



စန်းသည် ပါပဂြိုဟ်နှင့် ပူးလျှင် ဥစ္စာပင် ရှိသော်လည်း မရနိုင်။

ဥစ္စာရမရ သိရှိရန်မှာ. . .

စန်းသည် သုတရာသီ၌ တည်မူ မုချဥစ္စာမြဲမည်၊

ပါပရာသီ၌ တည်မူ မရဟု မှတ်ပါ။

ခီကာစန်း(လကွယ်၏အနီးအပါးသို့ ရောက်သောစန်းကို ခီကာစန်းဟု ခေါ်သည်)

တနင်္ဂနွေ အင်္ဂါ စနေ ရာဟု ကိတ်ဂြိုဟ်တို့သည်လည်း ကောင်း၊ ၎င်းဂြိုလ်ငါးလုံးနှင့် ပူးသော ဗုဒ္ဓဟူးဂြိုဟ်သည် 'ပါပ' ဂြိုဟ် သည်၏။

ဥစ္စာပစ္စည်း အမျိုးအစား သိနိုင်ပုံ

ပုဏ္ဏစန်းဖြစ်မူ များစွာသောဥစ္စာရှိ၏။

ခီကာစန်းဖြစ်မူ အနည်းငယ်သာ ရှိ၏။

ထို့ပြင် ဂြိုဟ်မြင်၏အစွမ်းအားဖြင့် ဥစ္စာ(၉)မျိုးကို သိနိုင်ပေ သည်။

ပုဏ္ဏစန်းဖြစ်မူ ထိုအရပ်၌ ပုလဲရှိ၏။

စန်းကို တနင်္ဂနွေမြင်မူ ရွှေရှိ၏။

အင်္ဂါမြင်မူ ကြေးနီရှိ၏။

ဗုဒ္ဓဟူးမြင်မူ ကြေးဝါ၊

ကြာသပတေးမြင်မူ စိန်၊ ပတ္တမြား စသော ကျောက်မျက် ...



www.burmeseclassic.com

www.burmeseclassic.com



သောကြာမြင်မူ ကြေးနှင့်သတ္တုရောသောသတ္တုတစ်မျိုး၊
စနေမြင်မူ သံ၊
ရာဟုမြင်မူ ခဲ၊
ကိတ်မြင်မူ ဖလ်မှန် ရှိပေမည်။
(စန်းကို ဂြိုဟ်အများ ရောနှော၍မြင်မူ ထိုဂြိုဟ်တို့နှင့် ဆိုင်သောပစ္စည်းများ ရောနှောနေမည်၊ စန်းကို ဂြိုဟ်တစ်လုံးမှ မမြင်မူ မည်သည့်ပစ္စည်းဥစ္စာမှ မရှိဟု သိအပ်ပြီး စန်းကို ဂြိုဟ်အားလုံးက မြင်မူ များစွာသော ဥစ္စာပစ္စည်းများ ရှိသည်ကို သိနိုင်ရာ၏။)

## ဥစ္စာတည်ရာ အိုးခွက်သိပုံ

စန်းသိဟ်ရာသီ၌ တည်မူ ရွှေခွက်၌ ဥစ္စာရှိ၏။
ကြကဋ်ရာသီ၌ တည်မူ ငွေခွက်၌ ရှိသည်။
မိဿနှင့်ပြိစ္ဆာရာသီ၌ တည်မူ ကြေးနီခွက်၌ ရှိသည်။
မေထုန်နှင့်ကန်ရာသီ၌ တည်မူ ကြေးဝါခွက်၌ ရှိသည်။
မနုနှင့်မိန်ရာသီ၌ တည်မူ ကျောက်အိုးကျောက်ခွက်၌ ရှိသည်။
ပြိဿနှင့်တူရာသီ၌ တည်မူ မြေအိုးမြေခွက်၌ ရှိသည်။
မကာရနှင့်ကုန်ရာသီ၌ တည်မူ သံအိုးသံခွက်၌ ရှိသည်။

## မြေအောက်၌ ဥစ္စာတည်ရာဌာန၏အတောင်ပမာဏကို သိနိုင်ပုံ

စန်းသည် မိမိတည်ရာ ရာသီ၌ အကြင်မျှလောက်သော အံသာကို လှန်၏၊ တစ်နည်း အကြင်မျှလောက်သော နဝင်းကို



www.burmeseclassic.com

www.burmeseclassic.com



သန့်၏၊ ထိုမျှလောက် လွန်ပြီးသော အံ့သာ(သို့မဟုတ်)နဝင်းနှင့် ဘူသော ပမာဏ ရှိသည့် ဥစ္စာရှင်၏အတောင်အောက်၌ တည်၏။

စန်းသည် မိမိနိစ်ရာသီ၌ တည်မူ လွန်ပြီးသော အံ့သာ သို့မဟုတ် နဝင်း၏နှစ်ဆထက် အတောင်ပမာဏအောက်၌ ဥစ္စာ ဘည်၏။

ပရမနိစ် အံ့သာ၌ တည်မူ မြေအောက်ရှိ ရေသို့ ရောက်မှ ဥစ္စာတွေ့မည်။

စန်းသည် မိမိရာသီ၌ တည်မူ လွန်ပြီးသော နဝင်းပမာဏ နှင့် တူမျှသာ အတောင်အရေအတွက်၏အထက်၌ တည်၏။

ပရမနိစ်အံ့သာ၌ တည်သော်လည်းကောင်း၊ နက္ခတ္တသန္ဓိ၌ ဘည်နေလျှင်သော်လည်းကောင်း မြေကြီး၏အထက်နံရံ၌ တည် ၏။

အဟိဗလစက်၌ အကြွင်အကွက်၌ စန်းသည် မိမိချည်း သက်သက်သော်လည်းကောင်း၊ ဂြိုဟ်တစ်လုံးလုံးနှင့် ပူးယှဉ်၍ သော်လည်းကောင်း တည်မူ ထိုအကွက်၌ပင်လျှင် ဥစ္စာတည်၏၊

တနင်္ဂနွေ အစရှိသော ဂြိုဟ်တို့နှင့် ယှဉ်မူ အောက်ပါအမည် ဂြိုဟ်နက်တို့သည် ဥစ္စာကို အုပ်စိုးစောင့်ရှောက်ကြကုန်၏။

(၁) စိန်ချည်းသက်သက်တည်မူ ဂြိုဟ်(၉)လုံး၊

(၂) တနင်္ဂနွေနှင့်ပူးမူ မုဒ္ဒဂြဟနတ် (သို့မဟုတ်) မုချဂြဟနတ်၊

(၃) အင်္ဂါနှင့်ပူးမူ ခေတ္တပါလနတ်၊

(၄) ဗုဒ္ဓဟူးနှင့်ပူးမူ မာတိကာနတ်၊

(၅) ကြာသပတေးနှင့်ပူးမူ ဒီပေသနတ်၊



www.burmeseclassic.com

www.burmeseclassic.com



(၆) သောကြာနှင့်ပူးမူ ဘီသနနတ်၊

(၇) စနေနှင့်ပူးမူ ဂုဒြနတ်၊

(၈) ရာဟုနှင့်ပူးမူ ဘီလူး၊

(၉) ကိတ်နှင့်ပူးမူ နဂါးသည် ဥစ္စာကို စောင့်သည်။

ဥစ္စာကို စောင့်ရှောက်သော နတ်ကို သိရမူ ဂြိုဟ်(၉)လုံးဖြစ်မူ ဂြိုဟ်မင်းတို့ကို ပူဇော်ပါ။

မုဒ္ဒဂြိုဟ(သို့မဟုတ်)မုချဂြိုဟနတ်ဖြစ်မူ လချမီနတ်သမီးကို ပူဇော်ပါ။

ခေတ္တပါလနတ်ဖြစ်မူ သေအရက် သားငါးတို့ဖြင့် ပူဇော်ပါ။

မာတိကာနတ်ဖြစ်မူ များစွာသော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ပူဇော်ပါ။

ဒီပေသနတ်ဖြစ်မူ ၎င်းကို ဖယောင်းတိုင်ဆီမီးတို့ဖြင့် ပူဇော်ပါ။

ဘီသနနတ်နှင့် ဂုဒြနတ်ဖြစ်မူ ၎င်းတို့ကို အသီးအသီး ပူဇော်ပါ။

ဘီလူးဖြစ်မူ သားစိမ်း၊ ငါးစိမ်းတို့ဖြင့် ပူဇော်ပါ။

နဂါးဖြစ်မူ ဂဏေသန နတ်နှင့် နဂါးတို့ကို ပူဇော်ပါ၊ အလုံးစုံသောကိစ္စတို့၌ မြေ၊ ရေ၊ လေ၊ မီး၊ ကောင်းကင် ဟူသော ပဉ္စဘုတ်တို့ကို ပူဇော်ရာ၏။ ဥစ္စာစောင့်သော ဂြိုဟ်နတ်တို့ကို ပူဇော်မူ လိုအင်သောဥစ္စာကို ရပေမည်။

ရတနဂ္ဘစက် ပြုလုပ်ရန်မှာလည်း အောက်ပါအတိုင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလျား(၉)ကွက်၊ အနံ(၁၂)ကွက် ရှိသော ဇယားကွက်ကို ချပါ၊ အားလုံး (၁၀၈)ကွက်ရှိသည်။

နေ့အချိန်၌ဖြစ်မူ ပြိဿရာသီမှ စ၍ချပါ၊

ညဉ့်အချိန်၌ဖြစ်မူ ဗြိစ္ဆာရာသီမှ စ၍ချပါ၊

ရာသီအားလုံး၏(၉)နဝင်းသင်္ချာကို ရေးထည့်ရပါမည်။

နေထွက်မှ (၂)နာရီတိုင်အောင် အရှေ့မြောက်ထောင့် အရပ်၊ နောက်(၂)နာရီကြာလျှင် အနောက်တောင်ထောင့်အရပ်၊ နောက်ထပ်(၂)နာရီကြာလျှင် အနောက်တောင်ထောင့်၊ နောက်(၂) နာရီကြာလျှင် အနောက်မြောက်ထောင့်အရပ်မှ (၁၂)ရာသီတို့၏ နဝင်းကို ရေးပြီးလျှင် မိမိတို့၏နဝင်း၌ တနင်္ဂနွေ အစရှိသောဂြိုဟ်တို့ ကို ရေးသွင်းရာ၏။

စန်း၏ဝသည်၌ စန်း-တနင်္ဂနွေ (၂)မျိုးစလုံးတည်မူ ထိုအရပ် ၌ မုချဥစ္စာရှိသည်။ တနင်္ဂနွေ၏ဝသည်၌ ဂုဏ်ဂြိုဟ်(၂)လုံးတည်မူ အရိုးရှိ၏၊ မိဿကဝသည်၌ ဂုဏ်ဂြိုဟ်(၂)လုံး တည်မူ ထိုမြေအရပ်၌ နတ်ရှိသည်။ စန်း၏ဝသည်၌ တနင်္ဂနွေ၊ တနင်္ဂနွေ၏ဝသည်၌ စန်းတည် ခဲ့ ဘာမှမရှိ၊ စန်း တနင်္ဂနွေတို့သည် မိမိတို့၏ဝသည်၌ အသီးသီး ဘည်ကြမူ ထိုအရပ်၌ ဥစ္စာအရိုး နှစ်မျိုးစလုံး ရှိသည်။ တနင်္ဂနွေ သည် မိမိရာသီ၌ တည်၍ (သို့မဟုတ်) မိမိနဝင်းကို စီး၍ စန်းသည် ဒိမိတ်ရာသီ၌ တည်မူ (သို့မဟုတ်) မိမိနဝင်းကို စီးမူ ထိုအရပ်၌ အိုးကွဲ၊ ဖွဲပြာ၊ ဆံပင်၊ မီးသွေး စသည်တို့ကိုသာ တွေ့နိုင်မည်၊ စန်း သည် သိဟ်ရာသီ၌ တည်၍(သို့မဟုတ်) တနင်္ဂနွေ နဝင်းကို စီး၍ တနင်္ဂနွေသည် မိတ်ရာသီ၌ တည်မူ(သို့မဟုတ်)မိမိနဝင်းစီးမူ များ



www.burmeseclassic.com

www.burmeseclassic.com



စွာသောဥစ္စာကို မြင်ရသော်လည်း မည်သည့်အခါ မည်သည့်နည်းနှင့်မှ မရနိုင်၊ တနင်္ဂနွေသည် တနင်္လာနဝင်းကို စီးမှု တနင်္လာသည် မိတ်နဝင်းကို စီးမှု ထိုဥစ္စာကို ရက္ခိုသည်၊ ဘုတ် ပြိတ္တာ စသည်တို့ စောင့်ရှောက်သည်ဖြစ်၍ မည်သည့်အခါမှ မရနိုင်၊ စန်းသည် မိမိရာသီ၌ တည်၍(သို့မဟုတ်) မိမိနဝင်းကို စီး၍ တနင်္ဂနွေသည် မိတ်ရာသီ၌ တည်မှု(သို့မဟုတ်) မိတ်နဝင်းကို စီးမှု ထိုအရပ်၌ ဥစ္စာရှိသော်လည်း မမြင်ရပေ။

သင့်လျော်သော အကြောင်းဥပါယ်ဖြင့် ထိုဥစ္စာကို ရမည်၊ တစ်စုံတစ်ရာ ဥပါယ်နှင့် ကင်း၍ မရနိုင်။

ယခု ရေးသားသော အဟိဗလစက်နှင့် ရတနဂ္ဂစက်တို့မှာ သင့်လျော်သလောက်သာ ရေးသားပြနိုင်ပါသည်။ အကယ်၍ အပြည့်အစုံ ရေးပါက လုံးချင်းတစ်အုပ်စာခန့် ရှိပါသည်။ ဤမျှထည့်သွင်းပေးရသည်မှာ ဝတ္ထုထဲတွင် သက်ဆိုင်ရာ အခန်းကဏ္ဍတွင် သုတရသ အနေဖြင့်သာ ရေးသားပြခြင်းဖြစ်ပါသည်။

တွက်နည်းနှင့် ဇယားကွက်များကို အပြည့်အစုံ မဖော်ပြနိုင်သောကြောင့်လည်း စိတ်မကောင်းဖြစ်ရပါသည်။ သလင်းကျောက်နန်းတော်ဝတ္ထုထဲတွင် 'အဌမုခဓာတ်ပညာ' အကြောင်းကို အနည်းငယ် ထည့်သွင်းခဲ့ဖူးရာ စာဖတ်ပရိသတ်များစွာတို့မှာ စိတ်ဝင်စားမှု ရှိခဲ့ကြသည်။

အဌမုခ ဓာတ်ပညာ စာအုပ်ကို လုံးချင်းအဖြစ် ထုတ်ဝေနိုင်ရန် စီစဉ်ထားပါကြောင်းနှင့်. . .

ယခု အနည်းငယ်မျှ ရေးသားခဲ့သော ရတနာပစ္စည်း ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



ရာတွင် အသုံးပြုသည့် အပဟိဗလစက်နှင့် ရတနဂ္ဗုစက်ကျမ်းကိုလည်း အလျဉ်းသင့်ပါက စာအုပ်အဖြစ် ပြန်လည်ထုတ်ဝေပါမည်ဟု ကြိုတင်ပန်ကြားအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၆)

# မြေတိုက်အခန်းထဲမှ ယန္တရားမှတ်တမ်း

ဦးသူတော်ထံမှ ရတနာပစ္စည်း ရှာဖွေသော အဟိဗလစော်နှင့် ရတနဂဗ္ဘစက်အကြောင်းများကို သိရရုံမက မောင်သုတနှင့် မြနှင်းဖြူတို့အကြောင်းကိုပါ သိရသဖြင့် ဒေါက်တာမင်းထင်ကျော်မှာ များစွာဝမ်းမြောက်ဝမ်းသာဖြစ်မိလေသည်။

သို့စေကာမူ ဘောဂဗလစံအိမ်ကြီးအတွင်း၌ မြှုပ်နှံထားခဲ့သော မြနှင်းဖြူအလောင်း ရှိမည့်နေရာမှာ ရှာဖွေရန် မလွယ်ကူသေး

ထိုအခါ ဦးသူတော်က. . .



www.burmeseclassic.com

www.burmeseclassic.com



"အဟိဗလစက်နဲ့ တွက်ကြည့်ရင် မြေအောက်မှာ ရှိတဲ့ အရိုးဘယ်နေရာမှာ ရှိတယ်ဆိုတာ သိနိုင်တာပေါ့"

ဟု ပြောသည်။

"အဟိဗလစက်ဆိုတာ အခု အဘပြောမှပဲ ကြားဖူးတော့ ကျွန်တော်တို့က ကျွမ်းကျွမ်းကျင်ကျင် ဘယ်တွက်နိုင်ပါ့မလဲ အဘရဲ့"

"ဒီလောက်လည်း စိတ်မပူပါနဲ့၊ ဘောဂဗလစံအိမ်ကြီးကို ကျုပ်ကိုယ်တိုင် လိုက်ပြီးတွက်ချက်ပေးပါ့မယ်"

"ဒီလိုဆိုရင်တော့ ဝမ်းသာစရာပေါ့ အဘရယ်"

"ဒါပေမယ့် အခုချက်ချင်းတော့ သွားလို့မဖြစ်သေးဘူး ထင်တယ်"

"ဘာကြောင့်လဲ အဘ"

"သူကြီးအိမ်မှာ ရောက်နေကြတဲ့လူတွေကလည်း အဲဒီကိစ္စကိုပဲ စိတ်ဝင်စားနေကြတာ မဟုတ်ဘူးလား၊ ကျုပ်တို့ သွားတာနဲ့ သူတို့က နောက်ယောင်ခံပြီး လိုက်လာကြမှာ သေချာတယ်"

"ဒါဖြင့် ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"သူတို့ မရိပ်မိအောင် စီစဉ်ကြမှ အဆင်ပြေကြမယ် ထင်တယ်"

"အဘ ကောင်းသလိုသာ စီစဉ်ပါ"

ဟု ပြောရာ ဦးသူတော်က ၎င်းအစီအစဉ်များကို ပြောပြလေသည်။

နောက်တစ်ရက်တွင် ဦးဒီပတို့လေးယောက် ရောက်လာကြ

www.burmeseclassic.com



သည်။ ကိုထွန်းနှင့်ကျော်ကြီးတို့က ဒေါက်တာမင်းထင်ကျော်ကို မြင်သောအခါ ပြုံး၍နှုတ်ဆက်ကြသည်။

"ဟာ. . . ဆရာလည်း ဒီရွာကို ရောက်နေတာကိုး၊ ကျုပ်တို့တွေ ရေစက်မကုန်ကြလို့ ပြန်ဆုံကြပြန်ပြီ"

ကိုထွန်းက တွေ့သည်နှင့် ပြောလိုက်ရာ ဒေါက်တာမင်းထင်ကျော်က. . .

"ဒီရွာကို ဘယ်တုန်းက ရောက်နေကြတာလဲ"

ဟု မေးလိုက်သည်။

"သိပ်တော့ မကြာသေးပါဘူး၊ ဒီရွာက သူကြီးဦးဘမှင်က ကျုပ်ရဲ့ဘကြီးလေ၊ ဆရာလေး ဒီရွာလာမယ်မှန်းသာ သိရင် ကျုပ်ကိုယ်တိုင် လိုက်ပို့ပေးတာပေါ့ဗျာ"

ဟု ဟန်မပျက် ပြောသည်။

"ကျေးဇူးတင်ပါတယ်ဗျာ"

"ဒါထက် ဆရာလေးရဲ့လေ့လာရေးကိစ္စရော အဆင်ပြေရဲ့လား။ လေ့လာချင်တဲ့နေရာတွေရော ပြည့်စုံရဲ့လား"

"ပြည့်စုံပါတယ်"

"ဒါထက် ဆရာလေး လေ့လာချင်တဲ့ ဘောဂဗလ စံအိမ်ကြီးကိုရော ရောက်ခဲ့ပြီလား"

"ရောက်ပါတယ်"

"ဘယ်နှယ့်လဲ. . . ဆရာလေးအတွက် ထူးထူးဆန်းဆန်းတွေရော တွေ့ခဲ့ရဲ့လား"

"တွေ့သင့်သလောက်တော့ တွေ့ရပါတယ်၊ စာရေးဖို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် အချက်အလက်တွေလည်း ရခဲ့ပါတယ်၊ ဒါကြောင့် မနက်စောစော အင်းဝပြန်ကြတော့မလို့ ပြင်ဆင်နေကြတာ"

ထိုစကားကြားသောအခါ ဦးဒီပကိုယ်တိုင်ကပင် အံ့ဩသွားဟန်ရှိလေသည်။

"ဟင်. . မိတ်ဆွေတို့က ပြန်ကြတော့မယ်ဟုတ်လား"

"ဟုတ်တယ် ဆရာကြီးရဲ့၊ ဒီအိမ်ကြီးက ရောက်ဖူးတယ်ရှိအောင် အပေါ်ယံ လေ့လာဖို့လောက်သာ ကောင်းတာပါ။ အတွင်းကို နှိုက်နှိုက်ချွတ်ချွတ် လိုက်ပြီးလေ့လာရင် အန္တရာယ် ရှိနိုင်တာတွေ တွေ့ရလို့ ဒီလောက်ပဲ လေ့လာပြီးတော့ ပြန်ကြမှာပါ"

ထိုစကားကြားသောအခါ လေးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြကာ ဇဝေဇဝါ ရှိနေကြသည်။

"ဒါဖြင့် မောင်ရင်တို့က အထဲကိုတောင် ရောက်ခဲ့ကြတယ်ပေါ့"

"ရောက်ပါတယ်. . မြေအောက်ခန်းထဲအထိတော့ ရောက်ခဲ့ပါတယ်"

ဒေါက်တာမင်းထင်ကျော်က အရေးမကြီးသော ဟန်အမူအယာနှင့် ပြောလိုက်လေသည်။

"မြေအောက်အခန်းထဲ ရောက်တော့ ဘာတွေ တွေ့ခဲ့သလဲဟင်"

"တခြားတော့ မတွေ့ရပါဘူး၊ လူအရိုးတွေပဲ တွေ့ခဲ့တယ်"

"ဟို. . ဟို. . ဆရာတို့ အထဲဝင်တော့ မလောလောဆ



www.burmeseclassic.com

www.burmeseclassic.com



သနေတဲ့လူတစ်ယောက်ကို မတွေ့ခဲ့ဘူးလားဟင်”

ထိုစကားကို အလောတကြီး ဝင်မေးသူက ကျော်ကြီးပင်ဖြစ်သည်။

“မတွေ့ခဲ့ဘူးဗျ. . . ဘယ်သူလဲဟင်”

ဒေါက်တာမင်းထင်ကျော်က မသိဟန်ဆောင်၍ မေးလိုက်သည်။

“ကျော်ကြီးကလည်းကွာ. . . ဧည့်သည်တွေကို ဘာတွေ သျှာက်မေးနေတာလဲ၊ သူတို့က တစ်နယ်က လာကြတာဆိုတော့ ဒီအကြောင်းတွေကို ဘယ်သိပါ့မလဲ”

ဟု ဦးဒီပက ဝင်ပြောလိုက်တော့မှ စကားစ ပြတ်သွားလေတော့သည်။

“ကျုပ်တို့ အခုလာတာ တခြားတော့ မဟုတ်ပါဘူး၊ မိတ်ဆွေတို့အတွက်လည်း အကျိုးရှိ၊ ကျုပ်တို့အတွက်လည်း အဆင်ပြေအောင် အလုပ်တစ်ခု အတူတူလုပ်ရအောင်လို့ လာပြီးညှိနှိုင်းကြတာပဲ”

ဟု ဆက်ပြောသည်။

“ဘယ်လိုအလုပ်မျိုးပါလိမ့်”

“တခြားတော့ မဟုတ်ပါဘူး၊ ကျုပ်တို့ကလည်း ဘောဂဗလ အိမ်ကြီးထဲကို ဝင်ပြီးလေ့လာကြဖို့ လာခေါ်ကြတာပါပဲ၊ အဲဒီတော့ ခင်တို့အဖွဲ့နဲ့ ကျုပ်တို့အဖွဲ့ ပူးပေါင်းပြီး အထဲဝင်ကြည့်ကြရင် ကောင်းဘူးလားဟင်”

ထိုစကားကြားသောအခါ ဦးဗန်ကောင်းက. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကတော့ တခြားအလုပ်ကိစ္စလေးတွေ ရှိလို့ ထပ်မဝင်တော့ပါဘူး၊ ဒီကပဲ လှည့်ပြန်ကြတော့မှာပါ၊ ခင်ဗျားတို့ပဲ အေးအေးဆေးဆေး ဝင်ကြပါဗျာ"

ဟု စကားကို အပြီးပြောလိုက်သောအခါ ဦးဒီပတို့လည်း နောက်ထပ် စကားမဆက်သောတော့ဘဲ ထပြန်သွားကြလေသည်။ သူတို့ပြန်သွားပြီးသောအခါမှ ဦးသူတော်က. . .

"သူတို့ ကြည့်ရတာ အခြေအနေ သိပ်မဟန်လှဘူး၊ ကျုပ်တို့ရဲ့အကြံအစည်ကို ရိပ်မိနေတာလည်း ဖြစ်မယ်၊ ဒါမှမဟုတ် ကျုပ်တို့အခြေအနေကို တစေ့တစောင်း စောင့်ကြည့်ပြီး အကဲခတ်နေတာလည်း ဖြစ်မယ်"

ဟု မှတ်ချက်ချသည်။

"ဒါဖြင့် ဘယ်လိုလုပ်ရင် ကောင်းမလဲ အဘ"

"ကျုပ်တို့ လုပ်မယ့်အစီအစဉ်တွေကို သိုသိုသိပ်သိပ် လုပ်ကြမှ သင့်မယ်၊ နောက်ပြီး ဒီလူတွေကိုလည်း အလစ်ပေးလို့ မဖြစ်တော့ဘူး၊ ဒီတော့ မနက်လင်းတော့ မောင်ရင်တို့က အင်းဝပြန်မယ်ဆိုပြီး သွားကြပေတော့၊ နောက်မှ ကျုပ်တို့နဲ့ အဆက်အသွယ် လုပ်ပြီးမှ မူလအစီအစဉ်အတိုင်း မကောင်းဘူးလား"

"ဒီအကြံကောင်းတယ် အဘ၊ သူတို့တတွေကိုလည်း ခြေရာဖျောက်ရာ ရောက်တာပေါ့"

ဟု ပြောဆိုတိုင်ပင်ကြလေသည်။

ညဦးပိုင်း မှောင်စပျိုးသောအချိန်သို့ ရောက်သောအခါ မြသင်းကြူက ဒေါက်တာမင်းထင်ကျော် ရှိရာသို့ လာပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို. . . ကျွန်မတို့ ဘောဂဗလစ်အိမ်ကို သွားကြရအောင်"

ဟု လာပြောသည်။

"ဘယ်သူနဲ့ သွားကြမှာလဲ"

"အစ်ကိုနဲ့ကျွန်မ နှစ်ယောက်တည်း သွားကြမယ်၊ အစ်မတော်နဲ့ တွေ့ရင် အစ်ကို သိချင်တာတွေ သိရနိုင်တယ်"

"အစ်မတော်ဆိုတာ ဘယ်သူလဲဟင်"

"အစ်မတော် မြနှင်းဖြူပါ။ သူ ခွင့်မပြုဘဲနဲ့ အစ်ကိုတို့ ဘာမှ သိရမှာမဟုတ်ဘူး၊ သူနဲ့ တွေ့လိုက်မှ အဖြေက ရှင်းသွားမှာ"

"သူကရော အတွေ့ခံပါ့မလား၊ နောက်ပြီး သိချင်တာတွေကို ပြောပြပါ့မလား"

"ဒါကတော့ သူနဲ့ တွေ့မှပဲ အဖြေသိရမှာပဲ၊ ဒါပေမယ့် ကျွန်မတို့ သွားတာ ဟိုအဖွဲ့တွေ မသိကြဖို့တော့ အရေးကြီးတယ်"

ဟု ပြောဆိုကာ နှစ်ယောက်သား လျှို့ဝှက်စွာ ထွက်လာခဲ့လေသည်။ လမိုက်ရက် ဖြစ်သောကြောင့် ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များက ဖုံးအုပ်ထားလေသည်။

ဒေါက်တာမင်းထင်ကျော်က ဂျာကင်အင်္ကျီ ဝတ်ထားပြီး ဘောင်းဘီအိတ်ထဲ၌ သေနတ်တစ်လက် ထည့်ထားလေသည်။

လက်နှိပ်ဓါတ်မီး ပါသော်လည်း ရွာအပြင်ရောက်မှ အသုံးပြုဝံ့လေသည်။

ဘောဂဗလစ်အိမ်ကြီးမှာ မနော်ရမ္မာရွာ၏ အနောက်ဘက် တစ်မိုင်ခန့်သာ ကွာဝေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြသင်းကြူမှာ ထိုလမ်းကို မကြာခဏ သွားလာဖူးနေဟန် ဖြင့် အမှောင်ထဲမှာ ဖြစ်သော်လည်း အခက်အခဲ မရှိ သွားနိုင်လေ သည်။

"အစ်ကို့ လက်နှိပ်မီးရောင်ကို သိပ်မသုံးနဲ့၊ ဒီလောက် မှောင် နေတဲ့အချိန်မှာ လက်နှိပ်မီးရောင်ကို အဝေးကနေ မြင်ရနိုင်တယ်၊ ဟိုလူတွေ ရိပ်မိသွားမယ်"

သို့ကြောင့် လက်နှိပ်မီးရောင်ကို ပိတ်ပစ်လိုက်သည်။ အစစ အရာရာ သတိရှိသော မြသင်းကြူကိုလည်း စိတ်ထဲမှ ကြိတ်၍ ချီးကျူးမိလေသည်။

လမ်းတစ်ဝက်ခန့် ရောက်သောအခါ. . .

"မင်း ဒီလမ်းတွေကို အခုလိုအချိန်မျိုးမှာ မကြာခဏ သွား နေတာပဲလားဟင်"

ဟု ခပ်တိုးတိုး မေးလိုက်သည်။

"ခဏခဏတော့ မဟုတ်ပါဘူး၊ အကြောင်းကိစ္စ ရှိရင်တော့ သွားရပါတယ်"

"ညအချိန်မတော် အခုလို တစ်ယောက်တည်း သွားလာ နေတာ မကြောက်ဘူးလား"

"ရွာသူရွာသားတွေက သိနေကြတာပဲ၊ ကြောက်စရာ မရှိပါ ဘူး"

"ကိုယ်ပြောတာက ပရလောကသားတွေ ဝိညာဉ်တွေကို ပြောတာ"

"ကျွန်မကို အစ်မတော်က ပုဝါလေးတစ်ထည် ပေးထား



www.burmeseclassic.com

www.burmeseclassic.com



တာ ရှိတယ်၊ အဲဒီပုဝါလေး ရှိနေရင် သရဲ၊ တစ္ဆေ၊ ဘုတ်၊ ပြိတ္တာတွေ အနှောင့်အယှက်မပေးနိုင်ဘူး၊ ခြောက်လှန့်ရင်တောင် အဝေးကပဲ ခြောက်လှန့်ကြတယ်"

ဟု ပြောကာ သူမအင်္ကျီအိတ်ထဲမှ ပုဝါဖြူတစ်ထည်ကို ထုတ်ပြသည်။

မီးရောင်ဖြင့် ထိုးကြည့်တော့ ပိုးချည်ဖြင့် ယက်လုပ်ထား သည့် ပုဝါရှည်ပင်ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်အနေကတော့ လက်တွေ့မကြုံရ သေးသောကြောင့် မြသင်းကြူ ပြောတာကို မယုံလှပေ၊ သူတို့နှစ် ယောက် စကားတပြောပြောနှင့် လျှောက်သွားရာ ညဦးပိုင်းအချိန် လောက်တွင် ဘောဂဗလ စံအိမ်ကြီးအနီးသို့ ရောက်သွားကြသည်။

ချုံနွယ်ပိတ်ပေါင်းများ ကာဆီးလျက် အဝေးမှ ကြည့်လျှင် မကောင်းဆိုးဝါးကြီးတစ်ကောင်ကဲ့သို့ ရှိနေသည်။

ခြံစည်းရိုးနှင့် မလှမ်းမကမ်းနေရာ ရောက်တော့ ခြံဝန်းထဲ မှာ သွားလာလှုပ်ရှားနေသော လူရိပ်များကို မြင်ရသည်။

လူတွေက အတော်များသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ ဘယ်က လူတွေများ ရောက်နေတာပါလိမ့်ဟု တွေးလိုက်မိသည်။

မြသင်းကြူကတော့ အခြေအနေကို တွက်ဆမိပုံရသည်။ ခဏကြာတော့ ရှေ့ရောနောက်ပါ ဘေးပတ်ပတ်လည်မှ ဆူဆူ ညံညံအသံများကို ကြားရသဖြင့် လှည့်ကြည့်လိုက်တော့ ရှင်းတို့နှစ် ယောက်ကို ဝိုင်းပတ်လျက် တဖြည်းဖြည်း ချဉ်းကပ်လာသော မည်း

www.burmeseclassic.com

www.burmeseclassic.com



မည်းသဏ္ဌာန်များကို တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်က လက်နှိပ်ဓာတ်မီးဖြင့် လှမ်းထိုးကြည့်ရန် ဟန်ပြင်လိုက်သည်နှင့် မြသင်းကြူက လက်ကို ဖမ်းဆွဲထားလိုက်သည်။

"မီးရောင်နဲ့ မထိုးနဲ့ အစ်ကို၊ ဒါတွေဟာ လူတွေ မဟုတ်ဘူး၊ နာနာဘာဝတွေပဲ၊ တစ်လတစ်ကြိမ် နှစ်ကြိမ်လောက်တော့ ဒီလိုပဲ ထွက်လာလေ့ရှိတယ်"

ဟု တိုးတိုးပြောသဖြင့် မီးရောင်ဖြင့် မထိုးဘဲ ဒီအတိုင်းနေလိုက်ရသည်။

မည်းမည်းသဏ္ဌာန်များက ရှေ့ရောနောက်ပါ တဖြည်းဖြည်းနှင့် ချဉ်းကပ်လာကြလေသည်။

တရွေ့ရွေ့ ချဉ်းကပ်လာသော သဏ္ဌာန်များမှာ အချို့ကို သဲသဲကွဲကွဲ မြင်ရသော်လည်း အချို့ကိုတော့ ဝိုးတဝါးသာ မြင်ရလေသည်။

အမှောင်ထဲမှာမို့ ရုပ်ဆင်းသွင်ပြင်တို့ကို မမြင်နိုင်သေးသော်လည်း ကြောက်မက်ဖွယ်ကောင်းသော အဆင်းသဏ္ဌာန်များ ဖြစ်သည်ကိုတော့ ခန့်မှန်းမိသည်။

"ကိုယ်တို့နှစ်ယောက်ကို ရန်မူကြလိမ့်မယ် ထင်တယ်"

"ဘာမှ မပါရင်တော့ ဒီလိုအချိန်မျိုးမှာ ကြုံကြိုက်ရင် သေမှု များတယ်"

"ဟင်. ."

"ဒါပေမယ့် မစိုးရိမ်ပါနဲ့ အစ်ကို၊ ကျွန်မဆီမှာ အစ်မတော်ရဲ့

www.burmeseclassic.com



ပဝါလေး ရှိပါတယ်၊ ဒီပုဝါလေး ရှိနေသမျှတော့ နာနာဘာဝတွေ အနားမကပ်နိုင်ကြပါဘူး၊ အစ်ကို ကျွန်မလက်ကိုသာ ကိုင်ထား"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က မြသင်းကြူ၊ လက်ကလေးတစ်ဖက်ကို ကိုင်ထားလိုက်သည်။

အချို့သဏ္ဌာန်များမှာ လူသဏ္ဌာန် မဟုတ်ဘဲ အလွန်ကြီးသောမြွေကြီးများ တရွေ့ရွေ့ လာနေသည်ကိုလည်း လှမ်းမြင်ရသည်။ အချို့မြွေကြီးများမှာ မလှမ်းမကမ်း ရောက်လာတော့မှ ပါးပျဉ်းထထောင်ရာ လူတစ်ရပ်နှစ်ရပ် မြင့်တက်သွားလေသည်။

အချို့လည်း အမှောင်ဖုံးနေသော သစ်တောများထဲမှာ တောတိုးသံများ၊ ကျားဟိန်းသံများကဲ့သို့အသံများ ကြားရလေသည်။

မလှမ်းမကမ်း အမှောင်ထဲမှ "လိုက်ဟေ့. . . လိုက်ဟ၊ ဝိုင်းဟေ့. . . ဝိုင်းဟ" ဟူသောအသံများကိုလည်း ကြားရသည်။

အချို့မည်းမည်းသဏ္ဌာန်များမှာ သူတို့နှစ်ယောက် ရပ်နေရာ နေရာနှင့် မနီးမဝေး ရောက်လာသည်အထိ တိုးကပ်လာကြသည်။

ထိုအခါ မြသင်းကြူက ရင်း၌ ပါလာသော ပုဝါဖြူကလေးကို မြင်သာအောင် ထုတ်ပြလိုက်သောအခါ အလန့်တကြားဖြင့် နောက်ဆုတ်သွားကြလေသည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်လည်း သဘောပေါက်သွားပြီး ပတ်ဝန်းကျင်၌ တွေ့မြင်နေရသည့် မည်းမည်းသဏ္ဌာန်များကို လှည့်ကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ၎င်းတို့ကို ဝိုင်းဝန်းခြောက်လှန့်လျက် ရှိသော မည်းမည်းသဏ္ဍာန်များဆီမှ ဆူညံသံများမှာ မီးကို ရေဖြင့်ဖြန်းလိုက်သကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

သို့စေကာမူ နေရာများမှာတော့ ရပ်တန့်နေကြသည်။ လှမ်းကြည့်လိုက်တော့ တိုက်ကြီးအတွင်းမှ အလင်းရောင်တစ်ခုပေါ်လာပြီး အမျိုးသမီးတစ်ဦး ထွက်လာလေသည်။

"အစ်မတော် မြနှင်းဖြူ လာပြီ"

မြသင်းကြူက တိုးတိုးလေး ကပ်ပြောသည်။

တိုက်ကြီးထဲမှ ထိုအမျိုးသမီး ထွက်လာသည်ကို မြင်သည်နှင့် စောစောက ဝိုင်းဝန်းနေကြသော မည်းမည်းသဏ္ဍာန်များမှာ တဖြည်းဖြည်း နောက်သို့ ဆုတ်သွားကြပြီး အမှောင်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေတော့သည်။

တိုက်ထဲမှ ထွက်လာသော အမျိုးသမီးက သူတို့နှစ်ယောက် ရှိရာသို့ လျှောက်လာသည်။

အသက်အရွယ် နှစ်ဆယ်ကျော်ခန့်သာ ရှိသေးပြီး အဝတ်အစားကတော့ ရွှေးခေတ်မိန်းကလေးများ ဝတ်ဆင်လေ့ရှိသော အဝတ်အစားများပင်ဖြစ်၏။

ထူးခြားမှုကတော့ ထိုအမျိုးသမီး၏မျက်နှာမှာ သူ့နံဘေး၌ ရပ်နေသည့် မြသင်းကြူမျက်နှာနှင့် အတော်ပင် ဆင်တူလေသည်။

"ကျွန်မ ဘုရားဝတ်ပြုနေလို့ မောင်ကြီးနဲ့ ညီမလေးတို့ ရောက်နေတာကို သတိမပြုမိလိုက်ဘူး၊ အခုတောင် ဓေဖေက သတိပေးလိုက်လို့ သိရတာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အပြုံးဖြင့် စကားဆိုသည်။

သူမအသံသည် ဘောဂဗလစံအိမ်ကြီးကို ရောက်စဉ်က အမှောင်ထဲမှ ကြားလိုက်ရသောအသံဖြစ်မှန်းတော့ စိတ်ထဲမှ မှတ်မိနေသည်။

"သူက ဘယ်သူလဲ"

"ကျွန်မတို့ဆီ လာတဲ့ ဧည့်သည်ပါ မမ၊ ဘဘနဲ့သည်း တွေ့ခဲ့ပြီးပါပြီ"

မြသင်းကြူက ပြောတော့ အမျိုးသမီးက ဒေါက်တာမင်းထင်ကျော်ကို ကြည့်သဖြင့် သူက အကြောင်းစုံ ပြောပြလိုက်သည်။

"အခု လာကြတာ ဘာကိစ္စရှိကြလို့လဲဟင်"

"ကျွန်တော် မြနှင်းဖြူနဲ့ တွေ့ချင်လို့ပါ"

"မြနှင်းဖြူဆိုတာ ကျွန်မပါပဲ၊ ကျွန်မနဲ့ တွေ့ချင်တာ ဘာအတွက်လဲဟင်"

"အမှန်အတိုင်း ပြောရရင် ဘောဂဗလစံအိမ်ကြီးကို လာခဲ့တာ ဒီမှာရှိတဲ့ ဥစ္စာပစ္စည်းတွေကို လိုချင်လို့ လာတာ မဟုတ်ပါဘူး။ ယန္တရား အတတ်ပညာတွေကို ကြည့်ချင်လို့ပါ။ ကျွန်တော့်ကို ခွင့်ပြုပါ"

ထိုစကားကြားသောအခါ မြနှင်းဖြူဆိုသော အမျိုးသမီးက အတန်ကြာအောင် စဉ်းစားနေသည်။

"ဒီပညာတွေကို ရတော့ ဘာအတွက် သုံးမှာလဲ"

"အကျိုးရှိမယ့်အလုပ်တွေမှာ သုံးပါ့မယ်"

"ရှင့်ကို ကြည့်ခွင့်ပြုမယ်ဆိုရင် ကျွန်မ တောင်းတဲ့ကတိကို

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကြည့်ချင်တဲ့ ပညာရပ်တွေက ဟိုအလောင်းပေါ်မှာ တင်ထားတဲ့ ကြေးပြားချပ်တွေထဲမှာ ရှိတယ်၊ ဒါတွေဟာ ကျွန်မ ချစ်သူ ကိုသုတရဲ့ယန္တရားအတတ်ပညာတွေနဲ့ လျှို့ဝှက်ချက်တွေပဲ၊ အာရုဏ်မတက်ခင်အချိန်အထိ ရှင်လေ့လာပေတော့"

ဟု ခွင့်ပေးလေရာ ဒေါက်တာမင်းထင်ကျော်က ဝမ်းသာအားရနှင့် အလောင်းအနီးသို့ ချဉ်းကပ်သွားကာ ရင်ဘတ်ပေါ်၌ တင်ထားသော ကြေးပြားများကို ကြည့်လေတော့သည်။ ကြေးပြားများပေါ်တွင် ရေးသားထားသော လက်ရေးများက ရှေးလက်ရေးများဖြင့် ရေးသားထားလေသည်။

ဒေါက်တာမင်းထင်ကျော်တစ်ယောက် တစ်သက်နှင့်တစ်ကိုယ် တွေ့ရခဲသော ရှေးဟောင်း ခေါမတိုင်းသားတို့ အသုံးပြုလေ့ရှိသည့် စက္ကောမ အတတ်ပညာဟု ခေါ်သည့် ယန္တရား အတတ်ပညာများ၊ လျှို့ဝှက်ချက်များကို လေ့လာကြည့်ရှုမှတ်သားနေစဉ် မြသင်းကြူနှင့် မြနှင်းဖြူတို့နှစ်ယောက် အခန်းထဲမှာ မရှိဘော့သည်ကိုပင် သတိမပြုမိလိုက်ချေ။

မြေတိုက်တံခါးကလည်း ပြန်ပိတ်နေပြီး အခန်းထဲမှာတော့ သူရယ်၊ ကြေးပြားမှတ်တမ်းများရယ်၊ အသက်ဝိညာဉ် ကင်းမဲ့နေသည့် မြနှင်းဖြူအလောင်းသာ ရှိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကြည့်ချင်တဲ့ ပညာရပ်တွေက ဟိုအလောင်းပေါ်မှာ တင်ထားတဲ့ ကြေးပြားချပ်တွေထဲမှာ ရှိတယ်၊ ဒါတွေဟာ ကျွန်မချစ်သူ ကိုသုတရဲ့ယန္တရားအတတ်ပညာတွေနဲ့ လျှို့ဝှက်ချက်တွေပဲ၊ အာရုဏ်မတက်ခင်အချိန်အထိ ရှင်လေ့လာပေတော့"

ဟု ခွင့်ပေးလေရာ ဒေါက်တာမင်းထင်ကျော်က ဝမ်းသာအားရနှင့် အလောင်းအနီးသို့ ချဉ်းကပ်သွားကာ ရင်ဘတ်ပေါ်၌ တင်ထားသော ကြေးပြားများကို ကြည့်လေတော့သည်။ ကြေးပြားများပေါ်တွင် ရေးသားထားသော လက်ရေးများက ရှေးလက်ရေးများဖြင့် ရေးသားထားလေသည်။

ဒေါက်တာမင်းထင်ကျော်တစ်ယောက် တစ်သက်နှင့်တစ်ကိုယ် တွေ့ရခဲသော ရှေးဟောင်း ခေါမတိုင်းသားတို့ အသုံးပြုလေ့ရှိသည့် စက္ကောမ အတတ်ပညာဟု ခေါ်သည့် ယန္တရား အတတ်ပညာများ၊ လျှို့ဝှက်ချက်များကို လေ့လာကြည့်ရှုမှတ်သားနေစဉ် မြသင်းကြူနှင့် မြနှင်းဖြူတို့နှစ်ယောက် အခန်းထဲမှာ မရှိဘော့သည်ကိုပင် သတိမပြုမိလိုက်ချေ။

မြေတိုက်တံခါးကလည်း ပြန်ပိတ်နေပြီး အခန်းထဲမှာတော့ သူရယ်၊ ကြေးပြားမှတ်တမ်းများရယ်၊ အသက်ဝိညာဉ် ကင်းမဲ့နေသည့် မြနှင်းဖြူအလောင်းသာ ရှိနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၇)

# ဘောဂဗလသို့ လျှို့ဝှက်လမ်း

နောက်တစ်နေ့ နံနက်စောစောအချိန်တွင် မြသင်းကြူ တစ်ယောက် အိမ်သို့ ပြန်ရောက်လာသည်။

ဦးသူတော်နှင့် ဦးဗန်ကောင်းတို့က ညဦးပိုင်းကတည်းက ဒေါက်တာမင်းထင်ကျော်နှင့် မြသင်းကြူတို့နှစ်ယောက် အိမ်မှ ပျောက်သွားသောကြောင့် များစွာစိတ်ပူနေကြလေသည်။

"သမီးတို့ ဘယ်သွားနေကြတာလဲ"

"ဘောဂဗလ စံအိမ်ကို သွားတာပါ"

"ဒါထက် ဟိုသူငယ်ကရော ဘယ်ကျန်ခဲ့သလဲ"

အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မြေအောက်ခန်းထဲမှာ ကျန်နေခဲ့တယ် အဘိုး"

"ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာလည်း ပြောပြစမ်းပါဦးကွယ်"

ထိုအခါ မြသင်းကြူက အဖြစ်အပျက်ကို ပြန်ပြောပြလေသည်။

"အစ်ကိုက အစ်မတော်မြနှင်းဖြူရဲ့အလောင်းနဲ့ အတူရှိနေတဲ့ ယန္တရားမှတ်တမ်းတွေကို လေ့လာချင်တယ်ဆိုလို့ အစ်မတော်ကို ခွင့်တောင်းပြီးတော့ မြေတိုက်ခန်းထဲကို ဝင်ခွင့်ရပါတယ်"

ထိုစကားကြားသောအခါ ဦးဗန်ကောင်းရော ဦးသူတော်ပါ အံ့သြနေကြသည်။

"အဲဒီတော့ ဘာဖြစ်သလဲ သမီး"

"အစ်ကို မြေတိုက်ခန်းထဲ ရောက်ရုံ ရှိသေးတယ်၊ သူတို့ ရောက်လာကြတယ်"

"ဘယ်သူတွေလဲဟင်"

"ဆရာဦးဒီပနဲ့ သူ့တပည့်တွေပဲ၊ ဒါ့အပြင် သူကြီး ဦးဘမှင်နဲ့ သူ့တပည့်တွေလည်း ပါလာကြတယ်၊ သူတို့ကြည့်ရတာ အဆောက်အဦးတွေကို ဖြိုဖျက်ပြီးတော့ ဥစ္စာပစ္စည်းတွေ ရှာကြမယ့်ပုံမျိုးပဲ"

"အဲဒီလိုလုပ်ရင် အားလုံးသေကုန်ကြမှာပေါ့"

"သူတို့ရောက်လာတာနဲ့ အစ်မတော်က မြေတိုက်တံခါးကို ပြန်ပိတ်ပြီး ကျွန်မကို ရှာပြန်လွှတ်လိုက်တာပဲ၊ အစ်ကိုတော့ မြေတိုက်အခန်းထဲမှာ ပိတ်မိနေပြီ၊ ကယ်ကြပါဦး. . . ကယ်ပေးကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မြသင်းကြူက ငိုသံပါလေးနှင့် ပြောနေသည်။

"ကဲ. . . ဘယ်လိုလုပ်ရင် ကောင်းမလဲ ဦးသူတော်၊ ကျုပ်တို့လူကိုတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ကယ်ရမှာပဲ၊ ဒီအတိုင်း သွားရင်လည်း သူတို့က ရောက်နေပြီဆိုတော့ ရိပ်မိသွားမှာ စိုးရသေးတယ်"

ဦးဗန်ကောင်းက ပြောသည်။

"ဒီလောက် စိတ်မပူပါနဲ့၊ ဘောဂဗလစံအိမ်ကို ရောက်ဖို့ သူတို့ မသိအောင် သွားတဲ့ လျှို့ဝှက်လမ်း ရှိပါတယ်"

ဟု ဦးသူတော်က အေးအေးဆေးဆေး အမူအယာဖြင့် ပြောလေသည်။

"ဘယ်လမ်းလဲဗျ"

"မဟာဗောဓိဘုရားရဲ့ ဌာပနာတိုက်အတွင်းကနေ ဘောဂဗလ စံအိမ်ကြီးကို သွားတဲ့ မြေအောက်လမ်း ရှိပါတယ်"

"ဖြစ်ပါ့မလား"

"စိတ်ချပါ. . . ဒီလမ်းက ကျုပ်တို့မြေးအဘိုး သွားနေကျပါ"

"ဘယ်လိုကြောင့် မြေအောက်လမ်းက သွားကြတာလဲ"

"ကျုပ်တို့ မြေးအဘိုးနဲ့ ဘောဂဗလစံအိမ်ကြီးက လူတွေ အဆက်အသွယ် ရှိတာကို အပြင်လူတွေ မသိစေချင်တာကလည်း ပါတယ်၊ နောက်တစ်ခုက တော်ရုံလူတွေလောက်ဆိုရင်တော့ ကျုပ်တို့မြေးအဘိုးကပဲ ဟန်ဆောင်ပြီး ခြောက်လှန့်ပစ်လိုက်ရတဲ့အခါတွေ ရှိပါတယ်"

"အဲဒီလို ခြောက်တော့ လူတွေက ကြောက်ကြသေးပဲလား"

"ညအချိန် မပြောနဲ့၊ နေ့အခါတွေမှာ ခြောက်ရင်တောင်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ကြပါတယ်၊ ခင်ဗျားတို့ အဲဒီစံအိမ်ကြီးကို စရောက်တဲ့ တစ်ညနှစ်ညက ခင်ဗျားတို့ အခြေအနေကြည့်ဖို့ ကျုပ်တို့မြေးအဘိုး ရောက်ကြသေးတယ်"

"ဟင်. . . "

"မောင်ထင်ကျော် ဘုရားခန်းထဲမှာ မေတ္တာပို့ ဆုတောင်း နေတော့ မြသင်းကြူတောင်မှ မြနှင်းဖြူ အယောင်ဆောင်ပြီး နောက်ကနေ စကားပြောခဲ့သေးတယ်"

"ဟင်. . "

"ဟုတ်ပါတယ်. . . ကျုပ်လည်း တစ်ခါတစ်ရံ ဘောဂ ဗလ သူဌေးကြီး အယောင်ဆောင်ပြီး လာရတဲ့အခါတွေ ရှိပါတယ်"

"ဒါထက် နေပါဦး၊ အဲဒီနေ့က အပေါ်ထပ်မှာလည်း လူတွေ ရှိတယ်၊ အောက်ထပ်မှာလည်း လူတွေ ရှိရက်နဲ့ ခင်ဗျားတို့ ဘယ် အပေါက်က ပြန်ထွက်သွားကြတာလဲ"

ဦးဇန်ကောင်းက တအံ့တသြ မေးလိုက်သည်။

"အပေါ်ထပ် တိုက်နံရံမှာ လျှို့ဝှက်အပေါက် ရှိပါတယ်၊ အဲဒီအပေါက်က အောက်ကို ဆင်းပြီး ပြန်ထွက်သွားကြတာပါ၊ အဲဒီ လျှို့ဝှက်အပေါက်က အပြင်က ကြည့်ရင် ဘယ်လိုမှ မတွေ့နိုင်ပါ ဘူး"

ထိုအခါမှ ရောက်စက အပေါ်ထပ် တစ်နေရာ၌ တိုက်နံရံ ဘက်သို့ ပျောက်သွားသောခြေရာများကိုသာ တွေ့ရပြီး ပြန်ထွက် လာသောခြေရာကို မတွေ့ခဲ့ရပုံကို ပြန်သတိရမိလေသည်။

ထိုအခါ ငမဲအောင်က. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် တလက်စတည်း မေးပါရစေဦး အဘ"

ဟု ဝင်မေးသည်။

"ဘာများလဲကွယ်"

"ကျွန်တော်တို့ ရောက်တဲ့ညက ခွေးဟောင်သံတွေ ကြားရတာ အဘတို့ လာတာလား"

"ဟုတ်ပါတယ်"

"ဒါထက် လေမတိုက်ဘဲနဲ့ အပြင်တံခါးကြီးက သူ့အလိုလို ဖွင့်လိုက်ပိတ်လိုက် ဖြစ်နေတာကလည်း အဘတို့ လုပ်တာပဲလား"

"ဟုတ်ပါတယ်"

"ဘယ်လိုလုပ်တာလဲဟင်"

"တံခါးချပ်ကြီးမှာ အပြင်ကနေ ဆွဲဖွင့်လို့ ပိတ်လို့ရအောင် သွပ်ကြိုးသေးသေးနဲ့ ချည်ထားပြီး ဆွဲလို့ပါ"

ဟု ရှင်းပြတော့မှ သူတို့တတွေ ချောက်ချားခဲ့ရပုံများကို မြင်တွေးပြီး ရယ်ချင်သလို ဖြစ်လာမိတော့သည်။ ထို့နောက်. .

အစီအစဉ်များပြုလုပ်ပြီးနောက် မဟာဗောဓိဘုရားဟောင်း တစ်နေရာသို့ ရောက်အောင် လျှို့ဝှက်စွာ သွားကြလေသည်၊

ဦးသူတော်နှင့် မြသင်းကြူတို့က မြေးအဘိုးနှစ်ယောက်၊ ဦးနန်ကောင်းတို့က သုံးယောက်၊ စုစုပေါင်းငါးယောက်ဖြစ်သည်။

မဟာဗောဓိဘုရားဟောင်း ရှိသောနေရာမှာ မနော်မြေ ဉယျာဉ်နေရာဟောင်းနှင့် ဘောဂဗလစံအိမ်ကြီး တည်ရှိရာနေရာ ကြားအလယ်လောက်၌ ရှိပေသည်။

ရွာမှ ထွက်ပြီး အတန်ငယ် သွားမိသောအခါ မဟာဗောဓိ



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကုန်း ရှိရာသို့ ရောက်လာကြသည်။

ဘုရားဟုသာ အမည်ရှိတော့သော်လည်း ကုန်းမြင့်တစ်ခု အပေါ်၌ ပထမ ပစ္စယံလောက်သာ ကျန်တော့ပြီး ပြိုကျပျက်စီးလျက် ရှိပေသည်။

ဘေးပတ်ပတ်လည်၌ အုတ်ကျိုးအုတ်ပဲ့နှင့် မြေပုံများသာ ရှိသည်။

မလှမ်းမကမ်းနေရာမှာတော့ လူ့နှစ်ဖက်ခန့်လောက် ရှိသည့် ညောင်ပင်ကြီးတစ်ပင်ရှိသည်။

ညောင်ပင်ကြီး၏ကိုင်းများ၊ အရွက်များမှာ မြေပြင်အထိ ကိုင်းညွတ်ကျနေသည်။ အဝေးမှ ကြည့်လျှင် အစိမ်းရောင် အုပ်ဆောင်းကြီးတစ်ခု မှောက်ချထားသည်နှင့်ပင် တူလှပေသည်။

ထိုအနီးသို့ ရောက်သောအခါ ဦးသူတော်က ပတ်ဝန်းကျင် တဝိုက်ကို စိတ်ချမှု ရှိမရှိ အကဲခတ်ကြည့်ရှုပြီး မျက်စိတဆုံးမသင်္ကာစရာ တစ်စုံတရာမှ မတွေ့ရတော့မှ ဦးသူတော်က ညောင်ပင်ကိုင်းများကို မ,ပြီး အောက်သို့ ဝင်လိုက်သည်။

အပင်အောက်သို့ ရောက်သွားကာမှ အပင်ပေါ်မှာရော အပင်ခြေတစ်ဝိုက်မှာရော သစ်ကိုင်းများပေါ်မှလည်းကောင်း၊ 'တရှုံးရှုံး' အသံများကို ကြားကြရသည်။

"ဘာတွေလဲ"

"မြွေတွေလေ. .·. ညောင်ပင်ကြီးက နှစ်ပေါင်းများစွာ ကြာပြီဆိုတော့ မြွေသိုက်ကြီးတစ်ခုလို ဖြစ်နေတာပေါ့၊ ဒါကြောင့် ဒီနေရာကို ဘယ်သူမှ မလာဝံ့ကြတော့ ကျုပ်တို့အတွက် ဟန်ကျတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးသူတော်က အေးအေးဆေးဆေး ပြောသဖြင့် ကြည့်လိုက်ကြတော့ သစ်ပင်ပင်စည်မှာ သစ်ကိုင်းများပေါ်မှာ ခွေရက်တစ်မျိုး၊ တန်းလန်းကျလျက်တစ်သွယ်၊ အချို့က သစ်ခေါင်းထဲမှ၊ အချို့က မြေကျင်းထဲမှ ခေါင်းပြူထွက်နေသော မြွေပေါင်းများစွာတို့ကို တွေ့ရသည်။

မြွေဟောက်၊ မြွေပွေး၊ ငန်းတော်ကျား၊ သစ်တက်မြွေ၊ ငန်းမှာ်၊ ငန်းစောင်း၊

စသည်တို့ကဲ့သို့ မြွေကြီးများ အပါအဝင် မြွေစိမ်းမြီးခြောက်၊ ယက္ကန်းကြိုးကဲ့သို့ အကောင်အရွယ်အစား သေးသောမြွေများကိုပါ တွေ့ရသည်။

"ဒီမြွေတွေနဲ့ ဘယ့်နှယ့်လုပ်ကြမလဲ"

"မပူပါနဲ့. . . ကျုပ်ဆီမှာ မြွေနိုင်တဲ့ပစ္စည်း ပါလာပါတယ်"

ဟု ပြောကာ ရင်းအိတ်အံတွင်းမှ ဂမုန်းနက်ကို ပင့်ကူသင်္ကန် ထုထားသော အရုပ်ကလေးကို လက်မှ ကိုင်ကာ ဝှေ့ယမ်းလိုက်သည်နှင့် မြွေအချို့မှာ တရှုးရှုး တရှဲရှဲ အသံမြည်ကာ ဘေးသို့ ဖယ်ထွက်သွားကြလေသည်။

"လာကြ"

ဦးသူတော်က မြွေများကို ဖယ်ရှားပြီး ညောင်ပင်ကြီး ပင်စည်အနီးသို့ ကပ်သွားကာ ပင်ခြေတစ်နေရာ ရောက်သောအခါ မြေပြင်ပေါ်တွင် ကျနေသော ညောင်ရွက်ခြောက်များနှင့် မြေမှုန်မြေခဲများကို လက်ဖြင့် ယက်ဖယ်လိုက်သောအခါ လက်ကိုင်ကွင်းပါသော ကျောက်ပြားတစ်ချပ်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျောက်ပြားကို စောထီးနှင့် ငမဲအောင်တို့က မ,ဖယ် လိုက်ကြလေသည်။

ကျောက်ပြားပွင့်သွားသောအခါ အတွင်းသို့ ဆင်းသော လှေခါးထစ်များနှင့် လိုဏ်ခေါင်းတစ်ခုကို တွေ့ရသည်။

ဦးသူတော်က အသင့်ယူလာသော မီးတိုင်ကို မီးထွန်းညှိ လိုက်လေသည်။

မီးရောင်ကို မြင်သောအခါ စောစောက မလှမ်းမကမ်း နေရာ၌ ရှိနေသည့် မြွေများပင် အဝေးသို့ ဖယ်ခွာကြသည်။

"ဒီလိုဏ်ခေါင်းလမ်းက ဘောဂဗလ သူဌေးကြီး ရှိစဉ် ကတည်းက ဖောက်ထားခဲ့တဲ့လျှို့ဝှက်လမ်းပါ။ အရေးအကြောင်း ရှိရင် ရှောင်နိုင်တိမ်းနိုင်အောင် စီစဉ်ထားခဲ့တာပါ"

ဟု ပြောဆိုကာ မြေအောက်သို့ ဆင်းသော လှေခါးထစ်များ မှ.အောက်သို့ ဆင်းကြပြီးနောက် အပေါ်မှ ကျောက်ပြားကို ပြန်ပိတ် လိုက်ကြသည်။

ထို့နောက်. . .

မြေအောက်လမ်းအတိုင်း တစ်နာရီခန့် လာကြသောအခါ ဘောဂဗလ စံအိမ်ကြီး၏အောက်ထပ်သို့ ရောက်သွားကြလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

# လောကဝင်္ပါ

ဦးဒီပတို့တတွေမှာ ဘောဂဗလစံအိမ်ကြီးသို့ ရောက်သည်နှင့် သက်ဆိုင်ရာ အစီအမံများကို စီမံဆောင်ရွက်လေသည်။

ပြီးသောအခါမှ ၎င်းနှင့်အတူပါလာသော တပည့်များကို မှာသင့်မှာထိုက်သည်များကို မှာကြားလေသည်။

"ဒီအိမ်ကြီးထဲမှာ ရှိတဲ့ ပရလောကသားတွေအတွက်ကတော့ ဘာမှမပူနဲ့၊ ငါ အားလုံးနိုင်နင်းအောင် စီမံထားပြီပြီ၊ အရေးကြီးတာက မြေအောက်ခန်းတွေ ဝင်တဲ့အခါမှာ ထောင်ချောက်တွေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ယန္တရားရုပ်တွေကိုတော့ သတိထားကြ"

"စိတ်ချပါ ဆရာကြီး"

"ဒါထက် ဟိုစာရေးဆရာနဲ့ ကောင်မလေး ဘောဂဗလ စံအိမ်ဘက်ကို သွားကြတယ်ဆိုတာ အမှန်ပဲလား"

"သူတို့နှစ်ယောက် ရွာထဲက ထွက်သွားတာကို ရွာသား တစ်ယောက် မြင်လို့ ကျွန်တော်တို့ကို လာပြောတာ ဆရာကြီး"

"ဒီလိုဆိုရင် သူတို့မှာ အကြံအစည်တစ်ခုခု ရှိလို့ ဘောဂ ဗလ စံအိမ်ဘက် သွားကြတာ ဖြစ်ရမယ်"

"သူတို့ ပြန်တော့မယ်လို့ ပြောတာ ဟုတ်မယ်မထင်ဘူး"

"ဒါကလည်း ဟုတ်ချင်မှ ဟုတ်မယ်၊ ဘာပဲဖြစ်ဖြစ် သတိ ဝီရိယ ထားကြ၊ ကိုယ့်အလုပ်မှာ အနှောင့်အယှက် ပေါ်လာရင် တော့ လက်မနှေးကြစေနဲ့"

"စိတ်ချပါ"

ထို့နောက်. . .

နှစ်ယောက်စီ သုံးယောက်စီ ခွဲ၍ အိမ်ကြီးအတွင်းသို့ ထပ် ဝင်ကြပြန်သည်။

ကိုထွန်းနှင့် ရွာသားနှစ်ယောက်တို့ ဝင်သွားသောအခန်းမှာ မီးဖိုဆောင်နှင့် တွဲရက် ထမင်းစားခန်းဆောင်ဖြစ်၏။

ထမင်းစားဆောင်ထဲ၌ စားပွဲဝိုင်းတစ်လုံး ချထားသည်။ ထို စားပွဲပေါ်မှာ ငွေဖြင့် ပြုလုပ်ထားသော ပန်းကန်၊ ဇွန်း၊ ထမင်းအုပ်၊ အစားအသောက်များ ထည့်သောငွေဘူးများကို သူ့နေရာနှင့်သူ ချထားသည်။ ကြေးနီရောင် မပျောက်သေးသော ကုလားထိုင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များကို အဆင်သင့် ချထားသည်။

ထိုအရာများကို မြင်သောအခါ ကိုထွန်းတို့သုံးယောက်မှာ အံ့သြသွားကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

အခြေအနေကို ကြည့်ရသည်မှာ ထိုအသုံးအဆောင်ပစ္စည်းများ၊ ကုလားထိုင်များမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိနေသည့်ပုံစံမျိုး မဟုတ်ဘဲ လတ်တလော အသုံးပြုနေသည့်အတိုင်း အရောင်အဆင်း မမှိန်သေးသည်ကို တွေ့ရသဖြင့် အံ့သြနေကြသည်။

"ငွေဇွန်း၊ ငွေပန်းကန်နဲ့ ငွေထည်ပစ္စည်းတွေပါလား၊ ဒါတွေဟာ ရှေးလက်ရာတွေပဲ၊ ဒါတွေကို ယူသွားရင်တောင် တန်ဖိုးမနည်းရမှာ"

ဟု ကိုထွန်းက ပြောသည်။

"ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

ရှာသားတစ်ယောက်က မေးသည်။

"မင်းတို့ပစ္စည်းတွေကို အခြေအနေ လိုက်ကြည့်ကြစမ်းကွာ"

ကိုထွန်းက ယခင်တစ်ကြိမ်က ထောင်ချောက်ထိပြီး လူတစ်ယောက် သေခဲ့သည့်ကြောင့် ကိုယ်တိုင်မလုပ်ဘဲ အတူပါလာသော ရွာသားများကို ခိုင်းသည်။

ရွာသားများက စားပွဲပေါ်မှ ပန်းကန်များ၊ အသုံးအဆောင်ထည့်သောဘူးများကို လိုက်ကြည့်ကြသောအခါ အချို့ဘူးထဲတွင် ဖားရည်၊ အချို့ဘူးထဲတွင် စွန်ပလွန်ခဲ၊ အချို့ဘူးထဲတွင် ထောပတ်၊



www.burmeseclassic.com

www.burmeseclassic.com



အချို့ဘူးထဲတွင် မလိုင်လုံး၊ အချို့ဘူးထဲတွင် ထန်းလျက်ခဲ၊ ကြံ သကာနှင့် ယိုအမျိုးမျိုးတို့ကို ငွေဘူးများထဲတွင် အဆင်သင့် ထည့် ထားသည်ကို တွေ့ကြရသည်။

"ဒီဘူးတွေထဲမှာ အစားအသောက်တွေ အကောင်းအတိုင်း ရှိနေသေးတယ်ဟ"

"ဟုတ်ပ့ါမလားဟ. . . ဒီလောက် နှစ်ကြာနေတာ ကောင်း နိုင်ပါတော့မလား"

"ထောပတ်တို့ ပျားရည်တို့က နှစ်ဘယ်လောက်ကြာကြာ ဘာမှဖြစ်တာမှ မဟုတ်တာ၊ ဆရာ မယုံရင် ဒီမှာကြည့်ပါလား"

တစ်ယောက်က ထောပတ်ထည့်ထားသော ငွေဘူးကို ယူ ပေးသဖြင့် ဖွင့်ကြည့်သောအခါ ထောပတ်မှာ အရောင်အဆင်းရော အနံ့ပါ အကောင်းအတိုင်း ရှိနေသေးသည်ကို တွေ့ ရလေသည်။

"ဆရာမယုံရင် ကျုပ်တို့ စားပြပ့ါမယ်၊ ဒါတွေက စားထိုက်လို့ စားရတာဗျ"

ဟု ပြောဆိုကာ ရွာသားနှစ်ယောက်တို့က ငွေဘူးများ အ တွင်းမှ အစားအသောက်များကို ငွေဇွန်းများဖြင့် အားရပါးရ ကော် ခပ် စားသောက်ကြရာ ကိုထွန်းလည်း သူ့လက်ထဲ ရောက်နေသည့် ထောပတ်ဘူးထဲမှ ထောပတ်များကို ဇွန်းဖြင့် ကော်ခပ်စားလိုက် သည်။

ရွာသားများ ပြောကြသလို ထောပတ်များမှာ အနံ့ပြယ် သေးသလို အရသာလည်း ကောင်းနေဆဲပင်။

ထိုကဲ့သို့ သုံးယောက်သား အားရပါးရ စားသောက်နေကြ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ စားပွဲတစ်နေရာဆီမှ ရယ်သံကဲ့သို့ တိုးညှင်းသောအသံများ ထွက်လာသည်ကိုတော့ သတိမမူမိကြချေ။

စားနေစဉ်က အနံ့တသင်းသင်း ရှိနေသော အစားအသောက်များမှာ ခဏကြာတော့ အနံ့က တစ်မျိုးပြောင်းလာသည်။ ပုတ်အက်အက် ညှီစို့စို့အနံ့များ ပေါ်လာသည်။

ထိုအနံ့ကြောင့် ကိုထွန်းက သူ့ရှေ့မှ နှစ်ယောက်ကို လှမ်းကြည့်လိုက်သည်။

"ဟော့. . . မင်းပါးစပ်ထဲက ထွက်နေတာ လောက်ကောင်တွေလား"

ဟု ပြောသည်နှင့် စားလက်စဘူးကို ငုံ့ကြည့်လိုက်သောအခါ အစားအသောက်များ မဟုတ်တော့ဘဲ လောက်ကောင်များ ပြည့်နေသည်ကိုသာ တွေ့ရတော့သည်။

ထိုကဲ့သို့ပင် အခြားသူများ ဘူးထဲမှာလည်း အစားအသောက်များ မတွေ့ရဘဲ အမွေးပင် ထွက်နေသည့် လောက်ကောင်များကိုသာ တွေ့ရသဖြင့် ဘူးများကို လွှတ်ချလိုက်ကြပြီး အော့အန်ပစ်ကြလေသည်။

သူတို့သုံးယောက် ထိုသို့ဖြစ်နေစဉ် အခန်းတစ်နေရာမှ ရယ်သံများ ထွက်လာလေသည်။

ထိုရယ်သံများ ကြားသောအခါ ကိုထွန်းမှာ ဒေါသဖြစ်လာသောကြောင့် အခန်းထောင့်ရှိ တုတ်တစ်ချောင်းကို ယူကာ စားပွဲပေါ်၌ ရှိသော ပန်းကန်နှင့် အသုံးအဆောင်ပစ္စည်းများကို ရိုက်ချရန် ကြည့်လိုက်တော့ စားပွဲပေါ်၌ ဘာပစ္စည်းမှ မရှိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုခြောက်လို့ ကြောက်လိမ့်မယ် ထင်သလား၊ ငထွန်းကွ တစ်ထွန်းတည်း ရှိတယ်၊ ကြိုက်တဲ့လူ လာခဲ့၊ ကြိုက်တဲ့သတ္တဝါ လာခဲ့၊ ဘာကိုမှ မကြောက်ဘူး"

ဟု အော်ဟစ်ပြောဆိုကာ လက်ထဲမှ တုတ်ဖြင့် အခန်းထဲမှာ ရှိသော ပစ္စည်းပစ္စယများကို လိုက်လံရိုက်ပုတ်နေရင်းမှာပင် တစ်နေရာသို့ ရောက်သောအခါ ဆွေးမြေ့နေဟန်ရှိသော ကြမ်းပြင်ကို နင်းမိပြီး 'ဝုန်း'ကနဲ အောက်သို့ ပြုတ်ကျသွားလေတော့သည်။

"အား. ."

ကိုထွန်း ပြုတ်ကျသွားရာ မြေအောက်ခန်းမှာ သေတ္တာများ စုပြုံထပ်ထားသောအခန်းဖြစ်ကာ ဖုန်များ၊ ပင့်ကူအိမ်များဖြင့် ရှုပ်ထွေးလျက်ရှိရုံမက အလင်းရောင်ကလည်း သိပ်မရှိလှပေ။

သူသည် အမြင့်မှ ကျသော်လည်း ပစ္စည်းအဆွေးများ စုပုံထားသောနေရာသို့ ကျသွားသောကြောင့် အနည်းငယ် ခံသာသွားလေသည်။

သို့ကြောင့် ကပျာကယာ လူးလဲထပြီး ကြည့်လိုက်တော့ အခန်းထောင့် တစ်နေရာမှာ ရပ်၍ သူ့ကို ကြည့်နေသည့် ပုံရိပ်သဏ္ဌာန်တစ်ခုကို တွေ့ရလေသည်။

ထိုလူကြီးမှာ အသက်ငါးဆယ်ကျော်အရွယ်ခန့် ရှိပြီး လက်ပိုက် ရပ်နေရင်းမှ သူ့ကို လှမ်းကြည့်နေခြင်းဖြစ်၏။

"ခင်ဗျား ဘယ်သူလဲ"

ကိုထွန်းက လှမ်းမေးလိုက်သော်လည်း ထိုလူကြီးက ဘာမှ ပြန်မပြောဘဲ အခန်းထောင့်၌ ပုံထပ်ထားသော သေတ္တာများကို



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးပြသည်။

"အဲဒါ ဘာတွေလဲ"

လူကြီးက ဘာမှမပြောဘဲ လက်ညှိုးထိုးပြမြဲ ပြနေသဖြင့် သေွတွေထူးထူး စဉ်းစားမနေတော့ဘဲ အနီးသို့ သွားကာ သေတ္တာတစ်လုံးကို ကြမ်းပြင်ပေါ် ဆွဲချလိုက်သည်။ အဖုံးများမှာ သံဖြင့် ရိုက်ပိတ်ထားသောကြောင့် အဖုံးဖွင့်ရန် ကြည့်လိုက်တော့ နံရံ၌ ဆောင်ထားသည့်ဓားများကို တွေ့ရသဖြင့် ထိုအထဲမှ ဓားတစ်လက်ကို ယူပြီး သေတ္တာအဖုံးကို ကော်ဖွင့်လိုက်သည်။

"ဟင်. . ."

သေတ္တာထဲမှာတော့ အပေါ်မှ ဖုန်များ တက်နေသော်လည်း အရောင်မညှိုးသေးသည့် ရွှေဒင်္ဂါးပြားများကို တွေ့ရလေသည်။

"ရွှေဒင်္ဂါးတွေ. . . ရွှေဒင်္ဂါးတွေ မနည်းပါလား၊ ငါတော့ ခမ်းသာပြီ"

ဝမ်းသာအားရဖြင့် စောစောက လူကြီးရပ်နေရာသို့ လှမ်းကြည့်လိုက်တော့ နေရာ၌ မတွေ့ရတော့ပေ။

ယခုအချိန်မှာတော့ ဘယ်သူ့ကိုမှ တွေ့စရာ မလိုတော့၊ ဘွေ့လည်း မတွေ့ချင်တော့ပေ။

သူလည်း ရွှေဒင်္ဂါးများကို လက်နှစ်ဖက်ဖြင့် ယူကြည့်တော့ အချို့က တချွင်ချွင်နှင့် အောက်သို့ ပြန်ကျသွားပြီး အချို့ လက်ထဲ၌ ပါလာလေသည်။

ကြည့်လိုက်တော့ ရှေးဟောင်းဒင်္ဂါးများဖြစ်ပြီး ရွှေသားမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝင်းအိလျက်ရှိသည်။

တစ်ဖက်က ကနုတ်ပန်းခက်များ ရှိပြီး ကျန်တစ်ဖက်က လူရုပ်ပုံသဏ္ဌာန် ပါသည်။

ထိုလူရုပ်ပုံမှာ ခေါင်းပေါင်း၊ နှုတ်ခမ်းမွေးကားကားနှင့် ရှေးလူကြီးတစ်ဦး၏ပုံဖြစ်ပြီး အောက်ဖက်၌ ရှေးလက်ရေးနှင့် 'ဘောဂဗလ' ဟူသောစာလုံးများကို ပန်းစွယ်ပန်းခွက်ပမာ ရေးထားလေသည်။

"လက်စသတ်တော့ ရွှေဒင်္ဂါးတွေမှာ ပါတဲ့ပုံက သူဌေးကြီး ဘောဂဗလရဲ့ပုံတွေ ဖြစ်ရမယ်"

ရွှေဒင်္ဂါးမျက်နှာပြင်ပေါ်၌ ပါသောမျက်နှာမှာ စောစောက အခန်းထောင့်တွင် တွေ့လိုက်ရသော လူကြီး၏မျက်နှာနှင့် တူနေသည်ကို သတိပြုမိပေရာ ကျော်ထဲ၌ စိမ့်ကနဲ ဖြစ်သွားလေသည်။

"ဒီဒင်္ဂါးမှာ ပါတဲ့မျက်နှာက စောစောက အခန်းထောင့်မှာ မြင်လိုက်ရတဲ့ လူကြီးမျက်နှာနဲ့ တထေရာတည်းပါလား၊ ဒီလိုဆိုရင် စောစောက တွေ့လိုက်ရတဲ့လူကြီးဟာ ဘောဂဗလ သူဌေးကြီး ဆိုတာများ ဖြစ်လေရော့သလား"

ဟု တွေးတောနေစဉ် ပိတ်ထားသောတံခါးကို တဘုန်းဘုန်း လာထုနေသံများကို ကြားရသည်။

"ဗျိုး. . . ဆရာ တံခါးဖွင့်ပါဦးဗျ၊ ကျုပ်တို့နှစ်ယောက် လာခဲ့ပါရစေ"

အပေါ်မှာ ကျန်ခဲ့သော လူနှစ်ယောက် လိုက်လာကြချေပြီ။

"မလာနဲ့တော့. . . မလာကြနဲ့၊ ငါထွက်လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းက ပြန်အော်သည်။

"ခင်ဗျား ရတနာတွေ တွေ့နေလို့ ကျုပ်တို့ကို မလာစေချင်ဘာလား"

"မရဘူး. . . ရတာကို ကျုပ်တို့လည်း တဝက်ယူရမှာပဲ"

ထိုသို့ပြောရင်း တံခါးကို ထဘုန်းဘုန်းနှင့် ထုရိုက်ဖျက်ဆီးနေကြသည်။

"ဟော့လူတွေ. . . မလာကြနဲ့လို့ ပြောနေတယ်နော်၊ ဒီအထဲမှာ ဘာမှမရှိဘူး၊ ဘာရတနာပစ္စည်းမှ မရှိဘူး"

"ခင်ဗျား မညာနဲ့၊ ဒီအခန်းထဲမှာ ရတနာတွေ ရှိတယ်၊ ခင်ဗျားတစ်ယောက်တည်း အပိုင်စီးဖို့ ကြံစည်နေတာကိုလည်း သိသားပြီးပြီ"

"မင်းတို့ကို ဘယ်သူပြောသလဲ"

"ကျုပ်တို့နှစ်ယောက် ဝင်လာခဲ့ပြီ"

"အေး. . . ပြောမရရင်လည်း ဝင်ချင်လည်း ဝင်ခဲ့ကြပေါ့ကွာ"

ဟု ပြောပြီး ဓားကို ကိုင်ပြီး တံခါးပေါက်ဝနားမှာ အဆင်သင့် စောင့်နေလေသည်။

ခဏကြာတော့ တံခါးကို ဖျက်ပြီး လူနှစ်ယောက် အထဲသို့ ဝင်လာသည်။

ထိုအခါ ကိုထွန်းက အရင်ဆုံး ဝင်လာသူကို ဓားဖြင့်ခုတ်သည်။

"ကဲကွာ. . ."



www.burmeseclassic.com

www.burmeseclassic.com



အငိုက်မိသွားသော ထိုလူမှာ ဓားချက်ထိသွားပြီး လဲကျသွားလေသည်။

ထိုအခါ အဖော်ပါလာသူက ဓင်းလက်ထဲမှာ ပါလာသော လှံဖြင့် ပြေးစိုက်ရာ ရင်ဝသို့ စိုက်ဝင်သွားသည်။

"အား. ."

သို့သော်လည်း ကိုထွန်းက ဓားဖြင့် လှမ်းခုတ်လိုက်ရာ ပခုံးစွန်းကို ထိသွားပြီး လှံလွတ်ကျသွားသည်။

လှံချက်ထိထားသော ကိုထွန်းမှာလည်း နောက်တစ်ချက် မခုတ်နိုင်တော့ဘဲ လဲကျသွားလေတော့သည်။

သို့သော် ချက်ချင်းတော့ အသက်မသေသေးပေ။

ပခုံးတွင် ဓားချက်ထိထားသော ရှာသားက အဖုံးဖွင့်ထားသည့် သေတ္တာရှိရာသို့ သွားကြည့်သောအခါ ရွှေဒင်္ဂါးများကို တွေ့ရသဖြင့် ရထားသောဒဏ်ရာကိုပင် သတိမရတော့ဘဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

ဝမ်းသာအားရဖြင့် ရွှေဒင်္ဂါးများကို ကြည့်ရှုနေစဉ် နောက်မှထိုးစိုက်ချလိုက်သော လှံချက်တစ်ခုက ကျောမှ ဖောက်ကာ ဝင်လာလေတော့သည်။

"အား. . ."

လှံချက်ထိသွားသောသူမှာ ရှေ့သို့ လဲကျသွားသလိုနောက်ဘက်မှ ထိုးလိုက်သော ကိုထွန်းမှာလည်း အားမတင်းနိုင်တော့ဘဲ လဲကျသွားလေသည်။

လောဘသားသုံးယောက်တို့ တစ်ယောက်ပြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရွှေမလှ သေဆုံးသွားသည်ကို အခန်းထောင့် တစ်နေရာမှ လူကြီး တစ်ဦးက ပြုံးပြုံးကြီး ကြည့်နေလေသည်။ ခဏကြာတော့ အခန်း တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

# ဝိညာဉ်တို့၏မာယာ

ဦးဒီပတို့တစ်တွေမှာ ကိုထွန်းတို့သုံးယောက်ကို လိုက်ရှာရင်းနှင့် မှောင်ရီသမ်းစအချိန်လောက်တွင် ထိုအခန်းထဲသို့ ရောက်လာကြလေသည်။

သူတို့ရောက်လာတော့ သုံးယောက်စလုံး အသက်မရှိကြတော့ပေ။

"ဟာ. . . ဒီမှာ အားလုံးသေနေကြပါလား၊ ရန်သူနဲ့တွေ့သွားပြီ ထင်တယ်"

ထိုအခါ ဦးဒီပက ဒဏ်ရာအခြေအနေများကို ကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ထင်တယ်၊ ကြည့်ရတာ သူတို့အချင်းချင်း ပြန်သတ်ကြတာများ ဖြစ်လေမလားပဲ"

ဟု မှတ်ချက်ချသည်။

"ဘာကြောင့် အချင်းချင်း သတ်ရမှာလဲ"

"ကျုပ်တော့ ဒီလိုပဲ ထင်တယ်၊ ဒီအခန်းထဲမှာ သူတို့ကလွဲပြီး ဘယ်သူမှ မရှိဘူး"

"မဟုတ်ဘူးလေဗျာ. . . ခင်ဗျားတို့ ပြောတဲ့ ယန္တရား ဆိုလား ဘာဆိုလား၊ အဲဒီစက်ရုပ်တွေနဲ့များ တွေ့သွားကြလေရော့သလား"

"မဖြစ်နိုင်ဘူးဗျ. . . သူတို့ကိုယ်ပေါ်က ဒဏ်ရာတွေက သူတို့ ကိုင်တဲ့လက်နက်တွေနဲ့ ရတဲ့ဒဏ်ရာတွေပဲ၊ မဟုတ်ကာမှလွဲရော ပရလောကသားတွေရဲ့မာယာကျော့ကွင်းထဲ ဝင်မိသွားကြပြီ ထင်တယ်"

ဟု မှတ်ချက်ချကာ အခန်းထဲမှ အခြေအနေကို လိုက်လံကြည့်ရှုကြသောအခါ အဖိုးတန်ပစ္စည်းဟူ၍ မည်မည်ရရ မတွေ့ရဘဲ သေတ္တာအပျက်အဟောင်းများကိုသာ တွေ့ရသည်။

သေတ္တာများအတွင်းမှာလည်း ကြွက်သိုက်နှင့် အမှိုက်သရိုက်များသာ ရှိပြီး အခြားဘာမှမရှိပေ။

ဦးဒီပတို့မှာ မိမိတို့နှင့် လိုက်လာသူသုံးယောက် လောလောလတ်လတ် သေသွားသဖြင့် အနည်းငယ်လောက်သာ စိုးရိမ်စိတ်ဝင်မိကြသော်လည်း အတွေ့အကြုံ မရှိသော သူကြီးဦးဘမှင်နှင့် ရွာသားအချို့ကတော့ ကြောက်လွန်းသဖြင့် သွေးပျက်နေကြလေပြီ။

www.burmeseclassic.com



"ကိုင်း. . . ဘယ်လိုဆက်လုပ်ကြမလဲ"

"အခုအခြေအနေ ရောက်မှတော့ နောက်မဆုတ်နိုင်တော့ဘူး ဖြစ်တဲ့နည်းနဲ့ ပစ္စည်းတွေကို တွေ့အောင်ရှာယူရမှာပဲ၊ ဒီတော့ သွားခဲ့ပြီး ရှာကြမယ်"

"ဘယ်လိုရှာမလဲ"

"ဒီအိမ်ကြီးထဲမှာ ကျုပ်တို့ မရောက်ခင် ဟိုစာရေးဆရာ ရောက်နေလောက်ပြီ၊ ကျုပ်စုံစမ်းကြည့်ရသမျှတော့ ဒီအဖွဲ့ဟာ သာမန်လေ့လာရေးအတွက်ကြောင့် လာကြတာ မဟုတ်ဘူးဆိုတာ တော့ သေချာတယ်၊ ဒီလောက်အန္တရာယ်များတဲ့နေရာကို သာမန် လေ့လာဖို့အတွက်လောက်နဲ့တော့ မလာဘူးဆိုတာ ကျုပ်သိတယ်"

"ဒါဖြင့် ဘာအတွက် လာတာလဲ"

"ဦးဘမှင်ကလည်းဗျာ. . . သူကြီးတစ်ယောက် လုပ်နေပြီး အတွေးအခေါ် ဒီလောက်ရိုးရသလား၊ ဘောဂဗလ စံအိမ်ကြီးကို သွားသမျှလူတွေဟာ တခြားဘာအတွက်မှ လာကြတာ မဟုတ်ဘူး ဥစ္စာပစ္စည်း ရှာဖွေဖို့ လာကြတယ်ဆိုတာသာ မှတ်ထားပေရော့"

"ဒီတော့ အခု ဘယ်လိုလုပ်မလဲ"

"ကျုပ်အထင်ပြောရရင်တော့ ဒီအိမ်ကြီးထဲကို ရောက်နေတဲ့ စာရေးဆရာဆိုတဲ့လူဟာ လျှို့ဝှက်ချက်တွေကို ရတန်သလောက်တော့ ရထားပြီနဲ့တူတယ်၊ သူ့ကိုသာ တွေ့အောင်ရှာနိုင်ရင် ကျုပ်တို့အတွက် အကျိုးရှိလာလိမ့်မယ်၊ တကယ်လို့ အကြံအောင်မြင်ခဲ့ရင် ခင်ဗျားတို့ တစ်သက်မဟုတ်ဘူး၊ ဆယ်သက်စားရင် တောင် မကုန်နိုင်တဲ့ ပစ္စည်းဥစ္စာတွေ ရကြမှာ"

www.burmeseclassic.com

www.burmeseclassic.com



ဦးဒိပ စကားကြောင့် ကျန်လူများမှာ လောလောဆယ် မည်သည့်စည်းစိမ်ဥစ္စာမှ မရကြသေးစေကာမူ ရလျှင် ချမ်းသာမည်ဟူသောအတွေးနှင့် အနည်းငယ်တော့ စိတ်အားပြန်တက်လာကြသည်။

"သတင်းအရဆိုရင်တော့ အဲဒီစာရေးဆရာ ဒီတိုက်ကြီးထဲမှာ ရောက်နေတာ သေချာတယ်၊ လူခွဲပြီး သူ့ကို လိုက်ရှာကြရအောင်"

ဟု ပြောကာ ကျော်ကြီးနှင့် ရွာသားတစ်ယောက်က အပေါ်ထပ်သို့ တက်လာကြသည်။

အပြင်ဘက်မှာ မှောင်နေသည်ဆိုသော်လည်း ဝရံတာဘက်မှာတော့ အလင်းရောင် တစွန်းတစ ရှိနေသည်။

သူတို့ အပေါ်ထပ် ရောက်လာတော့ အခန်းတစ်ခန်းအတွင်းမှ စကားသံ ခပ်တိုးတိုး ကြားရသည်။

ကျော်ကြီးတို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အနားကပ်သွားပြီး တံခါးပေါက်ဝအနီးမှ နားကပ်ထောင်ကြည့်သောအခါ အမှန်ပင် အခန်းထဲမှ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့ အချင်းချင်း ပြောဆိုနေသည့်စကားသံများကို ကြားနေရသည်။

သို့ကြောင့်. . .

တံခါးကို တွန်းဖွင့်လိုက်သည်။

အခန်းထဲမှာ မှောင်နေသောကြောင့် သဲကွဲစွာ မမြင်ရပေ။ နှစ်ယောက်သား အခန်းထဲ ဝင်ကြည့်တော့ လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



မှ မတွေ့ရဘဲ ကုတင်တစ်လုံး ချထားသည်ကိုသာ တွေ့ရသည်။

ကုတင်ပေါ်မှာ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး စသည်တို့ သူ့နေရာနှင့်သူ ရှိနေပြီး အိပ်ယာခင်းပေါ်မှာ မကြာသေးခင်ကမှ လူအိပ်သွားသည့်ခြေရာလက်ရာများကိုသာ တွေ့ရသဖြင့် မသင်္ကာသောကြောင့် ကုတင်အောက်ပါမကျန် လိုက်လံရှာဖွေကြသော်သည်း ဘာမှမတွေ့ရပေ။

"ဘယ်သူမှ မတွေ့ပါလား"

"စောစောက ဒီအခန်းထဲက စကားပြောသံတွေ ကြားရတယ် မဟုတ်လား"

"ဟုတ်တယ်လေ. . . ယောကျ်ားအသံနဲ့ မိန်းမအသံ ကြားနေရတာပဲ"

"အခု ဘယ်ရောက်သွားပြီလဲ"

"မလွယ်ပေါက် တစ်ခုခုက အပြင်ထွက်သွားပြီနဲ့ တူ တယ်"

ထိုသို့ပြောနေကြစဉ် အပြင်ဘက်မှ စကားပြောသံများ ထပ်ကြားရသဖြင့် နှစ်ယောက်သား အပြင်သို့ ပြန်ထွက်ခဲ့ကြသည်။

သူတို့ အပြင်ရောက်တော့ နောက်ဘက်အခန်းထဲသို့ ဝင်သွားကြသော လူတစ်ယောက်နှင့် ဝရံတာဘက်သို့ ထွက်သွားသော မိန်းမတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။

ထိုအခါ ကျော်ကြီးက. . .

"ဟိုနောက်ဘက်အခန်းထဲကို လူတစ်ယောက် ဝင်သွားတယ်၊ မင်းသွားကြည့်ချေ၊ ငါက ဝရံတာဘက်ကို သွားကြည့်မယ်"

ဟု ပြောကာ တစ်ယောက်က အနောက်ဘက်အခန်း ရှိရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ ထွက်သွားပြီး ကျော်ကြီးက ဝရံတာဘက်သို့ ထွက်လာလေသည်။

မလှမ်းမကမ်း ရောက်တော့ ဝရံတာဘက်မှ သီချင်းသံလိုလို ကြားရသည်။

အနားသို့ ရောက်လာလေလေ သီချင်းသံကို ပိုမိုပီပြင်စွာ ကြားလာရသည်။

သီဆိုနေသောအသံမှာ မိန်းမတစ်ယောက်အသံဖြစ်ပြီး သူဆိုနေသောသီချင်းမှာ 'မျှော်တော်ယောင်' သီချင်းတစ်ပုဒ်ပင် ဖြစ်လေသည်။

ကျော်ကြီးက တဖြည်းဖြည်းနှင့် ရှေ့သို့ တိုးသွားပြီး လှမ်းကြည့်လိုက်တော့ ဝရံတာထိပ်မှာ မိန်းကလေးတစ်ယောက် ရပ်နေသည်ကို မြင်ရသည်။

"ဟင်. . ."

ပထမတော့ မိမိကို လှည့်စားခြောက်လှန့်နေသလားဟု ထင်လိုက်မိသောကြောင့် အပြင်သို့ မထွက်ဝံ့သေးဘဲ ပုဏ္ဏားကွယ်နေရာမှ အခြေအနေကို စောင့်ကြည့်နေမိသည်။

အမျိုးသမီးမှာ အသက်နှစ်ဆယ်ကျော်အရွယ်ခန့်ရှိပြီး ရှည်လျားသော ဆံပင်များကို နောက်ဖက်သို့ ဖြန့်ချထားရာ ခါးကျော်ကျော်လောက်အထိ ရှည်လျားလေသည်။ ပါးလွှာသော အဖြူရောင် ပိုးသားအင်္ကျီကို ဝတ်ဆင်ထားရာ သူမ၏အလှများက ပေါ်လွင်လျက်ရှိပေသည်။

မိန်းကလေးက အပြင်ဘက်သို့ မျက်နှာမူလျက် သီချင်းကို



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး သီဆိုနေလျက်ရှိရာ ကျော်ကြီးက အပြင်သို့ ထွက်သွားသည်။

သူ့ခြေသံကြားတော့ မိန်းကလေး စကြံအတိုင်း အရှေ့ဘက်သို့ လျှောက်သွားသည်။

ကျော်ကြီးကလည်း နောက်က လိုက်သွားသည်။

စကြံလမ်းမှာ အတော်ကလေး ရှည်သည်။

အစွန်ဘက်နား ရောက်တော့ ထောင့်ချိုးအကွေ့နားမှာ ရပ်လိုက်သည်။

ထိုနေရာရောက်တော့ ရှေ့ဆက်သွားလို့ မရတော့ပေ။

သူ အနားရောက်သွားတော့ မိန်းကလေးက လှည့်ကြည့်သည်။ အလင်းရောင် ဝိုးတဝါးသာ ရှိသော်လည်း သူမမျက်နှာကို သဲမ်းမြင်နေရလေရာ ကျော်ကြီးမှာ အံ့ဩသွားလေတော့သည်။

"ဟင်. . မင်း. . မင်း မနေ့ရမ္မာရွာက မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ဟို. . . ဦးသူတော်ရဲ့မြေးမလေး မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ဒါထက် မင်းနဲ့ ဟိုစာရေးဆရာဆိုတဲ့လူ ဒီအိမ်ကြီးကို အတူတူ လာကြတာ မဟုတ်ဘူးလား"

ခေါင်းညိတ်ပြသည်။

"အခု သူ ဘယ်မှာလဲ"

အောက်ဖက်သို့ လက်ညှိုးထိုးပြသည်။

"ဘယ်နေရာမှာလဲ. . . မင်း စကားမပြောတတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြသည်။

"မဖြစ်နိုင်ပါဘူး. . . မင်း စကားပြောတတ်တယ် မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ဒါဖြင့် ဘာကြောင့် မပြောတာလဲ"

ပြုံး၍ ကျော်ကြီးကို လက်ညှိုးထိုးပြသည်။

သူမ အမူအယာမှာ ကျော်ကြီးကို ကြောက်ရွံ့နေဟန် ရှိလေသည်။

ထိုအမူအယာကို ကြည့်ပြီး ကျော်ကြီး သဘောပေါက်သွားသောကြောင့်. . .

"ငါ့ကို မကြောက်ပါနဲ့ကွာ၊ ငါက မင်းကို ကိုက်မစားပါဘူး"

ဟု ပြောကာ ရှေ့သို့ တိုးသွားလေသည်။

သူ့ကို မြင်တော့ မိန်းကလေးက နောက်သို့ ဆုတ်သွားသည်။ သို့စေကာမူ နောက်၌ ဝရံတာလက်ရန်း ခံနေသောကြောင့် ဆက်မဆုတ်သာတော့။

"အနီးကပ် ကြည့်မှပဲ မင်းက အတော်ကလေး လှမှန်း သိရတော့တယ်၊ မင်း အခု ဒီမှာ တစ်ယောက်တည်း ဘာလာလုပ်နေတာလဲ"

"ကျွန်မတစ်ယောက်တည်း မဟုတ်ပါဘူး၊ ဟိုစာရေးဆရာနဲ့ အတူလာတာပါ၊ သူက မြေအောက်ခန်းထဲမှာ ထောင်ချောက်မိပြီး သေသွားပါပြီ"

ဟု ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . သူသေသွားပြီ ဟုတ်လား"

"ဟုတ်တယ်. . . ဥစ္စာပစ္စည်းတွေ ထားတဲ့အခန်းထဲ ဝင်မိလို့ ပြန်ထွက်လို့ မရတော့ဘဲ သေသွားတာပါ"

"ဥစ္စာပစ္စည်းတွေ. . . ဟုတ်လား၊ အဲဒါတွေ ထားတဲ့အခန်း နေရာကို မင်းသိတယ် မဟုတ်လား"

"သိပါတယ်"

"ဒီလိုဆိုရင် ငါ့ကို လိုက်ပြပါလား၊ ဥစ္စာပစ္စည်းတွေ ရရင် မင်းကိုလည်း ခွဲဝေပေးမှာပေါ့"

မိန်းကလေးက ဘာမှမပြောဘဲ ပြုံးနေလေသည်။

သို့ကြောင့် ကျော်ကြီးက ရှေ့သို့ ပိုမိုတိုးကပ်သွားရာ လက်တစ်ကမ်းအကွာသို့ ရောက်သွားတော့သည်။

ထိုအခါ မိန်းကလေးထံမှ သင်းပျံ့သောရနံ့များကိုပင် ရပြီး သူမ၏အလှများကိုလည်း ပိုမိုနီးကပ်စွာ မြင်ရလေသည်။

"ဘယ်လိုလဲ. . . လိုက်ပြပေးမှာလား"

မိန်းကလေးက ခေါင်းညိတ်ပြသည်။

ထိုအခါ ကျော်ကြီးမှာ ဝမ်းသာအားရ ဖြစ်သွားသည်က တစ်ကြောင်း၊ စိတ်ကို မထိန်းနိုင်တော့သည်က တစ်ကြောင်းကြောင့် လက်တစ်ကမ်းအကွာတွင် ရောက်နေသည့် မိန်းကလေးကို ပွေ့ဖက်လိုက်သည်။

ထိုအခါ လူကို မဖက်မိဘဲ လေကိုသာ ဖက်မိပြီး အရှိန်လွန်ကာ ဝရံတာမှ ကျော်ကာ အောက်သို့ ဇောက်ထိုးကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူပြုတ်ကျသွားသောနေရာမှာ ရှေးနှစ်ပေါင်းများစွာက ဦးကြီးတော် ဘိုးမိတ္တ ခုန်ချသွားခဲ့သည့်နေရာပင်ဖြစ်ပေသည်။

ကျော်ကြီး အောက်သို့ ပြုတ်ကျသွားပြီး အသက်ပျောက်သွားသည်အထိ ဝရံတာအပေါ်မှ မိန်းကလေးက ငုံ့ကြည့်နေပြီးမှ နေရာမှ ပြန်လှည့်ကာ အိမ်ကြီးအတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

ကျော်ကြီး သေဆုံးသွားပြီးနောက် အနောက်ဘက်အခန်းသို့ သွားသော ရှာသားအဖြစ်ကလည်း ဆိုးလှသည်။

လူတစ်ယောက် ဝင်သွားသည်ကို မြင်လိုက်ရသဖြင့် ထိုအခန်းထဲသို့ ဝင်သွားသောအခါ လူတစ်ယောက်မှ မတွေ့ရပေ။

တစ်နေရာမှာ ရှိနေမည်လားဟု ဟိုဟိုသည်သည်လျှောက်ကြည့်နေစဉ် သူဝင်လာသောတံခါးက တစ်စုံတစ်ယောက်က ဆောင့်ပိတ်လိုက်သလို 'ဝုန်းကနဲ' ပိတ်သွားသည်။

လှည့်ကြည့်လိုက်တော့ တံခါးဝမှာ အရုပ်ဆိုးဆိုးနှင့် လူတစ်ယောက် ရပ်နေသည်။

"မင်းဘယ်သူလဲ"

"ငါ့နာမည် ယက္ခလို့ ခေါ်တယ်၊ ဒီအိမ်ကြီးရဲ့အရှင်သခင်တွေရဲ့လက်ပါးစေပေါ့"

"လက်ပါးစေ . . ဒီအိမ်ကြီးမှာ လူမှ မနေတာ၊ ဘယ်သူ့လက်ပါးစေလဲ"

"ငါ့အရှင်သခင်တွေရဲ့ လက်ပါးစေပေါ့ကွ၊ ဘာဂဗလစံအိမ်ကြီး ဆောက်စဉ်က အလုပ်သမားတွေကို ကြီးကြပ်ပြီး ခိုင်းခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာလည်း ငါပဲ၊ စံအိမ်ကြီးရဲ့လျှို့ဝှက်ချက်တွေ ပေါက်ကြားမှာစိုးလို့ အလုပ်သမားတွေကို သတ်ပစ်ခဲ့ရတာလည်း ငါပဲ၊ ဒီအိမ်ကြီးကို ရောက်လာတဲ့သူ မှန်သမျှ အသက်ရှင်ရက်နဲ့ ပြန်မသွားစေဖို့ ငါ့တာဝန်ပဲ”

“ဒီလိုဆို မင်းက ဝိညာဉ်ပေါ့၊ ငါကလည်း တစ္ဆေသရဲ ဝိညာဉ်တွေကို ဘာမှ မကြောက်တတ်တဲ့လူပဲ. . . တွေ့ကြရောပေါ့ ကွာ”

ဟု ပြောကာ တံခါးပေါက်ဝ၌ ရပ်နေသော ယက္ခကြီးဆိုသူကို ဓားဖြင့် ပြေးခုတ်သည်။

သို့သော် ယက္ခကြီးက ဓားကို ဖမ်းယူပြီး ချိုးပစ်လိုက်သည်။ ထို့နောက် ရှေ့သို့ တိုးလာပြီး သန်မာသော လက်ကြီးနှစ်ဖက်ဖြင့် ထိုရွာသား၏လည်ပင်းကို ချုပ်ကိုင်ကာ လှန်ချိုးပစ်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁[illegible])

# ယန္တရားထောင်ချောက်

ဦးဒီပတို့အဖွဲ့မှာ စုစုပေါင်း လူငါးယောက်သာ ကျန်တော့သည်။

ဦးဒီပ၊ သူကြီးဦးဘမှင်၊ တပည့်နှစ်ယောက်နှင့် ရွာသားတစ်ယောက်တို့သာ ကျန်တော့သည်။

၎င်းတို့တတွေမှာ ဘောဂဗလစံအိမ်ကြီး၏မြေအောက်ခန်းထဲစ်နေရာ၌ ရောက်နေကြပြီး အပေါ်မှ အဖြစ်အပျက်များကိုတော့ သိကြပေ။

ဦးဒီပက မြေအောက်အခန်းကြီးထဲ၌ လုံးဖြူ ဆန်မန်း

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပေါက်များနှင့် စည်းချခြင်း၊

ကန်တော့ပွဲများ ပြင်ခြင်း၊

ပရိတ်ချည် ပရိတ်ကြိုးများ ထားခြင်း၊

ဖယောင်းတိုင်၊ အမွှေးနံ့သာတိုင်များ ထွန်းညှိခြင်း အစရှိသော သက်ဆိုင်ရာ အစီအရင်များ ပြုလုပ်ခြင်း၊

ဦးဒီပက ကန်တော့ပွဲအနီး၌ ရှိနေပြီး ကျန်လေးယောက်တ နောက်ဘက်တွင် အဆင်သင့် ရှိနေကြသည်။

အားလုံး အဆင်သင့် ဖြစ်သောအခါ ဦးဒီပက ဥစ္စာရှာဖွေရာတွင် အသုံးပြုသော ဂါထာမန္တန်များကို အသံကျယ်ကျယ်နှင့် ရွတ်ဖတ်လေတော့သည်။

ခဏကြာတော့ လေးဖက်လေးတန်၌ ထွန်းညှိထားသော ဖယောင်းတိုင်မီးများ လှုပ်ရှားလာသည်။

လေတိုးသံကဲ့သို့ အသံများသာ ကြားလာရသည်။

ဖယောင်းတိုင်မီးများမှာ အနီးမှ တစ်စုံတစ်ယောက်က ဖြတ်ပြေးသွားသဖြင့် လေဟပ်သွားသည့်ပုံစံမျိုးဖြင့် လှုပ်ခတ်သွားကြလေသည်။

ထိုအခြေအနေများကို နံဘေးမှ လူများကသာ မြင်နေရပြီး ဦးဒီပကတော့ မျက်လုံးမဖွင့်ဘဲ ဂါထာမန္တန်များကိုသာ ဆက်လက်ရွတ်ဖတ်နေသည်။

အတန်ကြာသောအခါ အခန်းထဲ၌ လှုပ်ရှားနေမှုများ ပြန်လည် ငြိမ်သက်သွားလေသည်။

လှုပ်ရှားနေသော ဖယောင်းတိုင် မီးညွန့်များမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



တာတိအတိုင်း ငြိမ်သက်သွားချေပြီ။

ထိုအခိုက်မှာပင် အနောက်ဘက်တွင် ရှိသော အခန်းပေါက်တံခါးချပ် ပွင့်သွားပြီး လူကြီးတစ်ဦး ထွက်လာသည်။

ထိုလူကြီးမှာ ရှေးခေတ်အဝတ်အစားများ ဝတ်ဆင်ထားပြီး မျက်နှာကိုတော့ ပုဝါတစ်ထည်နှင့် ဖုံးထားလေသည်။

ခေါင်းပေါ်မှာလည်း ပုဝါတစ်ထည်နှင့် ပေါင်းထားလေသည်။ သူက အခန်းထဲမှ ဣန္ဒြေရရ ထွက်လာပြီး ဦးဒီပ ချထားသည့် စည်းနားသို့ ရောက်တော့ ရပ်လိုက်သည်။

"ဘာကိစ္စရှိလို့ ကျုပ်ကို ခေါ်တာလဲ"

ထိုအသံကြားတော့ ဦးဒီပက မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ခင်ဗျားဘယ်သူလဲ"

"ဘောဂဗလ ဆိုတာ ကျုပ်ပဲ"

"ဟန်ကျတာပေါ့. . . ခင်ဗျားနဲ့ အခုလို တွေ့ရတာ ပိုကောင်းတာပေါ့"

"ဘာကိစ္စရှိသလဲ"

"ဒီကိုလာတဲ့ ရည်ရွယ်ချက်ကတော့ ရတနာပစ္စည်းတွေ လိုချင်လို့ လာခဲ့တာပဲ"

"ကျုပ်ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို ဘုရားကို လှူထားပြီးပြီ၊ ပေးသို့ မရတော့ဘူး"

"ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့ လိုချင်တဲ့ ရတနာတွေကိုတော့ ရအောင်ယူရမှာပဲ"

"ပြောမရတော့လည်း သဘောအတိုင်းပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဥစ္စာပစ္စည်းတွေ ဘယ်နေရာမှာ ရှိတယ်ဆိုတာ ခင်ဗျားကိုယ်တိုင် လိုက်ပြပေးပါ"

ထိုလူကြီးက အတန်ကြာအောင် စဉ်းစားနေပြီး. . .

"အင်းပေါ့လေ. . . ခင်ဗျားက နိုင်နေပြီဆိုတော့လည်း ဘယ်တတ်နိုင်ပါတော့မလဲ၊ လိုက်ပြဆိုတော့လည်း လိုက်ပြရတာပေါ့။ ကိုင်း. . . ကိုင်း၊ ကျုပ်နောက်ကသာ လိုက်ခဲ့ကြပေတော့"

ဟု ပြောကာ လာလမ်းအတိုင်း ပြန်လှည့်သွားလေသည်။ ထိုအခါ ဦးဒီပတို့တတွေလည်း နောက်မှ လိုက်သွားကြလေသည်။ သူတို့သည် စည်းဝိုင်း၊ ကြိုးဝိုင်းများ၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ ပြင်ဆင်ထားသော ကန်တော့ပွဲ စသည်တို့ကို အခန်းထဲမှာ ဒီအတိုင်း ထားခဲ့ကြလေသည်။

သူတို့ ထွက်သွားပြီးနောက် ခဏကြာသောအခါ ထိုအခန်းထဲသို့ လူနှစ်ယောက် ဝင်လာလေသည်။

စောထီးနှင့် ငမဲအောင်တို့ပင်ဖြစ်၏။

"ကဲ. . . သူတို့ မရှိတုန်း သူတို့အစီအရင်တွေကို ဖျက်ဆီးလိုက်ကြရအောင်ဟေ့"

ဟု ပြောကာ ကန်တော့ပွဲများကို တွန်းချခြင်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်များကို ငြိမ်းသတ်ခြင်း၊

စည်းတားထားသောအရာများကို ဖျက်ဆီးပစ်ခြင်းများ ပြုလုပ်ကြပြီးနောက် လာရာလမ်းအတိုင်း ပြန်ထွက်သွားကြလေသည်။

ဦးဒီပတို့ကို ရှေ့မှ ဦးဆောင်ခေါ်သွားသောလူကြီးက မြေအောက်၌ ရှိသော လှျို့ဝှက်အခန်းတစ်ခုအတွင်းသို့ ခေါ်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

အခန်းတံခါးက ပိတ်လျက်သား ရှိပြီး အခန်းပေါက်ဝမှာ ဘော့ မီးခိုးသဏ္ဍာန် လှုပ်ရှားနေသော ပုံရိပ်များကို လှမ်းမြင်ရ သည်။

အမှောင်ထဲမှာပင် ထိုသဏ္ဍာန်များ၏လှုပ်ရှားမှုကို မီးခိုးငွေ့ များသဏ္ဍာန် ခပ်ရေးရေး မြင်နေရသည်။

"အဲဒီအခန်းထဲမှာ ရတနာတွေ ရှိပါတယ်"

ဟု လူကြီးက လက်ညှိုးထိုးပြသည်။

"တံခါးပေါက်ဝမှာ ယန္တရားအတတ်ပညာနဲ့ စီရင်ထားတဲ့လူ ဘွေ မဟုတ်လား၊ ခင်ဗျားကိုယ်တိုင် ဖွင့်ပေးမှ ဖြစ်မှာပေါ့"

ဟု ဦးဒီပက ပြောလိုက်ရာ ထိုလူကြီးက ဘာမှမပြောဘဲ တံခါးပေါက်အနီးသို့ လျှောက်သွားပြီး ခလုတ်တစ်ခုကို နှိပ်လိုက်ရာ ပုံရိပ်ထင်နေသောအရိပ်များ ပျောက်ကွယ်သွားပြီး ပိတ်ထားသော တံခါးနှစ်ချပ်မှာလည်း တကျွိကျွိနှင့် ပွင့်သွားလေတော့သည်။

တံခါးပွင့်သွားသည်နှင့် အတွင်း၌ ကြီးမားသော သေတ္တာ ကြီးတစ်လုံး ချထားသည်ကို လှမ်းမြင်ရသည်။

ထို့ထက်. . .

လူကဲ့သို့ လှုပ်ရှားသွားလာနေသည့် ယန္တရားအရုပ်များကို လည်း တွေ့ကြရသည်။

"ဟိုမှာ မြင်နေရတာ ရတနာသေတ္တာပဲ"

"ကျုပ်တို့ ဖွင့်ရင် အန္တရာယ် တွေ့မှာပေါ့၊ ခင်ဗျားကိုယ်တိုင် ယန္တရားရုပ်တွေကို ရှင်းလင်းပြီး သေတ္တာကို ဖွင့်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြန်ရာ ထိုလူကြီးက အခန်းပေါက်ဝမှ လျှို့ဝှက်ခလုတ်တစ်ခုကို နှိပ်လိုက်ရာ လှုပ်ရှားနေသောပုံရိပ်များ ပျောက်သွားလေသည်။

ထိုအခါမှ အခန်းထဲသို့ ဝင်သွားကြလေတော့သည်။

သူတို့ အခန်းထဲ ရောက်သောအခါ တံခါးချပ်ကြီးများက တကျွီကျွီနှင့် ပြန်ပိတ်သွားကြလေသည်။

"ကိုင်း. . . သေတ္တာကို ဖွင့်ပေတော့"

ဟု ဦးဒီပက ပြောသဖြင့် သေတ္တာတံခါးခလုတ်ကို ဖွင့်လိုက်ရာ အဖုံးက 'ဝုန်း' ကနဲ ပွင့်ထွက်သွားပြီး အတွင်းမှ မည်းမည်းသဏ္ဍာန်တစ်ခု ခုန်ထွက်လာသည်။

သို့သော်လည်း အခန်းထဲမှ လူများကို အန္တရာယ်မပေးဘဲ အခန်းနံရံအနီးမှာ ရပ်နေလေသည်။

၎င်းလက်ထဲမှာလည်း အထုပ်တစ်ခုကို ပိုက်ထားသည်။ ထိုမည်းမည်းသဏ္ဍာန် ခုန်ထွက်သွားသောအခါ သေတ္တာကြီး အတွင်းမှ မြောက်မြားစွာသော ရတနာပစ္စည်းများကို တွေ့ကြရလေသည်။

"အကြံအောင်ပြီ. . . ငါတို့အကြံအောင်ပြီ"

"ချမ်းသာပြီဟေ့. . . ချမ်းသာပြီကွ"

ဟု ဝမ်းသာအားရဖြင့် ရတနာများကို ဝိုင်းဝန်းကြည့်နေကြစဉ် စောစောက အခန်းထဲအထိ လိုက်ပို့သောလူကြီးမှာ စောစောက သေတ္တာထဲမှ ခုန်ထွက်သွားသော မည်းမည်းသဏ္ဍာန် ရပ်နေသော နံရံအနီးသို့ သွားကာ နှစ်ယောက်စလုံး လျှို့ဝှက်အပေါက်မှ အပြင်သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားကြလေသည်။

ထိုသို့ ထွက်သွားသည်ကို လောဘဇောတက်နေသော ဦးဒီပတို့တတွေက သတိမမူမိလိုက်ကြပေ။

အပြင်သို့ ထွက်သွားသောနှစ်ယောက်မှာ အခြားမဟုတ်ပေ။ ဘောဂဗလ သူဌေးကြီး အယောင်ဆောင်ထားသူမှာ ဦးသူတော် ဖြစ်ပြီး အဝတ်နက်များ ဝတ်လျက် သေတ္တာကြီးအတွင်းမှ ခုန်ထွက်သွားသော မည်းမည်းသဏ္ဍာန်မှာ ဒေါက်တာမင်းထင်ကျော်ပင်ဖြစ်၏။

မြေအောက်ခန်းထဲ၌ ပိတ်မိနေသည့် ဒေါက်တာမင်းထင်ကျော်ကို အချိန်မီ ကယ်တင်နိုင်ကြပြီးနောက် အချင်းချင်း တိုင်ပင်ပြီး ရန်သူများကို သုတ်သင်နိုင်ခဲ့ကြခြင်းပင်ဖြစ်၏။

သူတို့နှစ်ယောက် ထွက်သွားပြီး မကြာမီ ရတနာများ ထည့်ထားသော သေတ္တာအဖုံးက 'ဝုန်း'ကနဲ ပြန်ပိတ်သွားပြီးနောက် စောစောက ပျောက်ကွယ်သွားကြသော ယန္တရားပုံရိပ်များက တစ်ဖန်ပြန်ပေါ်လာလေတော့သည်။

အခန်းတစ်ခန်းထဲ၌ ထွက်ပေါက်မရှိသော ဦးဒီပတို့တတွေမှာ ရှေးနှစ်ပေါင်းများစွာက ယန္တရားအတတ်ပညာဖြင့် စီရင်ထားခဲ့သော စက္ကောမအရုပ်များ၏အန္တရာယ်ကိုတော့ ဘယ်လိုနည်းနှင့်မှ မရှောင်သာတော့ပါပေ။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

# ဘောဂဗလသို့ နှုတ်ဆက်ခြင်း

ဘောဂဗလစံအိမ်ကြီး၏ခန်းမဆောင်အတွင်း၌ ဖြစ်သည်။ အခန်းအလယ်၌ စားပွဲတစ်လုံး ရှိပြီး ခေါင်းရင်းဘက်တွင် သူဌေးကြီး ဘောဂဗလ၊ ဦးကြီးတော် ဘိုးစိတ္တနှင့် မြနှင်းဖြူတို့ သုံးယောက်က ထိုင်နေကြပြီး. . .

ခြေရင်းဘက်မှာတော့ ဦးသူတော်၊ ဦးဗန်ကောင်း၊ ဒေါက်တာမင်းထင်ကျော်၊ မြသင်းကြူ၊ စောထီး၊ ငမဲအောင်တို့(၆)ယောက်က ထိုင်နေကြသည်။

စားပွဲအလယ်မှာ ဝါဆိုဖယောင်းတိုင် အကြီးတစ်တိုင် ထွန်း

www.burmeseclassic.com

www.burmeseclassic.com



ထားသောကြောင့် အခန်းတွင်း၌ အလင်းရောင်က အတန်အသင့် ရနေသည်။

စားပွဲပေါ်၌ ရွှေငွေရတနာများ ထည့်ထားသော အိတ်တစ်လုံးနှင့် ကြေးပြားများ ထုပ်ထားကြသော အထုပ်တစ်ထုပ်တို့ တင်ထားလေသည်။

"ကျုပ်တို့ကို ရန်သူများရဲ့ဘေးရန်က ကင်းဝေးအောင် ကူညီစောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျုပ်ပိုင်ဆိုင်တဲ့ ရတနာပစ္စည်းတွေက အရိမေတ္တေယျ မြတ်စွာဘုရား ပွင့်တော်မူတဲ့အခါ ဘုရားအတွက် ကျောင်းဆောက်တဲ့ သာသနာပြု အလုပ်တွေမှာ အသုံးပြုဖို့ လှူထားပြီးသားပါ၊ ဒီပစ္စည်းတွေကို မသမာသူတွေလက်ထဲကို မရောက်ရလေအောင် စောင့်ရှောက်ပေးကြတဲ့အတွက် မောင်တို့လည်း ကုသိုလ်ရကြပါတယ်"

"ဟုတ်ကဲ့"

"ဒါကြောင့် ကျုပ်ပိုင်တဲ့ရတနာပစ္စည်းအချို့ကို လိုရာသုံးဖို့ ပေးလိုက်ပါ့မယ်"

"ကျွန်တော်တို့ ဒီနေရာကို လာခဲ့တာက ရတနာပစ္စည်းတွေ လိုချင်လို့ လာကြတာ မဟုတ်တဲ့အတွက် မယူပါရစေနဲ့"

ဒေါက်တာမင်းထင်ကျော်စကားကို ကြားသောအခါ မြနှင်းဖြူက ဤသို့ ဝင်ပြောသည်။

"မောင်ကြီးတို့ရဲ့ဖြူစင်တဲ့စိတ်ကို ကျွန်မတို့ သိကြပါတယ်၊ ဒါကြောင့်လည်း မိတ်ဆွေတွေအဖြစ် လက်ခံခဲ့တာပါ၊ ဒီရတနာပစ္စည်းတွေကို တစ်ဝက်ကို မောင်ကြီးတို့ ယူပါ၊ တစ်ဝက်ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



မနော်ရမ္မာ ရွာထိပ်နားမှာ ဘုရားတစ်ဆူ တည်ပေးပါ၊ ဘွဲ့တော်ကို သည်း 'ရန်ပြေငြိမ်း' စေတီတော်လို့ ပေးပါ"

"ကောင်းပါပြီ. . . ဆောင်ရွက်ပေးပါ့မယ်"

"ယန္တရားမှတ်တမ်းတွေ ပါတဲ့ ကြေးပြားတွေကိုတော့ မောင်ကြီးအနေနဲ့ ကူးယူမှတ်သားပြီးတဲ့အခါ ဘုရားဌာပနာ ပိတ်တဲ့အခါ သည့်ပေးပါ"

"ကောင်းပါပြီ"

"ကိုင်း. . . မိုးမလင်းမီ ရွာကို ပြန်ကြပေဦးတော့၊ ကျုပ်တို့က သူတွေနဲ့ ဘဝခြားနေလေတော့ လူတွေနဲ့ အချိန်အကြာကြီး မတွေ့နိုင်သလို ခဏခဏလည်း မတွေ့နိုင်တဲ့အတွက် တစ်ခါတည်း နှုတ်ဆက်လိုက်ပါတယ်၊ ဘုရားတည်ပြီးရင်သာ ကျုပ်တို့အတွက် ရည်စူးဖို့ အမျှအတမ်း ဝေပေးပါလို့ မှာလိုက်ပါရစေ"

ထိုသို့ ပြောဆိုနှုတ်ဆက်သဖြင့် ဒေါက်တာမင်းထင်ကျော်တို့ကလည်း ဘဝကံ မကောင်းခဲ့ကြသော သူဌေးကြီးတို့ မိသားစုဘတွေကို နှုတ်ဆက်ပြီး ဘောဂဗလစံအိမ်ကြီးမှ ပြန်ထွက်ခဲ့ကြလေသည်။

ထိုအချိန်တွင် အရှေ့ဘက်၌ အာရုဏ်ဦး အလင်းရောင်များပင် သမ်းစပြုလာချေပြီ။

သူတို့ ထွက်လာတော့ ဘောဂဗလစံအိမ်ကြီး၏အပေါ်ထပ်ခန်းတာမှာ ရပ်နေသော လူသုံးယောက်တို့၏ပုံရိပ်ကို မြင်တွေ့ရပြီး အတော်ဝေးဝေး ရောက်မှ ပျောက်ကွယ်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့တတွေ မနော်ရမ္မာရွာသို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကြပြီး အင်းဝသို့ မပြန်နိုင်ကြသေးဘဲ ဘုရားတည်ရန် အတွက် လုပ်ကြရပြန်သည်။

ဘုရားတည်ခြင်းကိစ္စကို ဦးသူတော်နှင့် ဦးဗန်ကောင်းတို့က စီစဉ်ဆောင်ရွက်ကြရာ ဒေါက်တာမင်းထင်ကျော်ကတော့ ကြေး ပြားများပေါ်မှ မှတ်တမ်းများကို အပြီးတိုင်အောင် ကူးယူမှတ်သား နေလေသည်။

လူကြီးများက အချိန်ရှိသရွေ့ ဘုရားတည်သောနေရာတွင် ရောက်နေကြရာ အိမ်မှာ ဒေါက်တာမင်းထင်ကျော်နှင့် မြသင်းကြူ တို့နှစ်ယောက်သာ အနေများကြလေသည်။

"ဒါထက် အစ်ကို မြေအောက်အခန်းထဲမှာ ကျန်ခဲ့တော့ မြသင်းကြူ ဘယ်လိုဆက်လုပ်တာလဲဟင်"

"အစ်ကို မြေအောက်ခန်းထဲ ရောက်ရုံပဲ ရှိသေးတယ်၊ သူ တို့ ရောက်လာကြတယ်၊ ဒါကြောင့် တိတ်တိတ်ကလေး ရှာပြန် သွားပြီး အဘိုးတို့ကို သွားခေါ်ရတယ်၊ အဘိုးတို့က မြေအောက်က နေ လိုက်လာကြပြီးတော့ အစ်ကို့ကို ကယ်ကြတယ်"

"ပြီးတော့ အစ်ကိုတို့တတွေ အစီအစဉ်တွေ လုပ်ပြီး ဟို လောဘသားတွေကို ဆုံးမပေးလိုက်ကြရတယ် မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က စကားဖြတ်ပြောတော့ မြသင်း ကြူက ခေါင်းညိတ်ပြသည်။

"အခုဆိုရင် ကိုယ် လေ့လာချင်တာတွေကိုလည်း လေ့လာ ခွင့် ရပြီ၊ ဒါတင်မကသေးဘူး. . . ဘုရားပါ တည်ခွင့်ရသေးတယ်၊ ဒီကိုလာရတာ ကိုယ်တိုင်အတွက် အကျိုးရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မတော်တို့က အစ်ကိုတို့ကို ရတနာတွေလည်း ပေး ထိုက်သေးတယ် မဟုတ်လား"

"ဘုရားတည်ပြီးလို့ ပိုတဲ့ ရတနာတွေကို ကိုယ်တို့ချည်း ယူ သွားပါဘူး၊ သင့်သလောက်ပဲ ယူပြီး မြသင်းကြူတို့မြေးအဘိုးကို ခွဲပေးခဲ့ပါ့မယ်"

"ကျွန်မတို့အတွက်က ရတနာတွေက အရေးမကြီးပါဘူး အစ်တိုရယ်၊ အစ်ကိုတို့သာ အကုန်လုံး ယူသွားပါ"

"ဒီလို ဘယ်ဟုတ်ပါ့မလဲ၊ ကိုယ်တို့တွေနဲ့ မြသင်းကြူတို့ မြေးအဘိုးနဲ့က ကံတူအကျိုးပေးတွေဆိုတော့ ဆိုးအတူ ကောင်း အတူပေါ့"

"ဒါထက် အစ်ကိုတို့ ဘယ်တော့ ပြန်ကြမှာလဲဟင်"

"ဘုရားတည်ပြီးတဲ့ကိစ္စတွေ ပြီးရင် ပြန်မှာပါ၊ ဘာဖြစ်လို့လဲ ဟင်"

"ဘာမှ မဖြစ်ပါဘူး. . . အစ်ကိုတို့ ပြန်သွားရင် ကျွန်မတို့ မြေးအဘိုးတော့ စိတ်မကောင်းဖြစ်ကြရဦးမယ်"

"ဘာကြောင့် စိတ်မကောင်းဖြစ်ရမှာလဲဟင်"

"အခု အစ်ကိုတို့ ရောက်တာ ကြာပြီဆိုတော့ သံယောဇဉ် ဖြစ်နေကြပြီလေ၊ ရုတ်တရက်ကြီး ပြန်သွားကြတော့ ဘယ်စိတ် ကောင်းနိုင်ပါ့မလဲ"

ဟု ညှိုးငယ်သော မျက်နှာလေးဖြင့် ပြောနေရာ ဒေါက်တာ ခင်းထင်ကျော်မှာ စိတ်မကောင်းဖြစ်သွားလေသည်။

"ဖြစ်နိုင်ရင် အစ်ကိုတို့လည်း ဒီမှာ နေချင်ပါသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မြသင်းကြူတို့မြေးအဘိုးကို ကိုယ်တို့ကလည်း သံယောဇဉ်ဖြစ်ကြပါတယ်၊ အထူးသဖြင့် ကိုယ့်အနေနဲ့ မြသင်းကြူရဲ့အပေါ်မှာ ပိုပြီး သံယောဇဉ်ဖြစ်မိပါတယ်"

ဒေါက်တာမင်းထင်ကျော်ထံမှ မမျှော်လင့်သောစကားကို ကြားရသောအခါ မြသင်းကြူခမျာ အံ့ဩစိတ်၊ ဝမ်းသာစိတ်များ ရောထွေးနေသည့်မျက်နှာလေးဖြင့် မော့ကြည့်လေသည်။

"ကိုယ် တကယ်ပြောတာပါ၊ မြသင်းကြူကို ပြောချင်တဲ့ စကားတွေ အများကြီး ရှိပါသေးတယ်၊ ကိုယ် ဒီက ကိစ္စတွေ ပြီးလို့ ပြန်သွားရင်လည်း ဒီကို တစ်ခေါက်တော့ ရောက်အောင် ပြန်လာခဲ့ပါ့မယ်"

"ဟင်. . . တကယ်ပြောတာလား အစ်ကို"

"တကယ်ပြောတာပါ. . . အဲဒီတော့မှ ကိုယ်ပြောချင်တဲ့ စကားတွေ တဝကြီး ပြောတော့မယ်"

မြသင်းကြူ၏နုနယ်လှပသော မျက်နှာလေးပေါ်မှာ မျှော်လင့်မှုများမှတဆင့် ပေါ်ပေါက်လာသော အပြုံးရိပ်ကလေးများ တစွန်းတစ ပေါ်လာလေသည်။

ရက်အတန်ကြာသော် ဘုရားတည်ခြင်းကိစ္စများ ပြီးစီးသွားသောကြောင့် ရွှေငွေရတနာအချို့နှင့်အတူ ယန္တရားမှတ်တမ်းများ ရေးထိုးထားသည့် ကြေးပြားများကိုပါ ဌာပနာထည့်လိုက်လေတော့သည်။

ထီးတော်တင်ပြီးသောအခါ ဘွဲ့တော်ကို 'ရန်ငြိမ်း စေတီတော်' ဟု အမည်တပ်ပြီး အောက်တွင်. . .

www.burmeseclassic.com

www.burmeseclassic.com



'ဘောဂဗလ သူဌေးကြီးနှင့် ဆွေတော်မျိုးတော်များ၊
ဘဝဆက်ရှိသူများ ကောင်းမှု'

ဟူသော ကမ္ပည်းမှတ်တမ်းကိုပါ ရေးထိုးထားခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

# မေတ္တာဖြင့် လှပစေ

ဒေါက်တာမင်းထင်ကျော်တို့ မနော်ရမ္မာရွာမှ ပြန်ခဲ့ကြပြီး ဦးဗန်ကောင်း နေသော အင်းစိန် ဘလုံဘအရပ်တွင် ရက်အတန်ကြာအောင် နေကြရသေးသည်။

ဦးဗန်ကောင်းက တားထားသည်က တစ်ကြောင်း၊ ဒေါက်တာ မင်းထင်ကျော်ကလည်း မပြန်ချင်သေးသည်က တစ်ကြောင်းကြောင့် ဆက်နေခြင်းဖြစ်သည်။

ဘလုံဘသို့ ပြန်ရောက်သောအခါ ကိုထွန်းနှင့်ကျော်ကြီးတို့



www.burmeseclassic.com

www.burmeseclassic.com



နှင့် စတင်တွေ့ဆုံရပုံကို ပြန်သတိရပြီး ၎င်းတို့အတွက် စိတ်
ကောင်း ဖြစ်မိသေး၏။

ဘလဲ့ဘတွင် ရှိနေစဉ် ညအိပ်သောအခါ မြနှင်းဖြူလိုလို
မြသင်းကြူလိုလို မိန်းကလေးတစ်ယောက်ကို ညစဉ်လိုပင် အိပ်မက်
မြင်မက်လေသည်။

ထိုအကြောင်းကို ဦးဇန်ကောင်းအား ပြောပြသောအခါ ဦး
ဇန်ကောင်းက. . .

"မောင်ထင်ကျော်ရဲ့မသိစိတ်လို့ ခေါ်တဲ့ အတွင်းစိတ်က
သူတို့ကို စွဲလမ်းသတိရနေလို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် သူတို့က စွဲလမ်း
သတိရနေကြလို့ပဲဖြစ်ဖြစ် အခုလို နေ့စဉ်ရက်ဆက် အိပ်မက်တွေ
မက်တာ ဖြစ်မှာပေါ့၊ တကယ်တော့ အိပ်မက်ဆိုတာ ဝိညာဉ်ချင်း
ဆက်သွယ်မှုပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် အတွင်းစိတ်ချင်း ဆက်သွယ်မှု
ကြောင့် မက်လေ့ရှိတယ်"

ဟု ပြောလေသည်။

ထိုစကားကို ကြားသောအခါမှ မိမိအနေနှင့် မြသင်းကြူတို့
အချိန်နှင့်အမျှ သတိရနေသည်ကို သတိပြုမိလေသည်။

"ကျုပ် အကဲခတ်မိသလောက်တော့ ဦးသူတော်ရဲ့မြေး
လေးက မောင်ထင်ကျော်အပေါ် သံယောဇဉ်တွယ်နေပုံပဲ၊ မောင်
ရင်ကရော သူ့ကို သံယောဇဉ်ဖြစ်မနေမိဘူးလား"

ဟု မေးသည်။

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က အတန်
ကြာအောင် ငြိမ်ပြီးစဉ်းစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တခြားလူကို လိမ်လို့ညာလို့သာ ရချင်ရမယ်၊ ကိုယ့်ရဲ့ အသည်းနှလုံးကိုတော့ ဘယ်တော့မှ လိမ်ညာဖို့ မကြိုးစားနဲ့. . . ရဘူး၊ ကြာလာရင် ကိုယ့်ကိုယ်ကို ညဉ်းဆဲသလို ဖြစ်တတ်တယ်၊ အင်းဝကနေ မနော်ရမ္မာကို သွားရင် မခက်လှဘူး၊ ရန်ကုန်ရောက် ၌ တစ်ခေါက်ပြန်လာနေရရင် မလွယ်ဘူး"

ဟု ပြောကာ နေရာမှ ထသွားလေသည်။

တစ်သက်လုံး အပူမရှာဘဲ တစ်ယောက်တည်း နေလေ့ရှိ သော ဦးဗန်ကောင်း၏ဒဿနစကားများက တိုသော်လည်း လိုရင်း ရောက်အောင် ထိမိလှသည်။

သို့ကြောင့်. . .

ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချကာ နောက်တစ်နေ့ သနေပိုင်းအချိန်တွင် မြစ်ဆိပ်သို့ ဆင်းလာခဲ့သည်။

နေမဝင်သေးသော်လည်း ညနေခင်းအလင်းရောင်က ဖျော့ တော့သွားကာ မြစ်ရေပြင်ပေါ်သို့ ဆည်းဆာ၏ရွှေပြေးအရောင် များက ကျဆင်းစပြုနေသည်။

ကမ်းဆိပ်မှာတော့ အခြားငှက်သမ္ဗန်များကို မတွေ့ရတော့ ဘဲ ငှက်သမ္ဗန်တစ်စင်းသာ ဆိပ်ကမ်းမှာ ကျန်တော့သည်။

"ငှက်ခတ်သမား ရှိသလားဗျို့၊ ငှက်သမ္ဗန် ငှားချင်လို့ပါ"

ဆိပ်ကမ်းမှာ လူမတွေ့ရသောကြောင့် အသံကျယ်ကျယ် နှင့် အော်လိုက်သောအခါမှ မြစ်ကမ်းဘေး၌ ရှိသော လက်ပံပင်ကြီး နောက်မှ လူတစ်ယောက် ဆင်းလာသည်။

"ဘယ်သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနော်ရမ္မာရွာ"

"ခရီးက နည်းနည်းဝေးတယ်၊ ညနေကလည်း စောင်းနေပြီ ဆိုတော့ သမ္ဗန်ခတော့ ပိုပေးရမယ်"

"ပေးပါ့မယ်"

ဟု ပြောကာ သမ္ဗန်ပေါ် တက်သည်။

ထိုအခါ သမ္ဗန်သမားက ဆင်းလာသည်။

သမ္ဗန်ကြိုးကို ဖြေချလိုက်ပြီး သမ္ဗန်ကို ရေလယ်ဘက် တွန်းထုတ်လိုက်ပြီး လှေဝမ်းအလယ်သို့ လျှောက်လာသည်။

အနီးသို့ရောက်တော့ ဒေါက်တာမင်းထင်ကျော်က သမ္ဗန်သမား၏လက်ကို ဆွဲလိုက်ရာ ယိုင်ကျလာပြီး ရင်ခွင်ထဲ ရောက်လာတော့သည်။

"အို. . . အစ်ကို"

ဒေါက်တာမင်းထင်ကျော်က မြသင်းကြူကိုယ်လေးကိုထွေးဖက်ထားလိုက်ရာ လှေခတ်မည့်သူ မရှိသော သမ္ဗန်လေးက ရေစီးအတိုင်း တအိအိ မျောနေလေသည်။

"အစ်ကို ရန်ကုန်မပြန်သေးဘူးလားဟင်"

"ကိုယ် ရန်ကုန်ကို မပြန်နိုင်လို့ မနော်ရမ္မာရွာကို ပြန်လာတာပေါ့"

"ဘာကြောင့်လဲဟင်"

"မြလေးကို ပြောစရာတွေ ရှိသေးလို့ပေါ့၊ အဲဒီစကားတွေကတော့ မြလေးအပေါ်မှာ ဘယ်လောက်ချစ်နေမိတဲ့အကြောင်း မြတ်နိုးတွယ်တာနေရတဲ့ အကြောင်းတွေပေါ့၊ မြလေးသဘောက

www.burmeseclassic.com

www.burmeseclassic.com



ဆောဟင်"

"ကျွန်မ အစ်ကိုပြန်သွားပြီးကတည်းက နေ့တိုင်း ဦးကြီး သာလှဆီက သမ္မန်ငှားပြီးတော့ ဒီဆိပ်ကမ်းက လာစောင့်နေတာပါ"

"ဘယ်သူ့ကို စောင့်တာလဲဟင်"

"အစ်ကိုက ပြန်လာခဲ့မယ်လို့ ပြောသွားလို့ အစ်ကို့ကို လာ စောင့်နေတာပေါ့၊ ကဲ. . . ကျွန်မရင်ထဲက သဘောကိုရော အစ်ကို သိပြီလားဟင်"

"သိပါပြီကွယ်. . ဒီစကားကြားရတာ အစ်ကိုစိတ်မကောင်း ပါဘူး၊ အစကတည်းက ဒီလိုမှန်းသာ သိရင် မြလေးကို မထားခဲ့ပါ ဘူး လူကြီးတွေဆီမှာ ခွင့်တောင်းလက်ထပ်ပြီးတော့ တစ်ခါတည်း ခေါ်သွားပါတယ်"

"အခု အစ်ကို ကျွန်မဆီကို ပြန်လာတာလားဟင်"

"ဟုတ်တယ်. . . မြလေးကို လက်ထပ်ပြီး တစ်ခါတည်း ခေါ်သွားဖို့ ပြန်လာတာပါ"

"တကယ်ပြောတာလား အစ်ကို"

"တကယ်ပေါ့ကွယ်. . . ဒီစကားက ရင်ထဲက လာတဲ့ မှန် သောစကားပါ၊ မြလေးကို ကိုယ်တကယ်ချစ်ပါတယ်၊ တစ်သက်လုံး ကြင်နာမြတ်နိုးမှုနဲ့ လက်တွဲသွားပါမယ်လို့ ကတိပေးပါတယ်"

"ဝမ်းသာလိုက်တာ အစ်ကိုရယ်"

မြသင်းကြူက ဒေါက်တာမင်းထင်ကျော်ရင်ခွင်ထဲသို့ ပြေး ဝင်ရင်း သိုင်းဖက်ထားရာ ဒေါက်တာမင်းထင်ကျော်ကလည်း အ အားလုံးမှ တောင့်တနေသော ချစ်သူ့ကိုယ်ကလေးကို ထွေးပွေ့

www.burmeseclassic.com



ထားလိုက်သည်။

ညနေဆည်းဆာရောင်များ တောက်လျက်ရှိသော မြစ်ရေ
ပြင်ပေါ်မှာ လှော်ခတ်မည့်သူ မရှိသော ငှက်သမ္ဗန်တစ်စင်း ရေစီးရဲ့
သယ်ဆောင်ရာအတိုင်း မျောပါလျက်ရှိနေသည်။

ငှက်သမ္ဗန်ထဲမှာ ပါလာသော ချစ်သူနှစ်ဦးအတွက်ကတော့
အချစ်ထက် ဘယ်အရာမှ ပို၍အရေးကြီးတော့မည် မဟုတ်ပေ

ဤတွင် ကျွန်ုပ်ရေးသားသော (မရဏာဝက်ပါ)ဂမ္ဘီရဆန်း
ကြယ်ဝတ္ထုမှာလည်း ဤနေရာတွင် နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်
ပေတော့သတည်း။

အနီဃာ ဟောန္တု သုခီ အတ္တာနံ ပရိဟရန္တု။

www.burmeseclassic.com